
www.burmeseclassic.com



# ကုသိုလ်ဖြစ်အောင်တွေးမယ်

ရဝေနွယ်(အင်းမ)

www.burmeseclassic.com

www.burmeseclassic.com

# ကညိုလ်ဖြစ်အောင်
# တွေးမယ်

ရဝေနွယ်(အင်းမ)

www.yawainwe.net

ဖြန့်ချိရေး

**နေလစာပေ**

အမှတ်(၂၁၆)၊ ၃၁-လမ်း(ထက်)၊ ရန်ကုန်မြို့။

ဖုန်း - ၇၀၃၈၂၃

ပင်ရင်း

**New Day**

အမှတ်(၁၄၈)၊ လမ်း - ၅၀(ထက်)၊ ရန်ကုန်မြို့။

ဖုန်း - ၂၀၁၄၃၇၊ ၂၉၈၆၄၂

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက် | ၃၆/၂၀၀၃ (၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၄၀/၂၀၀၃ (၁) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၃ ခုနှစ်၊ မတ်လ |
| အုပ်ရေ | ၃၀၀၀ |
| မျက်နှာဖုံးနှင့်အတွင်းပန်းချီ | ဗဂျီလင်းဝဏ္ဏ |
| အတွင်းဖလင် | အေဇက် (ကိုသစ်) |
| ကာလာခွဲ | စတား |
| ကွန်ပျူတာအတွင်းအပြင်အဆင် | နေဇော် (Y.P.T) |
| | (ရွှေနှန်းမှုန်ကူစာပေ) |
| ထုတ်ဝေသူ | ဦးသန်းမြင့် – ၀၁၄၀ |
| | (လင်းလင်းစာပေ) |
| | အမှတ် (၄/၂၉)၊မြဝတီမင်းကြီးလမ်း၊ |
| | ၁၀–မိုင်၊ အင်းစိန်။ |
| | ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) |
| | ရာပြည့်အော့ဖ်ဆက် |
| | အမှတ်(၁၉၉)၊ လမ်း ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | ကိုမြင့် |
| တန်ဖိုး | ၅၀၀ ကျပ် |


နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဆရာမ မမိုးမြေရဲ့အမှာ | ၅ |
| | စာရေးသူရဲ့အမှာ | ၁၁ |
| ၁။ | ကုသိုလ်ဖြစ်အောင်တွေးမယ် | ၁၄ |
| ၂။ | သံသရာထဲက အလွမ်းတစ်ပွင့် | ၂၁ |
| ၃။ | ချစ်မိလေသောအခါ | ၃၁ |
| ၄။ | ကျမ်းတစ်စောင်ရေး၍ ဘုရင့်သမီးတော် ရရှိခြင်း | ၄၁ |
| ၅။ | အကုသိုလ်၊ သစ်ပင်နှင့်၊ ဝန်းကျင်ထိန်းသိမ်းမှု | ၄၉ |


www.burmeseclassic.com

www.burmeseclassic.com


၆။ ကော်ဖီချစ်သူ ၅၇

၇။ ဖန်တွတွ ၆၄

၈။ တစ်ခါတလေတော့လည်း ပတ်ဝန်းကျင်ကို လျစ်လျူရှုသင့်ရင် လျစ်လျူရှုရပါတယ် ၇၀

၉။ ရုပ်လှချင်ရင် ၇၆

၁၀။ သူငယ်ချင်းဆိုတာ ၈၃

၁၁။ လက်ငင်းအကျိုးပေးတဲ့ ဒါနစေတနာ ၈၉

၁၂။ စိတ်ညစ်ရင် အာရုံပြောင်းလိုက်ပါ ၉၇

၁၃။ အဖြေပေးစရာမလိုသောမေးခွန်း ၁၀၄

၁၄။ ကန်တော့ဆွမ်း ၁၁၂

၁၅။ ပလိဗောဓ(၁၀)ပါး ၁၂၅

စာအုပ်ဓမ္မဒါနအလှူရှင်များ ၁၃၂


## မမိုးမြေ့ရဲ့ အမှာ

ဦးဇင်းရဝေနွယ် (အင်းမ)ကို သိခဲ့တာကြာပါပြီ၊ ၁၉၉၂–ခု သစ္စာဘာသာရေးမဂ္ဂဇင်း ထုတ်ဝေစဉ်ကပင်ဖြစ်သည်။ ထိုစဉ်က ကျွန်မက အယ်ဒီတာ၊ အရှင်က စာမူရှင်၊ "ဘဝတိုင်းဆုံတွေ့ချင်ပါသလား"စာမူသည် အဦးဆုံးဖြစ်ပါလိမ့်မည်။ အရှင့်စာများကို စဖတ်ကတည်းက အခြားဘာသာရေး စာမူများနှင့်မတူ၊ တမူထူးခြားသည်ဟု ခံစားမိပါသည်။ ဘာသာရေးစာမူဆိုသော်လည်း ဘာသာရေးသက်သက်မဟုတ်၊ လောကီလူ့ဘုံ၏ အတွေ့အကြုံ အတွေးအမြင်တို့နှင့် ဆက်စပ်တင်ပြထား၍ ဖတ်ချင်စဖွယ်ဖြစ်သည်။ ဘာသာရေးအခြေခံ အနုအရင့်မရွေး ဖတ်ရှုနားလည်နိုင်ရန် ရည်ရွယ်ဟန်ရှိသည်။ ဘာသာရေးအသိ၊ တရားဓမ္မအသိဆိုသည့် ထက်မြက်သော ဆေးစွမ်းကောင်းကိုပေးရာ၌ အချိုရည်ဖုံး၍ စားချင်စဖွယ်ဖြစ်အောင် လောကီရေးနှင့်ဆက်နွယ်

www.burmeseclassic.com

www.burmeseclassic.com



သည့် စိတ်ကူးစိတ်သန်း အပြောက်အမွမ်းဖြင့် ခြယ်သရေးဖွဲ့ထားသည်။

တရားဓမ္မကို အာရုံစူးစိုက်သူတို့အနေနှင့် အလွယ်ပာကူ နားလည်နိုင်သကဲ့သို့၊ လောကီကိုတပ်မက်သောသူတို့အနေနှင့်လည်း မိမိတို့လောကီဝေလှကို ထိတွေ့ခံစားရာမှတစ်ဆင့် တရားအသိကိုရရှိစေနိုင်သည်။ စာပေသဘောနှင့်ပြောရလျှင်ရဝေနွယ်၏ဓမ္မစာပေများသည်တရားဓမ္မဆိုင်ရာဗဟုသုတသက်သက်ကိုပေးသော သုတစာပေသက်သက်မဟုတ်၊ သုတသဘောကို ရသနှော၍ရေးထားသည့် သုတရသစာပေများဟု ဆိုရပါမည်၊ ရသစာပေ၏သဘောသည် စာဖတ်သူအား လောကီရေးရာ အတွေ့အကြုံခံစားမှုများ၊ အချစ် အလွမ်း အဆွေး အသောများနှင့် ခံစားယစ်မူးစေပြီးမှ ရသဆိုသည့် နှစ်သက်ခြင်းခံစားမှုမှတစ်ဆင့်ဘဝအသိကိုပေးကာ ဘဝအမောကို ပြေစေသော စာမျိုးဖြစ်သည်။

ရဝေနွယ်(အင်းမ)၏ "ကုသိုလ်ဖြစ်အောင်တွေးမယ်" စာစုတွင် သုတရသသဘောသက်ဝင်သည့်စာများ ပါဝင်ပါသည်၊ ကုသိုလ်ဖြစ်အောင်တွေးမယ်ကို ဖတ်ရသောအခါ ဝတ္ထုတိုတစ်ပုစ်ပမာ တိဿအမတ်၏ ပရိဗိုဇ်ရဟန်းအပေါ် အဆုံးအဖြတ်အပေါ်သိလိုစိတ်ရှင်သန်လာရသည်၊ အဖြေကိုသိရသောအခါတွင် နှစ်သက် ကျေနပ်ခြင်းနှင့်အတူ ကုသိုလ်ဖြစ်အောင်တွေးသင့်သည်ဆိုသော အသိတရားကို ရရှိပါ



သည်။

"သံသရာထဲကအလွမ်းတစ်ပွင့်" နှင့် "ချစ်မိလေသောအခါ"မှာ တရားအသိမပေးမီ စာဖတ်သူအား လောကီ၏ရသနှင့်ယစ်မူးအောင် ဆွဲဆောင်နိုင်ခဲ့သည်။ ရသ၌ယစ်မူးပြီးမှ တန်ဖိုးရှိသော ဓမ္မအသိကို ရလိုက်ပါသည်။

"အကုသိုလ် သစ်ပင်နှင့် ဝန်းကျင်ထိန်းသိမ်းမှု" စာမှုမှာ စိတ်ကိုစင်ကြယ်အောင် သတိပဋ္ဌာန်ဝိပဿနာတရားရှုမှတ်သင့်ပုံကို အကုသိုလ်တစ်ခုခုကို တွေးမိ ပြောမိ လုပ်မိတိုင်း သစ်ပင်တစ်ပင်စိုက်သင့်ပုံမှစ၍ စည်းရုံးဆွဲဆောင်ရေးသားထားသည်။ ဥရုဝေလသဲတောင်ကြီး ဖြစ်လာပုံကိုတင်ပြခြင်းဖြင့် ဗဟုသုတနှင့်လည်း စာဖတ်သူ၏စိတ်အစဉ်ကို ဆွဲဆောင်ထားပါသည်။ ဓမ္မစာပေကိုပင် လူ့ဘောင်၌နေ့စဉ်ကြုံတွေ့နေရသော ဖြစ်ရပ်များနှင့်ဆက်စပ်၍ ခေတ်မီသော အတွေးစိတ်ကူးဖြင့် တင်ပြထားသည်။ "ကော်ဖီချစ်သူ" "ဖန်တွတွ"တို့သည်လည်း ထိုသဘောဆောင်သောစာများဖြစ်ပါသည်။

"တစ်ခါတလေတော့လည်း ပတ်ဝန်းကျင်ကို လျစ်လျူရှုသင့်ရင် လျစ်လျူရှုရပါတယ်"၊ "သူငယ်ချင်းဆိုတာ"၊ "စိတ်ညစ်ရင် အာရုံပြောင်းလိုက်ပါ"၊ "အဖြေပေးစရာ မလိုသောမေးခွန်း"တို့မှာ လူ့ဘောင်လောက၏ လူမှုရေး ဘဝနှင့်ထားရှိသင့်သော စိတ်ထားတို့ကို ကျမ်းဂန်ဗဟုသုတဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်မှီး၍ နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသည်။ ထိုစာများကိုဖတ်မိလျှင် မိမိကိုယ်ကိုပြန်မြင်ရသည်။ မိမိ ပတ်ဝန်းကျင်ကို ပြန်မြင်ရသည်။ စာရေးဆရာ လမ်းစချပေးသော အတွေးအပေါ် နက်နက်ရှိုင်းရှိုင်း ဆင်ခြင်မိလာသည်။ ထိုမှ တစ်ဆင့် မိမိကိုယ်ကို ဆင်ခြင်တတ်လာသည်ဟု ထင်ပါသည်။ ဝတ္ထုရေးသူသည် ဇာတ်သိမ်းပိုင်း၌ စာဖတ်သူ အား အတွေးစများ ချန်ထားခဲ့သလိုပင် ရဝေနွယ်၏ စာများက စာဖတ်သူတို့အား အတွေးစများကို ချန်ပေးထားပါသည်။ တွေးရခြင်းသည်ပင် အရသာတစ်ခုဖြစ်ပါသည်။ ထိုသို့ တွေးရင်းနှင့် ရင့်ကျက်လာခြင်းသည်ပင် စာ၏အာနိသင်ဖြစ်ပါလိမ့်မည်။ "လက်ငင်းအကျိုးပေးတဲ့ဒါနစေတနာ"၊ "ကန်တော့ဆွမ်း"၊ "ရုပ်လုချင်ရင်"၊ "ပလိဗောဓ(၁၀)ပါး"တို့မှာ ကျမ်းဂန်ဗဟုသုတဖြင့် ဆွဲဆောင်၍ စာဖတ်သူတို့ ကုသိုလ်ဖြစ်ထွန်းအောင် လမ်းညွှန်စည်းရုံးထားပါသည်။

ရဝေနွယ်၏စာများသည် ဓမ္မစာပေများဖြစ်သော်လည်း ရသပါအောင် ရေးနိုင်သည်။ ကျမ်းဂန်ဗဟုသုတကို အခြေခံ၍နေ့စဉ်ကြုံတွေ့ရသော လူမှုဘဝပတ်ဝန်းကျင်နှင့် ဆက်စပ်ကာ စာဖတ်သူတို့သိလွယ်မြင်လွယ်အောင် တင်ပြနိုင်သည်။ ဝတ္ထုဆောင်းပါးသဘော သက်ဝင်အောင်ရေးထား၍ ဖတ်ချင်စဖွယ်ဖြစ်သည်။ ရသမြောက်သော ဝတ္ထုတိုလေးများပမာ သိလိုဇောဖြစ်ပေါ်လျက် အဆုံး၌လည်း နှစ်သက်ခြင်းဖြစ်ရသည်။ အတင်အပြ အတွေးအခေါ် ခေတ်မီသည်။



အရေးအသား ကောင်းမွန်သည်။ အဆုံး၌ အတွေးစလေးများကို ချန်ထားခဲ့သေးသည်။ ဒဿနဆန်သော ဓမ္မရသစာပေများဟု ဆိုသင့်မည်ထင်ပါသည်။ စာဖတ်သူစိတ်ဝင်စားအောင် အဆင့်ဆင့် စည်းရုံးတင်ပြနိုင်ခြင်းသည် စာရေးသူ၏ ထူးခြားသောအတတ်ပညာဟု ဆိုချင်ပါသည်။

ရဝေနွယ်သည် ဓမ္မာစရိယ ရဟန်းပျိုလေးတစ်ပါးဖြစ်သည်။ ကျွန်မနှင့် သိကျွမ်းစက ဓမ္မာစရိယဘွဲ့မရသေးပါ။ စာမေးပွဲကျ၍ စိတ်ဓာတ်ကျနေဆဲပါ။ "ရှင်အာနန္ဒာတောင် ဗုဒ္ဓဘုရားရှင်နဲ့ တစ်သက်တာလုံးအတူ လုပ်ကျွေးပြုစုခဲ့သူဖြစ်ရက်နဲ့ ရဟန္တာဖြစ်တာ နောက်ကျခဲ့သေးတာပဲ၊ ရဟန္တာဖြစ်တာနောက်ကျပေမယ့် ဗုဒ္ဓဝင်ထဲမှာ ရှင်အာနန္ဒာရဲ့ အကြောင်းဟာ မပါရင်မဖြစ်သလောက် အရေးပါခဲ့သေးတာပဲ ဦးဇင်းလည်း ဓမ္မာစရိယကို နောက်ကျပြီးမှအောင်မှာဖြစ်ပေမယ့် သမိုင်းမှာတော့ ကျန်ခဲ့မှာပါ"ဟု ကျွန်မက မနှိုင်းကောင်းနှိုင်းကောင်း အားပေးခဲ့ဖူးပါသည်။ ယခုအချိန်မှာ ဓမ္မာစရိယစာမေးပွဲအောင်မြင်ပြီး အတိုင်းအတာတစ်ခုအထိ ပရိသတ်သိနေသော စာရေးဆရာဘဝကို ပိုင်ဆိုင်ခဲ့ပြီဖြစ်သော စာရေးသူက ကျွန်မ၏ စကားကိုအမှတ်ရကြောင်း မကြာခဏ ပြောတတ်ပါသည်။ ထို့အတွက် ကျွန်မကျေနပ်ရပါသည်။ နေ့စဉ်ပြောခဲ့သမျှ စကားကုဋေကုဋာသည် လေမှာမရေမရာ ပျောက်ကွယ်မြဲပါ။ မပျောက်ဘဲ ကျန်ခဲ့သည့်အတွက် မှတ်သားထားသူကို ကျေးဇူးတင်ရပါ၏။

www.burmeseclassic.com



ကျွန်မကိုအရှင်က သူတာဝန်ယူပေးရမည့်မဂ္ဂဇင်းတွင် စာရေးပါ၊ လစဉ်ထည့်ပေးပါမည်ဟုလည်း အားပေးလိုက်သေးသည်။ ကျွန်မကဦးသုခ၏စာအုပ်ထဲမှ အကြောင်းအရာတစ်ခုကို သတိရ၍ ပြုံးလိုက်မိပါသည်၊ "ရွှေမန်းတင်မောင်မင်းသားမဖြစ်ခင်က ဘုန်းကြီးထံမှာနေရတယ်၊ မင်းသားဖြစ်လာတော့ နာမည်မကြီးခင်မှာ လူတွေက ရွှေမန်းတင်မောင်ကို ရည်ညွှန်းချင်ရင် ဘုန်းကြီးရဲ့မင်းသားလို့ ပြောကြတယ်၊ ရွှေမန်းတင်မောင် နာမည်ကြီးလာတော့ ဆရာဘုန်းတော်ကြီးကို ရည်ညွှန်းချင်ရင် မင်းသားရဲ့ဘုန်းကြီးလို့ ပြောကြတာကို သတိရလို့ ပြုံးမိတာပါ"လို့ ရှင်းပြလိုက်ပါသည်။ ဦးဇင်းရဝေနွယ်ကတော့ အင်မတန် ကျေနပ်သွားပါသည်။ ကျေနပ်ပေမပေါ့ အခုဆိုရင် စာရေးဆရာ ဦးဇင်းရဝေနွယ်ရဲ့ ဒကာမကြီး စာရေးဆရာမ မမိုးမြေလို့ ပြောရတော့မယ်လေ။

ကျွန်မအနေနှင့် နှိုင်းယှဉ်ခြင်းမပြုဝံ့သော်လည်း ရဟန်းပျိုစာရေးဆရာ၏ စာများကိုဖတ်ရင်း တရားမမွှအတွေးအသိများကို ရေးဖွဲ့ရာ၌ လောကီရေးရာနှင့် ဆက်နွယ်၍ ရေးဖွဲ့ခဲ့သောစာဆို ရှင်မဟာရဋ္ဌသာရကို အမှတ်ရလိုက်ပါသည်။

**မမိုးမြေ**
***မြန်မာစာပါမောက္ခ***
***ပုသိမ်တက္ကသိုလ်။***

# စာရေးသူရဲ့ အမှာ

ဩော် . . . ဘာလိုလိုနဲ့ စာဖတ်သူတွေဆီကို စတုတ္ထမြောက် ဓမ္မလက်ဆောင်တစ်ခု ပို့လိုက်နိုင်ပြန်ပါပြီ။

ဒီဓမ္မစာစုလေးတွေဟာ အလင်းတန်းဂျာနယ်၊ အင်တာဗျူးဂျာနယ်၊ပေါ်ပြူလာဂျာနယ်၊ Fashion Image မဂ္ဂဇင်း၊ Faces (မုခ)မဂ္ဂဇင်းတို့မှာ ဖော်ပြပါရှိခဲ့တဲ့ ဓမ္မအတွေး ဆောင်းပါးလေးတွေပါ။

စာအုပ်နာမည်ကိုလည်း အလင်းတန်းဂျာနယ်မှာ ပါခဲ့တဲ့ဆောင်းပါးလေးရဲ့ အမည်ကိုပဲပေးထားပါတယ်။

အလင်းတန်းဂျာနယ် တာဝန်ခံအယ်ဒီတာကိုဦးဆွေကတော့ "အကုသိုလ်၊ သစ်ပင်နှင့်၊ ဝန်းကျင်ထိန်းသိမ်းမှု" ဆိုတဲ့ဆောင်းပါးလေးကို သူအလင်းတန်းလုပ်လာတဲ့ သက်တမ်းတစ်လျှောက်မှာ အကြိုက်ဆုံးဆောင်းပါးလေးပဲဆိုပြီး စာမူခကို ပုံမှန်ထက်နှစ်ဆကပ်လှူခဲ့ပါတယ်။ ရရှိတဲ့စာမူခဟာ မိမိအတွက်ဘာမှမပြောပလောက်ပေမယ့် ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖော်မပြနိုင်လောက်အောင် ရင်ခုန်ပီတိဖြစ်ခဲ့မိတာတော့ အမှန်ပါ။

စာဖတ်သူတွေကကော ဘယ်လိုခံစားမှုကို ရရှိလေမလဲ . . .?။ စာဖတ်သူတွေရဲ့ အဖြေစကားကို သိခွင့်သာရမယ်ဆိုရင် သိလိုက်ချင်ပါတယ်။

နောက်တစ်ခုက ဒီစာအုပ်ရဲ့နောက်ဆုံးမှာ မိမိဟောခဲ့တဲ့တရားတစ်ပုဒ်ဖြစ်တဲ့ ပလိဗောဓ(၁၀)ပါးဆိုတဲ့ ဟောတရား တစ်ပုဒ်ကိုလည်း ထည့်ပေးလိုက်ပါတယ်။ ပြောလိုတာကတော့ ဟောတရားဟာ ရေ့ခမ္မစာစုတွေနဲ့တော့ တူမှာမဟုတ်ပါဘူး။ ဒါကြောင့် ဟောစဉ်တရားတစ်ပုဒ်ကို ရှေ့မှာဖတ်ခဲ့တဲ့ စာတစ်ပုဒ်လိုမဖတ်ဘဲ ဟောစဉ်အတိုင်းပဲ ခံစားဖတ်ပေးဖို့ အထူးတောင်းပန်ထားပါရစေ။ ဒီဟောတရားကို ထည့်ပေးလိုက်ရတဲ့ ရည်ရွယ်ချက်ကတော့ တရားအားထုတ်နေကြတဲ့ ယောဂီတွေအတွက် တစ်စိတ်တစ်ဒေသအထောက်အကူဖြစ်အောင်ပါ။

တကယ်တော့ မိမိအနေနဲ့တရားကို လုံးဝမဟောတတ်တာပါ။ ဘဝရဲ့အကြောက်ဆုံး အရာတွေထဲမှာလည်း တရားဟောခြင်းဟာ တစ်ခုအပါအဝင်ပါ။ ရိပ်သာရောက်နေရတာဆိုတော့ မလွဲမရှောင်သာ ကြောက်ကြောက်လန့်လန့်နဲ့ ဟောခဲ့ရတာချည်းပါပဲ။

ဩော် . . . ကိုယ်က စာရေးဆရာပဲ ဖြစ်ချင်ခဲ့



တာကိုး။

ကဲ . . . ဒါတွေထားလိုက်ပါတော့။

မိမိရေးခဲ့တဲ့စာတွေကို လုံးချင်းစာအုပ်အဖြစ် ထုတ်နိုင်နေတာဟာအားလုံးအားလုံးရဲ့ကျေးဇူးတွေကြောင့်ပါ။

စာအုပ်နဝကမ္မဝတ္ထုငွေ မ,တည်ပေးတဲ့ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) အပါအဝင် စာအုပ်ဓမ္မဒါနအလှူရှင်များ၊ စာတွေရေးဖို့ တရားဟောဖို့ မသိတဲ့အကြောင်းအရာတွေကို အစဉ်သဖြင့် ပြောပြပေးနေတဲ့ ဆရာတော်ဦးတိလောကသာရ(ရဝေထွန်း)၊ ဘုန်းကြီး ဦးဝီရိယ(တောင်ဖွန်း)၊ စာရေးအသားနဲ့ပတ်သက်လို့ အစဉ်သဖြင့် ဝေဖန်အကြံကောင်းတွေပေးတဲ့ ဦးဇင်းကံထွန်းသစ်၊ အမှာစာရေးပေးတဲ့ ဆရာမမမိုးမြေ၊ ဒကာရင်းဆရာရင်းစိတ်နဲ့ စာအုပ်ကို ပြန့်ပြန့်နှံ့နှံ့ဖြန့်ချိပေးတဲ့ ဒေါက်တာရန်မျိုးသိန်း (ရွှေနှန်းမှန်ကူစာပေ)၊ စာမူတွေကိုဖော်ပြ ပေးခဲ့ကြတဲ့ မဂ္ဂဇင်းဂျာနယ်အယ်ဒီတာများ၊ အထူးသဖြင့် အလင်းတန်းဂျာနယ်က ဆရာဦးဝင်းငြိမ်းနဲ့ ကိုဦးဆွေ၊ စာအုပ်နဲ့နွယ်ရာ အားလုံးအားလုံးကို ကျေးဇူးတင်ပါတယ်။

ရဝေနွယ် (အင်းမ)

www.burmeseclassic.com

www.burmeseclassic.com




# ကသိုလ်ဖြစ်အောင် တွေးမယ်

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ မဟာဂါမလို့ အမည်ရတဲ့ ရွာကြီးတစ်ရွာကိုစားရတဲ့ တိဿအမတ်ဆိုတာ ရှိခဲ့ဖူးပါတယ်။ အဲဒီအမတ်ကို ဘုရင်ကိုယ်တိုင်ကလဲ ကြည်ညိုမြတ်နိုးတော်မူတယ်လို့ဆိုပါတယ်။

တစ်နေ့တော့ အဲဒီတိဿအမတ်ကို သူကိုးကွယ်ဆည်းကပ်နေကျ ဆရာဘုန်းကြီးက "ဒက္ခိဏာဝိဘင်္ဂသုတ်" ကို ဟောလိုက်ပါတယ်။ ဒက္ခိဏာဝိဘင်္ဂသုတ်ဆိုတာ အလှူခံ တစ်ကိုယ်လေးယောက်အကြောင်းကို အကျယ်ဝေဘန်ပြထားတဲ့သုတ်ပါ။ တိဿအမတ်ဟာ အဲဒီသုတ်ကိုနာကြားပြီးတဲ့နေ့ကစပြီး သူ့ရဲ့စားဦးကိုမလှူဘဲ ထမင်းမစားတော့ပါဘူး။ပြီးတော့စားဦးကိုလှူပြီးမှထမင်းစားမယ်ဆိုပြီးသန္နိဋ္ဌာန်ချခဲ့ပါတယ်။ ချခဲ့တဲ့အတိုင်းလဲ စားဦးကိုလှူပြီးမှ ထမင်းစားလေ့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့တစ်နေ့မှာ ဧနပုဒ်ကရောက်လာတဲ့ ဧည့်သည်တွေနဲ့ တိုင်းရေးပြည်ရေးကိစ္စတွေ တိုင်ပင်ဆွေးနွေးရင်း မွန်းတည့်လွန်မှ ထမင်းစားဖို့အခွင့်ရပါတယ်။ မွန်းတည့်လွန်သွားပြီဆိုတော့ စားဦးကို ရဟန်းသံဃာတွေ လှူဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဒီတော့ စားဦးကို ဘယ်သူ့များ လှူရမလဲလို့ စဉ်းစားပါတယ်။ အနားမှာရှိတဲ့ တပည့် တစ်ယောက်က သချိုင်းမှာနေတဲ့ ပရိဗိုဇ်ကိုလှူဖို့ အကြံပေးပါတယ်၊ တိဿအမတ်ကလဲ သဘောတူစွာနဲ့ပဲ သူ့ရဲ့တပည့်တွေကို သချိုင်းမှာနေတဲ့ပရိဗိုဇ်ဆီကို စားဦးကိုလှူဖို့ လွှတ်လိုက်ပါတယ်။

တကယ်တော့ ပရိဗိုဇ်ဟာ အဝတ်ဖြူဝတ်ထားပေမယ့် အကျင့်သီလလဲ ထူးထူးခြားခြားမရှိလှပါဘူး။ ထူးခြားတာဆိုလို့ အဝတ်ဖြူဝတ်ထားတာ တစ်ခုပဲရှိပါတယ်။

တိဿအမတ်ရဲ့တပည့်တွေ ပရိဗိုဇ်ဆီသွားတဲ့ အချိန်မှာပရိဗိုဇ်က ဘာလုပ်နေသလဲဆိုတော့ ရေကန်ဆောင်ပေါ်မှာငါးမျှားနေပါသတဲ့။ ပရိဗိုဇ်က ခပ်လှမ်းလှမ်းက လူတွေလာနေပြီဆိုတာ သိလိုက်တာနဲ့တစ်ပြိုင်နက် ငါးမျှားတံကို ရေထဲပစ်ချ၊ ခြေထောက်နဲ့အသာနင်းထားပြီး သူမဟုတ်သလိုလို တရားကျင့်နေသလိုလိုနဲ့ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်လေး နေနေလိုက်ပါတယ်။

ဒါပေမယ့် တိဿအမတ်ရဲ့တပည့်တွေက ပရိဗိုဇ်



ရဲ့ အပြုအမူကို မြင်ဖြစ်အောင်မြင်သွားပါတယ်။ ဒါကြောင့် ဒီလောက်ယုတ်မာတဲ့ပရိဗိုဇ် စားဦးနဲ့မတန်ဘူးဆိုပြီး တိဿအမတ်ဆီစားဦးကို ပြန်ယူခဲ့ကြပါတယ်။ တိဿအမတ်ဆီရောက်တော့ တပည့်တွေက တိဿအမတ်ကို အကြောင်းစုံပြောပြပါတယ်။ ဒီတော့တိဿအမတ်က ဘာပြန်ပြောသလဲဆိုတော့–

"အမောင်တို့၊ ပရိဗိုဇ်ဟာယုတ်မာတဲ့အကျင့်ရှိတယ်လို့ဆိုပေမယ့် သင်တို့ကိုမြင်တော့ မကောင်းမှုကို လူမြင်မှာရှက်တတ်တဲ့စိတ်ကလေးနဲ့ငါးမျှားတံကို ရေထဲမှာနှစ်ပြီးဖုက်ထားရှာတယ်၊ အဲဒီမကောင်းမှုကို လူမြင်မှာရှက်တတ်တဲ့ စိတ်ကလေးသည်ပင် ပရဗိုဇ်အတွက်စားဦးကို အလှူခံထိုက်ပါတယ်၊ ငါ့အနေနဲ့လည်း အဲဒီမကောင်းမှုကို လူမြင်မှာ ရှက်တတ်တဲ့စိတ်ကလေးကိုပဲ ကြည်ညိုလို့ရပါပြီ၊ ကဲ– ပြန်လှူလိုက်ကြပါ"လို့ပြောပြီး ပရိဗိုဇ်ကို ပြန်လှူခိုင်းလိုက်ပါတယ်၊ စာမှာတော့ ဒုတိယနေ့မှာလဲ ဆက်ပြီး လှူခိုင်းတယ်လို့ ဆိုပါတယ်။

ဒီဝတ္ထုလေးဖတ်ပြီးတော့ 'တိဿအမတ်နေရာမှာ ငါသာဆိုရင်' ဆိုတဲ့အတွေးက မသိမသာဝင်လာပါတယ်၊ 'အေးကွာ–မင်းတို့ပြောတာမှန်တယ်၊ဒီလောက်ယုတ်မာတဲ့ပရိဗိုဇ် စားဦးနဲ့မတန်ဘူး၊ အဆီပင်

www.burmeseclassic.com



ရေလောင်းတာနဲ့အတူတူပဲ၊ ငါတို့စားတာမှ ဗိုက်ဝဦးမယ်' အဲဒီလိုမျိုး ခပ်ညံ့ညံ့စိတ်ဓာတ်နဲ့ တွေးဖြစ်မလားမသိပါဘူး။

ဘာပဲပြောပြော တိဿအမတ်ကတော့ ဒါနကုသိုလ်ဖြစ်သွားတာပါပဲ၊ ဆရာကြီးဦးရွှေအောင်စကားနဲ့ပြောရရင် ဒါနကိုပါရမီမြောက်အောင် ပြုကျင့်လိုက်တာပါ။

အဋ္ဌသာလိနီအဋ္ဌကထာမှာ ကုသိုလ်ဖြစ်ရခြင်းနဲ့ အကုသိုလ်ဖြစ်ရခြင်းအကြောင်းတွေကို ဒီလိုပြထားပါတယ်။

ကုသလံ ယောနိသောမနသိကာရ ပဒဋ္ဌာနံ၊
အကုသလံ အယောနိသောမနသိကာရပဒဋ္ဌာနံ၊

အဓိပ္ပါယ်ကတော့—ကုသိုလ်ဖြစ်ရခြင်းရဲ့အကြောင်းက ယောနိသောမနသိကာရ ရှိလို့ပါတဲ့၊ အကုသိုလ် ဖြစ်ရခြင်းရဲ့အကြောင်းကတော့ အယောနိသောမနသိကာရ ရှိလို့ပါပဲတဲ့၊ ဆိုလိုချက်ကတော့ ယောနိသော မနသိကာရရှိရင် ကုသိုလ်ဖြစ်မယ်၊ အယောနိသောမနသိကာရရှိရင် အကုသိုလ်ဖြစ်မယ် ဒါပါပဲ။

ဒါကြောင့်မဟာစည်ဆရာတော်ဘုရားကြီးက ယောနိသောမနသိကာရကို ကုသိုလ်ဖြစ်အောင်တွေးခြင်းလို့ မြန်မာပြန်ဆိုပေးခဲ့ပါတယ်။ တစ်ခြားဆရာတော်ကြီးတစ်ပါးကတော့ ယောနိသောမနသိကာရကို အကောင်းမြင်ဝါဒ



ရှိခြင်းလို့ ပြန်ပေးပါတယ်၊ အများနားလည်နိုင်မယ့် စကားလုံးတွေနဲ့ ပြန်ပေးထားကြတာဆိုတော့ သက်ရောက်မှုအဓိပ္ပါယ်တွေကတော့ အတူတွေပါပဲ။

"မကောင်းမှုကိုလူမြင်မှာရှက်တတ်တဲ့ စိတ်ကလေးကိုပဲငါ့အနေနဲ့ကြည်ညိုလို့ရပါပြီ"လို့ တိဿအမတ် ပြောလိုက်တဲ့စကားရဲ့မြစ်ဖျားခံရာဟာ ယောနိသောမနသိကာရပါပဲ၊ ယောနိသောမနသိကာရရှိတော့ ကုသိုလ်ဖြစ်သွားတာအဘိဓမ္မာသဘောအရ သိပ်ပြီးဆန်းလှတယ်လို့တော့ မဆိုနိုင်ပါဘူး၊ ဆန်းတာက အားကျဖို့ကောင်းတာက တိဿအမတ်ရဲ့သန္တာန်မှာ ယောနိသောမနသိကာရ ရှိနေတာပါ၊တကယ်တော့"တိမ်တိုက်မည်းမှောင်မဲ၊ အဖြူရောင်ငွေအနားသတ်ကတော့ရှိစမြဲ" ဆိုတဲ့ နိုင်ငံခြားစကားပုံအတိုင်း ဘယ်လောက်ပင်ဆိုးနေတဲ့လူဖြစ်ပါစေ၊ ငွေရောင်အနားသတ်လို့ခေါ်ရမယ့် ကောင်းကွက်လေးတစ်ကွက်ကတော့ ရှိစမြဲပါ၊ ဒါကို ကိုယ်က ယောနိသောမနသိကာရအခြေခံပြီး မြင်တတ်ဖို့ပါ။

ဘာပဲပြောပြောဘဝဆိုတာရှိနေရင် သံသရာခရီးဆိုတာလဲ ရှိနေဦးမှာပါပဲ၊ အဲဒီသံသရာဆိုတဲ့ ခရီးတစ်ခုကိုလျှောက်နေရသရွေ့တော့ အာရုံမျိုးစုံတွေနဲ့ နေ့စဉ်တွေ့ရှေ့ကြရမှာပါ၊ ကိုယ်နှစ်သက်တဲ့အာရုံပဲတွေ့တွေ့၊ မနှစ်သက်တဲ့အာရုံပဲတွေ့တွေ့၊ တွေ့လာတဲ့အာရုံတွေအပေါ် ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ဖြစ်အောင် တွေးတတ်ဖို့ပါပဲ၊ တစ်နည်းအားဖြင့် ပြောရရင် တွေ့လာတဲ့အာရုံအပေါ် မိတ်ဖွဲ့တတ်ဖို့ပါ၊ မိတ်ဖွဲ့တတ်ဖို့ဆိုတာကလဲ သိပ်ပြီးခက်ခဲလှတယ်လို့တော့ မဆိုနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ "ယောနိသောမနသိကာရ" ရှိနေရင် တစ်လောကလုံးနဲ့ အလိုလိုမိတ်ဖွဲ့ပြီးသားဖြစ်နေမှာ ဖြစ်လို့ပါပဲလေ။

<u>ကျမ်းကိုး</u>

၁။ မစုရ, ရသဝါဟိနီကျမ်း (ပဏ္ဍာရဂ်ဝတ္ထု)

၂။ အဋ္ဌသာလိနီအဋ္ဌကထာ(ယောနိသောမနသိကာရအဖွင့်)

၃။ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (တည်တောဆရာတော်)

အလင်းတန်းဂျာနယ်၊

၂၄-၆-၂၀၀၂




www.burmeseclassic.com

www.burmeseclassic.com

# သံသရာထဲကအလွမ်း တစ်ပွင့်

သီဟိုဠ်သာသနာဝင်ကို ကြည့်လိုက်ရင် အားကျစရာ၊ ကြည်ညိုစရာ၊ သံဝေဂရစရာ၊ လွမ်းစရာတွေနဲ့ ရသစုံဝတ္ထုတစ်အုပ်ကို ဖတ်နေရတဲ့အတိုင်းပါပဲ။ သီဟိုဠ်သာသနာတစ်ခေတ်ကို အသေးစိတ်မှတ်တမ်းတင်နိုင်ခဲ့ကြတဲ့ စာဆိုဆရာတော်တွေရဲ့ ကျေးဇူးလဲပါပါတယ်။ ဒါဟာ နိုင်ငံအတွက်ဖော်မပြနိုင်တဲ့ သမိုင်းတန်ဖိုးတွေပါ။

အဲဒီရသစုံလင်လှတဲ့ သီဟိုဠ်သာသနာဝင်ထဲက လွမ်းစရာဝတ္ထုတစ်ပုဒ်ကို ပြောပြချင်ပါတယ် . . .။

တစ်ခါတုန်းက ရဟန်းငယ်လေးတစ်ပါးဟာ ကာလဒီဃဝါပိဒ္ဓါရလို့ အမည်ရတဲ့ကျောင်းကို စာသင်ဖို့သွားပါတယ်။ ဒါပေမယ့် စာချမထေရ်က စာသင်ခွင့်မပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရဟန်းငယ်ရဲ့ အနာဂတ်ကို အဘိညာဉ်နဲ့ကြည့်လိုက်တော့ ဒကာမအန္တရာယ်ကို ကြိုမြင်



နေလို့ပါ။ ဒါပေမယ့် ရဟန်းငယ်က နောက်ကနေ တစ်ကောက်ကောက်လိုက်ပြီး စာသင်ပေးဖို့ပဲ ပူဆာနေတာနဲ့ စာချမထေရ်က–

“ဒါဖြင့်ရင်လဲ ကောင်းပြီ၊ သင်ဒီရွာထဲကို မသွားပါဘူးလို့ ဂတိပေးနိုင်ရင် သင်ပေးမယ်”လို့ဆိုတော့ ရဟန်းငယ်ကလဲ ချက်ချင်းကတိပေးလိုက်ပါတယ်။

ဒီလိုနဲ့ စာတွေသင်ဖြစ်ရင်း စာတတ်သွားတယ်ပဲဆိုပါတော့။ စာတတ်ပြီ စာသင်မှုပြီးဆုံးပြီဆိုတော့ မိမိရဲ့ မူလဇာတိကို ပြန်ရတော့မှာပါ၊ မပြန်ခင် ရဟန်းငယ်က ဘယ်လိုစဉ်းစားသလဲဆိုတော့–

“ငါ့ရဲ့ဆရာက ရွာထဲမသွားရဘူးလို့ ကတိတောင်းထားတယ်၊ မသွားပါနဲ့ပြောထားကာမှ စိတ်ထဲက ပိုသွားချင်နေတယ်၊ ဒါပေမယ့် ငါဟာစာသင်မှု ပြီးဆုံးသွားပြီဆိုတော့ ကတိဖျက်မယ်ဆို ဖျက်လို့ရပြီ၊ ဘာပဲဖြစ်ဖြစ် အကြောင်း သိရအောင် ရွာထဲဝင်ကြည့်ဦးမှ”လို့ စဉ်းစားပါသတဲ့၊ ဆွမ်းခံချိန်ရောက်တော့ သင်္ကန်းရုံ သပိတ်လွယ်ပြီး ရွာထဲဆွမ်းခံကြွပါတယ်။

ဒီလိုနဲ့ ဆွမ်းခံရင်း ရွာလယ်လောက်ရောက်တော့ ရဟန်းငယ်နဲ့သက်တူရွယ်တူအမျိုးသမီးငယ်လေးတစ်ယောက် ဝါရွှေရောင် အဝတ်ကလေးဝတ်ပြီး ဆွမ်းလောင်းပါတယ်။ ဆွမ်းလောင်းနေရင်း အမှတ်တမဲ့ ရဟန်းငယ်နဲ့ အမျိုးသမီးငယ်လေးမျက်လုံးချင်းဆုံသွားပါတယ်။ မျက်လုံးချင်းဆုံခိုက်

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ သူတို့နှစ်ဦး ဘာဖြစ်သွားကြတယ်ဆိုတာ တစ်ဦးကို တစ်ဦး မပြောဘဲနဲ့ သိလိုက်ကြပါတယ်။

ဒါပေမယ့် ရဟာန်းငယ်လေးကတော့ "ရဟာန်းဆိုတဲ့ သတိ"လေး ပြန်ဝင်လာပြီး အမျိုးသမီးငယ်လေးဆီ ရောက်နေတဲ့အကြည့်ကို ပြန်ရုပ်သိမ်းပြီး မျက်လွှာလေးချ၊ ကြွေ့ပြန်ထိန်းပြီး ရှေ့ဆက်ကြွသွားပါတယ်။

ကြွေ့မထိန်းနိုင်သူကတော့ အမျိုးသမီးငယ်လေးပါပဲ၊ ရဟာန်းငယ်လေး ရှေ့ဆက်ကြွသွားပေမယ့် အမျိုးသမီးငယ်လေးရဲ့ မျက်လုံးထဲမှာတော့ ရဟာန်းငယ်လေးရဲ့ပုံရိပ်က လုံးဝမထွက်တော့ပါဘူး၊ ဒါကြောင့် ဆွမ်းလောင်းတဲ့ ခွက်နဲ့ ဇွန်းကိုသိမ်းပြီး ခုတင်ပေါ်မှာ ခွေခွေလေး သွားအိပ်နေပါတော့တယ်၊ လူက ခုတင်ပေါ်မှာ ဆိုပေမယ့် စိတ်ကတော့ ရွာထိပ်ရောက်လောက်ပြီဖြစ်တဲ့ ရဟာန်းငယ်လေးဆီမှာပါပဲ၊ သမီးရဲ့ဖြစ်စဉ်ကို ခပ်လှမ်းလှမ်းမှာ အလုပ်လုပ်နေတဲ့ မိခင်က ကောင်းကောင်းရိပ်မိပါတယ်၊ ဒါကြောင့် သမီးဆီသွားပြီး "သမီးရယ် ဘာဖြစ်တာလဲ"ပေါ့၊ မိန်းမချင်းဖြစ်လို့လား မသိပါဘူး၊ သမီးကလဲ "အမေရယ်၊ သမီး အဲဒီရဟာန်းငယ်လေးကိုမှ မရရင် သေရပါလိမ့်မယ်" လို့ ပြောပါသတဲ့။

ဒီတော့မိခင်ဖြစ်သူလဲ သမီးရဲ့အသက်တော့ မသေစေရဘူးဆိုပြီး ရွာထိပ်ရောက်လောက်ပြီဖြစ်တဲ့ ရဟာန်းငယ်လေးဆီကို အပြေးလိုက်သွားပါတယ်၊ ရွာထိပ်တံခါးဝမှာပဲ ရဟာန်းငယ်လေးကိုမီပါတယ်၊ ရဟာန်းငယ်လေးကို တွေ့တာ



နဲ့ "အရှင်ဘုရား၊ အိမ်ပြန်ကြွပြီး ဆွမ်းခံကြွပါဦးဘုရား"လို့ လျှောက်ပါတယ်၊ ရဟာန်းငယ်လေးကလည်း "ဆွမ်းပြည့်စုံပါပြီ"လို့ ပြန်ပြောတယ်၊ အဲဒီအခါကျတော့ မိခင်ဖြစ်သူက–

"အရှင်ဘုရားရယ်၊ တပည့်တော် အမှန်အတိုင်းပဲ လျှောက်ပါရစေတော့ဘုရား၊ အရှင်ဘုရားကို တပည့်တော်မသမီးက မြင်မြင်ချင်း သံယောဇဉ်ဖြစ်ပြီး အိပ်ရာထဲမှာလဲပြီး ကျန်ခဲ့ပါတယ်ဘုရား၊ ပြီးတော့တပည့်တော်တို့မှာသားသမီးဆိုလို့ ဒီသမီးလေးတစ်ယောက်ပဲရှိပါတယ်၊ အရှင်ဘုရားကိုလဲ တပည့်တော်တို့က သားကြီးအရာထားပါ့မယ်ဘုရား၊ အရှင်ဘုရား လူထွက်ခဲ့ရင် လူ့ဘဝမှာ ချမ်းချမ်းသာသာနဲ့ အသက်မွေးနိုင်ဖို့ ထိုက်သင့်တဲ့ ငွေကြေးလဲ ရှိပါတယ်ဘုရား"လို့ လျှောက်ပါတယ်။ ရဟာန်းငယ်ကလဲ စိတ်မကောင်းတဲ့ဟန်နဲ့ပဲ ပြန်ပြောပါတယ်။

"ဒကာမကြီးရယ်၊ ဦးဇင်းလဲ အမှန်အတိုင်းပြောရရင် ဒကာမကြီးသမီးကို မြင်မြင်ချင်း သံယောဇဉ်ဖြစ်မိပါတယ်၊ ဒါပေမယ့် ဦးဇင်းက လူ့ဘဝနဲ့ပတ်သက်တဲ့ ပလိဗောအားလုံးကို ဖြတ်ခဲ့ပါပြီ၊ ဒါကြောင့် တစ်ခြားသင့်တော်ရာ အမျိုးသားတစ်ယောက်ကိုသာ စဉ်းစားပါတော့"

ရဟာန်းငယ်လေးလဲ အဲဒီလိုပြောပြီး ရှေ့ဆက်ကြွသွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူလဲ အိမ်ပြန်လာခဲ့ပြီး သမီးဖြစ်သူကို ရဟန်းငယ်ပြောခဲ့တဲ့အတိုင်း ပြန်ပြောပြပြီး "သမီးရယ်၊ ထပါဦး၊ စားစရာသောက်စရာတွေလဲ စားပါဦး၊ သမီး နှစ်သက်ရာ တစ်ခြားယောကျ်ားတစ်ယောက်ကိုပြောပါ၊ အဲဒီယောကျ်ားကို အမေတို့တောင်းပေးပါ့မယ်"လို့ ဖျော့ဖျော့ ပြောဆိုပါတယ်၊ မိခင်ရဲ့စကားသံကြားရတော့ သမီးဖြစ်သူ က "အမေရယ်၊ သမီးမျက်လုံးထဲမှာ ကိုယ်တော်လေးပဲ မြင်နေပါတယ်"လို့ ပြန်ပြောပါတယ်။

ဒီလိုနဲ့ အမျိုးသမီးငယ်လေးဟာ ရဟန်းငယ်လေး ကို စွဲလမ်းပြီး မစားနိုင်မသောက်နိုင်နဲ့ (၇)ရက်မြောက် တဲ့နေ့မှာပဲ အသည်းကွဲပြီး သေဆုံးသွားပါတော့တယ်၊ ဒီတော့ သူတို့ သီဟိုဠ်ခေတ်ရဲ့ ထုံးစံအတိုင်း သဂြိုဟ်မှုကိစ္စ ပြီးတော့ အမျိုးသမီးငယ်လေးရဲ့ အဝတ်တွေကို ကြွလာတဲ့ သံဃာတွေကို ခွဲဝေလှူလိုက်ပါတယ်၊ အဲဒီအသုဘမှာ မထေရ်ကြီးတစ်ပါးလဲပါတာဆိုတော့ သူလဲ အမျိုးသမီးငယ် လေးရဲ့ ဝါရွှေရောင်အဝတ်ပိုင်းလေးကို ဝေစုအဖြစ် ရခဲ့ပါ တယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ မထေရ်ကြီး ကျောင်းပြန် ရောက်တဲ့အချိန် ရဟန်းငယ်လေးကလဲ အဲဒီအနားမှာရှိတဲ့ စေတီကိုဝင်ဖူးပြီး မထေရ်ကြီးကျောင်းမှာ ခေတ္တခဏ ဝင်ရောက်တည်းခိုနေချိန်ပါ၊ မထေရ်ကြီးက ကျောင်းပြန် ရောက်တော့ ရဟန်းငယ်လေးကို "ဦးဇင်းလေးရယ်၊ တပည့်



တော်ကို ဒီအဝတ်ကလေးနဲ့ ရေစစ်လုပ်ပေးပါ'လို့ မိန့်ပါ တယ်။

ရဟန်းငယ်လေးဟာ ဝါရွှေရောင်အဝတ်ပိုင်းလေး ကို မြင်လိုက်တယ်ဆိုရင်ပဲ အဲဒီအရောင်လေးက အခုအချိန် အထိ မျက်လုံးထဲက မထွက်သေးတာဆိုတော့ တုန်တုန် ယင်ယင်နဲ့ပဲ "ဆရာတော်ဘုရား...ဒီအဝတ်စကလေး ဘယ် ကရလာတာလဲဘုရား"လို့ လျှောက်ကြည့်မိပါတယ်၊ ဒီတော့ မထေရ်ကြီးက–

"ဒီအဝတ်စကလေးအကြောင်းတော့ ပြောကိုမပြော ချင်ပါဘူးကွယ်၊ ဒကာမလေးတစ်ယောက်က ကိုယ်တော် လေးတစ်ပါးကို ဆွမ်းလောင်းရင်း သံယောဇဉ် ဖြစ်မိပါသ တဲ့၊ အဲဒါ အဲဒီကိုယ်တော်လေးကို မရလို့ အသည်းကွဲပြီး သေသွားပါသတဲ့ကွယ်၊ဒီအဝတ်စကလေးက သူ့ရဲ့အဝတ်စ ကလေးပါပဲ"လို့ ပြောပြလိုက်ပါတယ်။

မထေရ်ကြီးရဲ့ စကားကြားလိုက်ရတော့ ရဟန်း ငယ်လေးက "ဒီလောက်လှတဲ့ ဒကာမလေး၊ ဒီလောက် ငါ့အပေါ် သံယောဇဉ်ကြီးလှတဲ့ ဒကာမလေးနဲ့ မပေါင်းဖက် လိုက်ရလေခြင်း"လို့တွေးပြီး အဝတ်စကလေးကို ကိုင်ရင်း နေရာမှာတင် အသည်းကွဲ ပျံလွန်တော်မူသွားပါသတဲ့။

စာမှာတော့ရာဂဆိုတဲ့မီးလောင်ပြီး ပျံလွန်တော် မူသွားတယ်လို့ ဆိုပါတယ်၊ ဝတ္ထုလေးကတော့ ဒီမျှပါပဲ။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ဒီဝတ္ထုလေးရေးပြီးစမှာပဲ စာသင်တိုက်တစ်ခုက သူငယ်ချင်းဦးဇင်းသုံးပါး ကြွလာပါတယ်၊ သုံးဆယ်စွန်းစ စာချဘုန်းကြီးလေးတွေပါပဲ၊ တကယ်တော့ ဒီဝတ္ထုလေးကို သူတို့သုံးပါးလုံး ကြားဖူးပြီးသားပါ၊ ဒါကြောင့် ရဟန်းငယ်လေး ပျံလွန်တော်မူသွားတာနဲ့ပတ်သက်ပြီး "ဘယ်လိုသဘောရသလဲ"လို့ မှတ်ချက်တောင်းကြည့်မိတော့ ဦးဇင်းသုံးပါးက အောက်ပါအတိုင်း အသီးသီး မှတ်ချက်ပေးကြပါတယ်။

ပထမဦးဇင်း ။ ။"ရွာထဲမသွားပါနဲ့လို့ ပြောထားတဲ့ ဆရာ့စကားကို နားမထောင်လို့"

ဒုတိယဦးဇင်း ။ "သိက္ခာပုဒ်ရှိတယ်လေ၊ ဩက္ခိတ္တစက္ခုလေးတောင်ပဲကြည့်ပြီး ရွာထဲသွားရမယ်ဆိုတာလေ၊ သူက သိက္ခာပုဒ်ကို ဖျက်ပြီး လေးတောင်ထက်ကျော်ကြည့်တာကိုး"

တတိယဦးဇင်း။ ။"ရဟန်းဆိုတာ ဝိပဿနာသတိလေးနဲ့ သွားမှပေါ့၊သတိလွတ်ပြီးကြည့်မိလို့ မြင်ခဲ့ရင်လဲ "မြင်တယ် မြင်တယ်" လို့ အဆင်း, ဒါမှမဟုတ် မြင်တတ်တဲ့ စက္ခုပသာဒအကြည်ဓာတ်ကလေး, ဒါမှမဟုတ် မြင်တာကိုသိနေတဲ့ မြင်သိစိတ် စက္ခုဝိညာဏ်, အဲဒီသုံးခုထဲက တစ်ခုခု



ကို သတိကပ်ပြီးစိတ်စိုက်ပြီး ရှုမှတ်မှပေါ့၊ အဲဒီအချိန်ရာဂဖြစ်လာရင်လည်း "ရာဂဖြစ်တယ်၊ ရာဂဖြစ်တယ်"မှတ်၊ တဏှာဖြစ်လာရင်လည်း"တဏှာဖြစ်တယ်၊ တဏှာဖြစ်တယ်"လို့ မှတ်ပေါ့၊ အခုက ကတော့ မြင်နေတာကို မြင်ကာမတ္တထားပြီးဝိပဿနာမရှုမှတ်လို့ဘဲ၊ စာရေးဆရာက ကိုယ်တို့အမြင်သာမေးနေတာ၊ စာရေးဆရာရဲ့အမြင်ကိုလဲပြောဦးမှပေါ့"

မြားကစာရေးသူဘက် ပြန်လှည့်လာပါတယ်၊ ဒါကြောင့် ဘောပင်ကိုင်သလို စာအုပ်ကိုင်သလိုလိုနဲ့ ရှုးချင်ယောင်ဆောင်နေတယ်လို့ ပြောရမလားမသိပါဘူး၊ ဓာလည်လည်လုပ်နေတုန်း ဆောက်လက်စ ကျောင်းဆောင်ဆီက အလုပ်သမားလေးတစ်ယောက်ရဲ့ သီချင်းသံက လွင့်လာပါတယ်။

**"အစကမတွေ့ကြရင်ကောင်းသားပေါ့ထင် . . ."**

သီချင်းသံကို လေးပါးလုံး ကြားလိုက်ပါတယ်၊ ဒါကြောင့် စာရေးသူလဲ ကောက်ခါငင်ခါနဲ့ "တပည့်တော်အဖြေကတော့ အဲဒါပါပဲဘုရား"လို့ အမြန်ပြောလိုက်ရပါတယ်၊ ဒီတော့ သူငယ်ချင်းဦးဇင်းတွေက "စာရေးဆရာရယ်လို့ မပြောရဘူး"တဲ့။

အတွေးထဲမှာ သီဟိုဠ်ခေတ် ဓာတ်ဆောင်နတ်ဦးရဲ့

www.burmeseclassic.com

www.burmeseclassic.com




ကံသုံးပါး အမှုအရာတွေက အလွမ်းပုံရိပ်တစ်ခုအဖြစ်ပဲ ထင်ဟပ်လာလို့လား၊ ဒါမှမဟုတ် ဘဝတွေကို အကြိမ်ကြိမ် မွေးဖွားစေတတ်တဲ့ "စွဲလမ်းမှုသံယောဇဉ်"ရဲ့ အကျိုးဆက်ကိုပဲ မချင့်မရဲတွေးမိလို့လား မပြောတတ်ပါဘူး၊ ကိုယ့်ပင့်သက်ကိုယ် မသိမသာ ပြန်မျိုချလိုက်ရပါတယ်၊ အဲဒီပင့်သက်ထဲမှာ ဒဏ္ဍာရီမဟုတ်တဲ့ သီဟိုဠ်ခေတ်ရဟန်းငယ်လေးရဲ့ အလွမ်းဓာတ်ငွေ့လေးပါသွားတယ်ဆိုတာ တစ်ပါးသူတွေမသိလိုက်ပေမယ့် ဘာသာသိလိုက်တာတော့ အသေအချာပါ၊ ပြီးတော့ အဲဒီပင့်သက်နဲ့အတူ မွေးဖွားလာတဲ့၊ ရင်ထဲမှာတိုးတိတ်စွာမြည်နေတဲ့၊ သူတို့ကို (ပြောမပြလိုက်ပေမယ့်) အမှန်တကယ်ပြောပြချင်တဲ့ စကားတစ်ခွန်းကတော့ 'သံသရာစက်'ဆိုတဲ့ ဓမ္မစကားအရ၊ အဲဒီ သီဟိုဠ်ရဟန်းငယ်လေးဟာ . . . . များ . . . . ။

<u>*ကျမ်းကိုး*</u>

၁။ မူလပဏ္ဏာသအဋ္ဌကထာ
(ရထဝိနီတသုတ်၊ နှာ ၅၀–၅၁)
၂။ ထွက်မြောက်ခြင်းဟူသည် (တည်တောဆရာတော်)

*အင်တာဗျူးဂျာနယ်၊*
*၇–၈–၂၀၀၂*




www.burmeseclassic.com

www.burmeseclassic.com

# ချစ်မိ လေသောအခါ

သီဟိုဠ်ကျွန်းမှာ ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ ငရုပ်သီးတစ်တောင့်ကျောင်း ရေစက်ချပွဲဟာ သမိုင်းတွင် ရစ်အောင်စည်ကားခဲ့တယ်လို့ဆိုပါတယ်။ အဲဒီငရုပ်သီးတစ်တောင့်ကျောင်းရေစက်ချပွဲမှာ ရဟန်းတော် တစ်သိန်း၊ ဘိက္ခုနီမကိုးသောင်းပင့်ပြီး လှူဘွယ်ဝတ္ထုများစွာနဲ့ အကြီးအကျယ်ပေးလှူခဲ့ပါတယ်။ အဲဒီအလှူမှာပဲ ရေစက်ဆုံခဲ့ကြသူနှစ်ဦးရဲ့ဇာတ်လမ်းကလည်း စိတ်ဝင်စားစရာတစ်ခုအဖြစ် ပူးတွဲသမိုင်းတွင် ကျန်ရစ်ခဲ့ပါတယ်။

ဒုဋ္ဌဂါမဏိမင်းကြီးဟာ သိတတ်တဲ့အရွယ်ကစပြီး စားဦးကိုမလှူဘဲ ထမင်းစားလေ့မရှိပါဘူး၊ ဒီလိုနဲ့ တစ်နေ့တောထဲမှာ စစ်တိုက်ရင်း ပွဲတော်တည်တဲ့အခါ စားဦးကိုမလှူရသေးဘဲ ငရုပ်သီးတစ်တောင့်ကို အမှတ်တမဲ့ စားလိုက်မိပါသတဲ့၊ ဒုဋ္ဌဂါမဏိမင်းကြီးက ဒီအမှတ်တမဲ့ စား



လိုက်မိတာလေးကိုပဲ သတိတရ ရှိနေခဲ့ပါတယ်၊ စစ်ကြီးပြီးဆုံးလို့ တိုင်းပြည်အေးချမ်းတဲ့အခါ ငရုပ်သီးတစ်တောင့်စားလိုက်မိတာလေးကို ကိုယ့်ကိုယ်ကို ဒဏ်ခတ်တဲ့အနေနဲ့ကျောင်းတိုက်ကြီးတစ်တိုက် ဆောက်လုပ်လှူဒါန်းပါတယ်၊ ကျောင်းတိုက်အမည်ကိုလဲ ငရုပ်သီးတစ်တောင့်ကျောင်းလို့ အမည်ပေးပါတယ်။

အဲဒီ ငရုပ်သီးတစ်တောင့်ကျောင်းတိုက် ရေစက်ချပွဲမှာ ခုနစ်နှစ်အရွယ် ကိုရင်လေးတစ်ပါးဟာ ယာဂုပူပူတွေကို သပိတ်နဲ့အပြည့် ခံယူလာပါတယ်၊ ယာဂုကပူတော့ သပိတ်ကိုသင်္ကန်းစွန်းလေးနဲ့ ခုကိုင်လိုက်၊ မကိုင်နိုင်လောက်အောင် ပူလာတဲ့အခါကျတော့ မြေကြီးပေါ်ချထားလိုက်၊ တစ်ခါ သင်္ကန်းစွန်းလေးနဲ့ကိုင်ပြီး ရှေ့ဆက်ကြွလိုက်၊ ပူလာတဲ့အခါကျတော့ မြေကြီးပေါ်ခဏချထားလိုက်နဲ့ ဖြစ်နေပါတယ်။

ကိုရင်လေးဖြစ်နေပုံကို ခပ်လှမ်းလှမ်းက ကိုရင်လေးနဲ့ သက်တူရွယ်တူ ခုနစ်နှစ်အရွယ် သာမဏေမလေးက မြင်သွားပါတယ်၊ ဒါကြောင့် ကိုရင်လေးဆီသွားပြီး–

"ကိုရင် . . . ပူနေရင် တပည့်တော်ရဲ့ ဒီခံခွက်ကလေးနဲ့ သပိတ်အောက်က ခံကိုင်သွားပါဘုရား၊ ပြီးတော့ ဒီခံခွက်ကလေးကို ကိုရင့်ကို အပြီးလှူလိုက်ပါတယ်ဘုရား"

လို့ပြောပြီး ကိုရင်လေးရဲ့ အခက်အခဲကို ဖြေရှင်းပေးလိုက်ပါ

www.burmeseclassic.com



တယ်၊ ကိုရင်ကလေးကလဲ ကျေးဇူးတင်ပါတယ်ဆိုတဲ့ အကြည့်နဲ့ ပြန်ကြည့်လိုက်ပါသတဲ့။

ဒီလိုနဲ့ နှစ်ကာလတွေ ကြာသွားရောပဲဆိုပါတော့၊ အဲဒီကြားကာလမှာ ဗြဟ္မဏတိဿသူပုန်ကြီးက (၁၂)နှစ်တိုင်တိုင် ထအုပ်ချုပ်လိုက်ပါတယ်၊ ဒီတော့ ပြည်သူတွေ ငတ်မွတ်ဆင်းရဲ၊ ရဟန်းသံဃာတွေလဲ အတိဒုက္ခရောက်၊ တချို့ကျတော့ အိန္ဒိယဘက် ထွက်ပြေးကြပါတယ်၊ တချို့ရဟန်းတော်တွေကျတော့ တောထဲပုန်းရှောင်ပြီး ပိဋကသုံးပုံကို ခက်ခက်ခဲခဲဆောင်ယူခဲ့ကြရပါတယ်၊ တချို့ရဟန်းတော်တွေကျတော့အသတ်ခံလိုက်ကြရတယ်လို့ဆိုပါတယ်။

အဲဒီအချိန်မှာ တစ်ခါက ယာဂုပူပူကို သပိတ်နဲ့ခံယူခဲ့တဲ့ ကိုရင်လေးဟာ သက်တော်(၈၀) ဝါတော်(၆၀)ရ ဆရာတော်ကြီးဖြစ်နေသလို ခံခွက်ကလေးလှူခဲ့တဲ့သာမဏေမလေးဟာလဲ သက်တော်(၈၀)ရ ဘိက္ခုနီမကြီး ဖြစ်နေပါပြီ။

အိန္ဒိယကို အစောဆုံး စစ်တိမ်းရှောင်သူတွေထဲမှာ စောစောက ဘိက္ခုနီမကြီးလဲ ပါပါတယ်၊ သူတို့ဟာ အိန္ဒိယရောက်နေပေမယ့် သူတို့ရဲ့ဇာတိ သီဟိုဠ်စစ်သတင်းကို အမြဲနားစွင့်နေကြပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ သီဟိုဠ်က ဆရာတော်ကြီးတစ်ပါး အိန္ဒိယကို စစ်တိမ်းရှောင်လာတယ်ဆိုတဲ့ သတင်းကြားလိုက်ကြပါတယ်၊ ဒီတော့ ဆရာတော်ကြီးဆီကို ဇာတိစစ်သတင်း သွားမေးကြပါတယ်၊ သတင်းမေးသူတွေထဲမှာ ဘိက္ခုနီမကြီးလဲပါပါတယ်။



လူတွေရှင်းသွားတော့ဘိက္ခုနီမကြီးက ဆရာတော်ကြီးကို မေးခွန်းတစ်ခုမေးပါတယ်။

“ဆရာတော်ဘုရား၊ ငရုပ်သီးတစ်တောင့်ကျောင်းရေစက်ချပွဲတုန်းက ဆရာတော်ဘုရား သက်တော် ဘယ်လောက်ရှိပါပြီလဲဘုရား”

“အဲဒီတုန်းက ငါ့အသက်က ခုနစ်နှစ်အရွယ်ကိုရင်လေးပေါ့”

“အဲဒီကျောင်းရေစက်ချပွဲတုန်းက တပည့်တော်လဲ ခုနစ်နှစ်အရွယ် သာမဏေမလေးပါပဲဘုရား၊ အဲဒီကျောင်းရေစက်ချပွဲတုန်းက တပည့်တော် ကြုံခဲ့တာလေးကို ဆရာတော့်ကို လျှောက်ပြရဦးမယ်ဘုရား၊ ကိုရင်လေး တစ်ပါးပေါ့၊ ယာဂုပူပူကို အလှူခံလာပြီး သပိတ်ကို သင်္ကန်းစွန်းနဲ့ကိုင်လိုက်၊ မြေပေါ်ပြန်ချထားလိုက်နဲ့ ဖြစ်နေပါတယ်ဘုရား၊ ဒါနဲ့ တပည့်တော်လဲ သူ့ဆီသွားပြီး တပည့်တော်ရဲ့ခံခွက်ကလေးကို သပိတ်အောက်က ခံဖို့ဆိုပြီး လှူလိုက်တယ်ဘုရား၊ ဒီအကြောင်းအရာလေးကိုတော့ ဒီနေ့အထိမေ့လို့ကို မရပါဘူးဘုရား”

ဘိက္ခုနီမကြီးဆီက စကားကြားလိုက်ရတော့

www.burmeseclassic.com



ဆရာတော်ကြီးက 'အော်'ဆိုပြီး အာမေဋိတ်အသံနဲ့အတူ သက်ပြင်းကို မသိမသာချလိုက်ပါတယ်၊ ပြီးတော့–

"အဲဒီကိုရင်လေးဟာ တစ်ခြားသူမဟုတ်ပါဘူး၊ ငါပါပဲ" လို့ပြောပြီး အနှစ်နှစ်အလလက ကိုယ်နဲ့မခွဲမခွာ အမှတ်တရအဖြစ် သိမ်းဆည်းလာခဲ့တဲ့ ခံခွက်ကလေးကို အိတ်ထဲက ထုတ်ပြလိုက်ပါသတဲ့။

သက်တော်(၈၀)အရွယ် ဆရာတော်ကြီးနဲ့ ဘိက္ခုနီမကြီးတို့ဟာ နှစ်ပေါင်းခုနှစ်ဆယ်ကျော် သက်တမ်း ရှိနေပြီဖြစ်တဲ့ ခံခွက်ကလေးကို နှစ်ဦးသား မှင်တက်မိစွာ စိုက်ကြည့်နေကြပါတယ်။

ပြီးတော့ နှစ်ပေါင်းများစွာ ဝတ်ခဲ့တဲ့အဝတ်တွေကို တစ်ခြားအဝတ်တစ်ခုနဲ့လဲပြီး နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြပါသတဲ့။

* * * * *

တကယ်တော့ စာရေးဆရာတစ်ယောက်အနေနဲ့ ဒီစာစုလေးကို ဒီမှာတင် အဆုံးသတ်လိုက်ချင်ပါတယ်၊ အဋ္ဌကထာမှာလဲ ဆရာတော်ကြီးနဲ့ ဘိက္ခုနီမကြီးတို့ ရှေ့ဆက် ဘာဖြစ်သွားကြတယ်၊ လူ့ဘဝမှာ ဘယ်လိုလုပ်ကိုင်စားသောက်နေကြတယ်ဆိုတာ ဆက်ပြမထားပါဘူး၊ လူထွက်သွားကြတယ်ဆိုတာနဲ့ပဲ အဆုံးသတ်ထားပါတယ်၊ ဒါပေမယ့် ကိုယ်က ဝိပဿနာနယ်နိမိတ်အတွင်းမှာ ရောက်



နေရတာဖြစ်လေတော့ ဝိပဿနာနှယ်တဲ့ အဘိဓမ္မာ သဘောလေးတစ်ခုကို သုံးသပ်ပြဖို့ တာဝန်က ရှိနေပြန်ပါတယ်၊ ဒါကြောင့် ဝိပဿနာနှယ်တဲ့ အဘိဓမ္မာသဘောလေးတစ်ခုကို ခပ်ကျဉ်းကျဉ်း သုံးသပ်ပြပါရစေဦး။

ပုထုဇဉ်တိုင်းမှာ ကိလေသာတွေရှိနေတယ်ဆိုတာ အထူးပြောစရာ မလိုပါဘူး။

ကိလေသာက သုံးပါးရှိပါတယ်။

၁။ အနုသယကိလေသာ၊

၂။ ပရိယုဋ္ဌာနကိလေသာ၊

၃။ ဝီတိက္ကမကိလေသာ၊ တဲ့

အနုသယကိလေသာဆိုတာ– ပဋိသန္ဓေတည်ကတည်းကပါလာတဲ့ ကိလေသာပါ၊ သတ္တဝါတွေရဲ့ သန္တာန်မှာ အစဉ်သဖြင့် ကိန်းနေတဲ့ကိလေသာပါ။

ပရိယုဋ္ဌာနကိလေသာဆိုတာက–အာရုံတစ်ခုကို တွေ့ပြီး ထကြွသောင်းကျန်းလာတဲ့ ကိလေသာပါ။

ဝီတိက္ကမကိလေသာဆိုတာကတော့ အာရုံတစ်ခုကို တွေ့ပြီး ထကြွသောင်းကျန်းရုံတင်မကတော့ဘဲ လွန်ကျူးမှုအဆင့်အထိရောက်သွားတဲ့ ကိလေသာပါ။

ဒီကိလေသာသုံးပါးရဲ့ သရုပ်ကိုပေါ်လွင်သွားအောင် အထက်ကရေးပြခဲ့တဲ့ ဝတ္ထုလေးကိုပဲ ပြန်အာရုံပြုကြည့်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးနဲ့ ဘိက္ခုနီမကြီးတို့ဟာ ပဋိသန္ဓေ တည်ကတည်းက အနုသယကိလေသာတွေက ပါလာပြီး သားပါ၊ သူတို့နှစ်ဦးရဲ့သန္တာန်မှာ အနုသယကိလေသာတွေ က အစဉ်သဖြင့် ကိန်းနေခဲ့ပါတယ်။

ဆရာတော်ကြီးက ဘိက္ခုနီမကြီးဆိုတဲ့ ဝိသဘာဂ အာရုံကို တွေ့လိုက်တဲ့အချိန်၊ ဘိက္ခုနီမကြီးက ဆရာတော် ကြီးဆိုတဲ့ ဝိသဘာဂအာရုံကို တွေ့လိုက်တဲ့အချိန်၊ အဲဒီအချိန် မှာ အစဉ်သဖြင့် ကိန်းနေခဲ့တဲ့ ကိလေသာတွေက ထကြွ သောင်းကျန်းလာပါတော့တယ် (လွန်ကျူးမှုအဆင့်အထိ တော့ မရောက်သေးပါဘူး)၊ အဲဒီ ထကြွသောင်းကျန်းလာတဲ့ ကိလေသာကို ပရိယုဋ္ဌာနကိလေသာလို့ ခေါ်ပါတယ်။

နောက်ဆုံး ဆရာတော်ကြီးနဲ့ ဘိက္ခုနီမကြီးတို့ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြတာကတော့–လွန်ကျူး ခြင်းဆိုတဲ့ ဝီတိက္ကမကိလေသာဖြစ်သွားတော့တာပါပဲ။

ဒီတော့ ဒီကိလေသာသုံးပါးကို ဘာနဲ့တားမလဲ? (ဒီနေရာမှာ ဘာနဲ့ပယ်မလဲလို့ မသုံးလိုပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကိလေသာတွေကို ရဟန္တာဖြစ်မှသာ အကြွင်းမဲ့ ပယ်သတ်လို့ရပါတယ်၊ အခုပြောနေတာက ပုထုဇဉ် သက် သက်မျှအသွင်နဲ့ ပြောနေတာမို့ပါ)

စာဖတ်သူများ သိထားပြီးသားဖြစ်တဲ့ သိက္ခာ သုံးပါးနဲ့ တားရပါတယ်။



၁။ ဝီတိက္ကမကိလေသာကို သီလသိက္ခာနဲ့ တားရပါတယ်၊ ကိုယ်အခွင့်သင့်ရာ သီလတစ်ခုခုကို ဆောက်တည် ထားရင် လွန်ကျူးစရာ အာရုံတစ်ခုကို တွေ့ပေမယ့် သီလ ဆောက်တည်ထားတဲ့အတွက် မလွန်ကျူးဖြစ်တော့ပါဘူး။

၂။ ပရိယုဋ္ဌာနကိလေသာကို သမာဓိသိက္ခာနဲ့ တားရပါတယ်၊ သမာဓိဖြစ်စေတဲ့ ကမ္မဋ္ဌာန်းလေးဆယ်ထဲက ကိုယ်နှစ်သက် ရာကမ္မဋ္ဌာန်းတစ်ခုခုနဲ့ တားလို့ရပါတယ်၊ ဥပမာ–ဗုဒ္ဓါ နုဿတိ ပွားများနေမယ်ဆိုရင် စိတ်က ဘုရားဂုဏ်တော် ဆီမှာပဲ ရောက်နေတဲ့အတွက် ထကြွသောင်းကျန်းစရာအာရုံ မတွေ့ရတော့ပါဘူး၊ ဒီတော့ ပရိယုဋ္ဌာနကိလေသာကို တား ပြီးသား ဖြစ်နေပါတယ်။

၃။ အနုသယကိလေသာကိုတော့ ဝိပဿနာဆိုတဲ့ ပညာ သိက္ခာနဲ့တားရပါတယ်၊ ဆိုလိုချက်ကတော့ ကိလေသာ သုံးပါးကို သိက္ခာသုံးပါးနဲ့ တားဆီးရတဲ့သဘောပါ။

ဒီစာစုမှာ အဓိကပြောချင်တာက ဝိပဿနာ သတိ ပဋ္ဌာန်ပါပဲ။

မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ် ပါဠိတော်မှာ–သတ္တာနံ ဝိသုဒ္ဓိယာ ဧကာယနော မဂ္ဂေါ လို့ ဟောခဲ့ပါတယ်၊ အဓိပ္ပါယ်ကတော့ သတ္တဝါတွေ ကိလေ သာစင်ကြယ်ဖို့ နှစ်ကြောင်းမရှိတဲ့ တစ်ကြောင်းတည်းသော လမ်းစဉ်က ဝိပဿနာသတိပဋ္ဌာန် လမ်းစဉ်ပါပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိလေသာတွေ စင်ကြယ်ဖို့အတွက် ဝိပဿနာသတိပဋ္ဌာန် လမ်းစဉ်မှတစ်ပါး . . . . ။

<u>ကျမ်းကိုး</u>


၁။ မူလပဏ္ဏာသအဋ္ဌကထာ
(ရထဝိနီတသုတ်၊ နှာ-၅၀-၅၁)
၂။ မဟာဝင်(ကျီးသဲလေးထပ်ဆရာတော်)
၃။ သင်္ဂြိုဟ်ဘာသာဋီကာ(အရှင်ဇနကာဘိဝံသ)


အင်တာဗျူးဂျာနယ်၊
၁၁-၁၁-၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းတစ်စောင်ရေး၍

# ဘုရင့်သမီးတော်ရရှိခြင်း

ပိဋကတ်တိုက်ထဲမှာ လိုချင်တဲ့စာအုပ်ရှာပြီးတော့ ဘာရယ်တော့ဟုတ်ပါဘူး။ သံပျင်ဋီကာဆိုတဲ့ကျမ်းကို ကိုင်ကြည့်ဖြစ်အောင် ကိုင်ကြည့်ဖြစ်လိုက်ပါသေးတယ်။ ပိဋကတ်တိုက်ထဲ အကြောင်းကိစ္စနဲ့ရောက်တိုင်း အဲဒီ သံပျင်ဋီကာကျမ်းကို ကိုင်ကြည့်နေကျပါ။ စာအုပ်လက်ထဲရောက်လာတာနဲ့အမျှ နွေးရှရှခံစားမှုတစ်ခုကလဲ အလိုလိုဝင်လာနေကျပါ။ ပြီးတော့ အဲဒီနွေးရှရှခံစားမှုလေးနဲ့အတူ သံပျင် ဋီကာနဲ့ဆက်စပ်ခဲ့သူတွေရဲ့ ဒဏ္ဍာရီမဟုတ်တဲ့ ပုံရိပ်ကလေးတွေကိုလဲ စိတ်ကူးနဲ့ ပြေးပြေးမြင်ယောင်မိပါ။

ဟော . . အခုလဲပဲ စာအုပ်လက်ထဲရောက်လာတာနဲ့ ကာလတစ်ခုရဲ့ဖာတ်ခုံထက်မှာ ကံသုံးပါးအမှုအရာလေးတွေနဲ့ တကယ်သရုပ်ဆောင်သွားခဲ့ကြတဲ့ ဇာတ်ဆောင်လေးတွေရဲ့ သရုပ်မှန်ပုံရိပ်တွေကို စိတ်ကူးနဲ့ ပုံဖော်ကြည့်ဖြစ်



နေပြန်ပါပြီ။

သြော် . . . ကိုယ်က စာရေးဆရာကိုး၊ တွေးစရာရှိရင်တွေးတတ်ပြီး ခံစားစရာရှိရင်လဲ ခံစားကြည့်ချင်တာကိုး။

* * * * *

ကျစွာမင်းဆိုတာ ပုဂံနန်းဆက်(၅၁)ဆက်မြောက်မှာ ပေါ်ထွန်းခဲ့တဲ့ ပုဂံခေတ်မင်းတစ်ပါးပါ၊ ကျစွာမင်းရဲ့ အဓိကထူးခြားချက်ကတော့ ပိဋကသုံးပုံတတ်ကျွမ်းတယ်ဆိုတာပါပဲ။

သူက "ပရမတ္ထဗိန္ဒုကျမ်း"နဲ့ "သဒ္ဒဗိန္ဒုကျမ်း"ကိုလဲ ပြုစုသွားခဲ့ပါသေးတယ်။ ဒီနေ့ အဘိဓမ္မာသင်္ဂြိုဟ်သင်နေတဲ့သူတွေဆို ဂဏန်းသင်္ချာတွေရဲ့သင်္ကေတတွေသိရအောင် ကျစွာမင်းရဲ့ပရမတ္ထဗိန္ဒုကျမ်းကိုပါ ပူးတွဲသင်ကြရပါတယ်။

ကျစွာမင်း ပိဋကသုံးပုံတတ်သလို သူ့ရဲ့သမီးတော်ကလည်း ပိဋကသုံးပုံတတ်တယ်လို့ ဆိုပါတယ်။ သမီးတော်ရဲ့ ထူးခြားချက်ကတော့ ရဟန်းတော်တွေကို ကျမ်းစာပို့ချပေးတယ်ဆိုတာပါပဲ၊ သမီးတော် ရဟန်းတော်တွေကို စာပေပို့ချတဲ့နေရာမှာ ကျစွာမင်းက ကန့်လန့်ကာကိုကာပြီး ပို့ချစေပါတယ်။ ကျစွာမင်းက ပညာရှိဆိုတော့ အနာဂတ်အန္တရာယ်ကို ကြိုမြင်ထားပုံရပါတယ်။

ဒါပေမယ့်တချို့လောကသဘာဝတွေဟာ တားဆီးလို့မရပါဘူး ၊ သဘာဝအလျောက် သူတို့ရဲ့ တစ်ခုတည်းသော ဦးတည်ရာဆီကိုတော့ အစဉ်သဖြင့် စီးဆင်းနေကြ

www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ပြီးတော့ မမြင်ရတဲ့ အတိတ်ရေစက်ကလေးတွေကလဲ ပြုခဲ့တဲ့ကံပါရမီအလျောက် ပူးတွဲပါလာကြမှာပါ။

တစ်နေ့မှာတော့ တားဆီးဖို့ခက်လှတဲ့ သဘာဝ တစ်ခု ရေစက်ပါသူနှစ်ဦးဆီကို စနစ်တကျကို ရောက်လာခဲ့ပါတယ်၊ ကံတရားကပို့လိုက်တယ်လို့ပဲ ဆိုရမလားမသိပါဘူး။

မင်းသမီးရဲ့သဒ္ဒါရုံဆိုတဲ့မြားဟာ စာလိုက်ရဟန်းတော်တွေထဲက ရဟန်းပျိုလေးတစ်ပါးရဲ့ နှလုံးသားကို နေ့စဉ်လာလာစူးနေပါတယ်။ သဒ္ဒါရုံမြားစူးခံနေရတဲ့ ရဟန်းပျိုဟာ မင်းသမီးရဲ့အသံတော်အပြင် မျက်နှာတော်ကိုလဲ မြင်ချင်လာပါတယ်။ စာဝါတက်ရင်းလဲ မင်းသမီးရဲ့မျက်နှာကို မြင်ရအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ စဉ်းစားနေတတ်ပါသတဲ့။ စဉ်းစားမှုရဲ့အဆုံးမှာ အဖြေကိုရတတ်စမြဲဆိုတဲ့အတိုင်း နောက်ဆုံးတော့ နည်းဗျူဟာတစ်ခု သူ့ခေါင်းထဲကို ရောက်လာခဲ့ပါတယ်။ ရဟန်းပျိုဟာ ရောက်လာတဲ့နည်းဗျူဟာအတိုင်း သူလိုက်နေတဲ့ပေစာရဲ့အဆုံးမှာ ဟိ် စာလေ ဟေဟေယျ ဆိုတဲ့ စာပိုဒ်အပိုကို ရေးထည့်ထားလိုက်ပါတယ်။ ဒီစာက ပိဋကတ်စာပေထဲမှာလည်း မပါပါဘူး။

ဒီလိုနဲ့ စာဝါတက်ရင်း ပေစာကုန်တော့ မင်းသမီးက "ပြီးပါပြီ ပြန်ကြွကြပါတော့ဘုရား" လို့လျှောက်လိုက်တဲ့အချိန်မှာ မြားစူးခံထားရတဲ့ ရဟန်းပျိုက "စာမဆုံးသေးဘူး ကျန်သေးတယ်"လို့ ပြောလိုက်ပါတယ်။ မင်းသမီးကလည်း



"ဆုံးပြီ"ပေါ့၊ ရဟန်းပျိုကလဲ "မဆုံးသေးဘူး ကျန်သေးတယ်" ပေါ့။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ငြင်းကြရင်း နောက်ဆုံးတော့ မင်းသမီးက ကန့်လန့်ကာမ,လိုက်ပြီးတော့ "ဘယ်မှာလဲပြစမ်း"ဆိုပြီး ပေစာကို လှမ်းတောင်းလိုက်ပါတယ်။ ရဟန်းပျိုကလည်း လက်ထဲကပေစာကို အသင့်ထိုးပေးလိုက်ပြီး အကြည့်ကလည်း မင်းသမီးရဲ့ မျက်နှာတော်ဆီကို ပို့ပြီးသား ဖြစ်သွားပါတယ်။

ရဟန်းပျိုလေးရဲ့အကြည့် မင်းသမီးလေးရဲ့မျက်နှာတော်ဆီအရောက် အဲဒီခဏလေးအတွင်းမှာပဲ ဒုတိယမြောက် မြားတစ်စင်းဖြစ်တဲ့ ရူပါရုံမြားဟာ ရဟန်းပျိုရဲ့ နှလုံးသား ဗဟိုတည့်တည့်ကို စူးစိုက်ခံလိုက်ရပြန်ပါပြီ။

မင်းသမီးက ရဟန်းပျိုလှမ်းပေးတဲ့ ပေစာကို ကြည့်လိုက်တော့ ပေစာအဆုံးမှာ အပိုစာပိုဒ်ကလေးကို တွေ့လိုက်ရပါတယ်။ မင်းသမီးလည်း ပေစာကြည့်လိုက်တာနဲ့ သိလိုက်ပါပြီ ရဟန်းပျို အပိုရေးထားတယ်ဆိုတာကို၊ ဒါကြောင့် ကောက်ခါငင်ခါပဲ "ဟိ်–တံငါသည်တို့သည်၊ ဇာလေ–ကွန်ယက်တို့ဖြင့်၊ မစ္ဆေ–ငါးတို့ကို၊ ဟေဟေယျ–ဆွဲငင်ယူကုန်ရာ၏"လို့ အနက်ပေးပြလိုက်ရပါတယ်။ (ပိဋကတ်စာပေမှာမပါတဲ့ စာပိုဒ်ဆိုတော့ အဆင်ပြေသလို ပေးလိုက်ရတာပါ၊ စာမှန်တော့မဟုတ်ပါဘူး)

နှလုံးသားမှာ မြားနှစ်စင်းအစူးခံထားရတဲ့ ရဟန်းပျိုဟာ နောက်နေ့တွေမှာတော့ မြားဆိပ်တက်ပြီး စာမလိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပါဘူး။ အိပ်ရာထဲမှာပဲ မြားဆိပ်ရဲ့ဒဏ်ကို အလူးအလဲ ခံစားနေရပါတယ်။

တစ်နေ့တော့ ကျစ္စာမင်းကြီးက ဒီအကြောင်းသိသွားပါတယ်။ ဒီတော့ မင်းကြီးက ရဟန်းတော်ကို ဘယ်လိုလျှောက်သလဲဆိုတော့ "တပည့်တော်ကျေနပ်လောက်တဲ့ကျမ်းတစ်စောင်ကိုရေးပြနိုင်ရင် သမီးတော်နဲ့ ပေးစားပါ့မယ်ဘုရား"လို့ လျှောက်လိုက်ပါတယ်။

ဒီတော့မှရဟန်းပျိုလဲ အိပ်ရာထက်ကထပြီး သဒ္ဒါကျမ်းတစ်ကျမ်းဖြစ်တဲ့ နျာသကျမ်းရဲ့ အဖွင့်ဋီကာကျမ်းကို ရေးသားပါတော့တယ်၊ မျှော်လင့်ချက် တွန်းအားလေးကြောင့်လားတော့ မသိပါဘူး။ အကောင်းဆုံး ကျမ်းတစ်စောင်ကို ရက်အနည်းငယ်အတွင်း ပြီးစီးသွားပါတယ်။ ကျစ္စာမင်းကြီးကိုသွားပြတော့ မင်းကြီးလည်း ကျမ်းစာကိုကြည့်ပြီး ကျေနပ်အားရသွားတယ်လို့ဆိုပါတယ်။ ပိဋကသုံးပုံတတ်တဲ့ ကျစ္စာမင်းကိုယ်တိုင်သဘောကျတယ်ဆိုတော့ ကျမ်းအရည်အသွေးကတော့ အထူးပြောစရာ မလိုတော့ပါဘူး။ သူ့ကတိအတိုင်း ရဟန်းပျိုကို လူထွက်စေပြီး သမီးတော်နဲ့ ပေးစားလိုက်ပါတယ်။ ပြီးတော့ သံပျင်အမတ်ရာထူးကိုလည်း တစ်ခါတည်း ပေးလိုက်ပါတယ်။ သံပျင်အမတ်ရေးသားတဲ့ကျမ်းဖြစ်လို့ ကျမ်းစာလဲ သံပျင်ဋီကာကျမ်းလို့ တွင်သွားပါတယ်။ တကယ်တော့ ဒီလိုကျမ်းတစ်စောင်ရေးပြီး ဘုရင့်သမီးတော်ရလိုက်တယ်ဆိုတာဟာ ခေတ်စကားနဲ့ပြောရင် စာမူခရ



လိုက်တာပါပဲ။ ကမ္ဘာ့အမြင့်ဆုံးစာမူခလို့ ပြောလို့ရပါတယ်။ ပြီးတော့ ရဟန်းပျိုအနေနဲ့ ရရှိလိုက်တဲ့ စာမူခနဲ့ယှဉ်ရင် စွန့်လွှတ်လိုက်ရတဲ့ ရဟန်းဘဝအတွက်လဲ တန်တယ်လို့ ပြောလို့ရမလားမသိပါဘူး။ သူတို့လေးတွေရဲ့ ကံသုံးပါး အမူအရာလေးတွေကိုအခြေတည်ပြီး သံပျင်အမတ်၊ သံပျင်မင်းသမီး၊ သံပျင်ဋီကာဆိုပြီး ပုဂံခေတ်သာသနာ့သမိုင်းမှာ ကမ္ပည်းသုံးခု တွင်ရစ်ခဲ့တာ ဒီနေ့အထိပါပဲ။

သံပျင်အမတ်ဟာ သံပျင်ဋီကာကျမ်းအပြင် တခြားဘာကျမ်းတွေများ ဆက်ရေးသွားသေးလဲလို့ သိချင်တာနဲ့ ပိဋကတ်တော်သမိုင်းကိုပြန်ကြည့်တော့ သံပျင်ဋီကာတစ်ကျမ်းပဲ တွေ့ရပါတယ်။ မိမိက ပိဋကတ်တော်သမိုင်းကိုကြည့်မယ်သာကြည့်ရတာသံပျင်အမတ်ဟာ သံပျင်ဋီကာကျမ်းအပြင်တခြားကျမ်းတွေကိုလည်း ဆက်ရေးဖို့ စိတ်ဝင်စားတော့မှာမဟုတ်သလို ရေးခဲ့ပြန်ရင်လည်း သံပျင်ဋီကာကျမ်းလောက်ကောင်းချင်မှကောင်းတော့မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူက တွန်းအားနဲ့ညီမျှတဲ့ကျမ်းကို အိပ်သွန်ဖာမှောက် ပြုစုသွားခဲ့ပြီးလို့ပါပဲ။

ဒီရာဇဝင်မှတ်တမ်းလေးကိုကြည့်ပြီး တချို့တချို့သောပုဂ္ဂိုလ်တွေက ရဟန်းပျိုလေးလူထွက်သွားတာနဲ့ ပတ်သက်ပြီး အပြစ်တစ်ခုအဖြစ် မြင်ကြလေမလားမသိပါဘူး။ မိမိကတော့ အပြစ်ရယ်လို့မမြင်ရက်တဲ့အပြင် ကျေးဇူးတောင်တင်လိုက်မိပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂုဏ္ဍလိက

www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုကိုအခြေခံပြီး သာသနာမှာကျေးဇူးများတဲ့ ကျမ်းတစ်ကျမ်းကို ရေးသားသွားနိုင်ခဲ့လို့ပါပဲ။

လူသားတစ်ယောက် လောကကြီးထဲရောက်လာရင် လောကတာဝန်တွေက သူ့အတွက် အသင့်ဆီးကြိုနေကြပါတယ်။ ဘယ်လိုခံစားမှုကိုပဲ အခြေခံခံ လောကအတွက် အလုပ်တစ်ခုလုပ်သွားနိုင်တယ်ဆိုရင် လောကအတွက် တာဝန်ကျေတာပါပဲ။ လောကတာဝန်ကျေတဲ့သူတွေကို လောကကြီးက ချစ်တတ်ပါတယ်။ ပြီးတော့ မေ့လည်းမမေ့ကြပါဘူး။

* * * * *

ပိဋကတ်တိုက်ထဲက ပြန်အထွက်မှာတော့ နွေးရှရှ ခံစားမှုလေးနဲ့အတူ ပုဂံခေတ် ရဟန်းလုလင်ကလေးကို တစ်စုံတစ်ခုသော လောကတာဝန်ကျေသူတစ်ယောက်အဖြစ် မြင်လိုက်မိတာ ဘာ့ကြောင့်ရယ်တော့ မသိပါဘူး။

<u>ကျမ်းကိုး</u>

၁။ လူမဟုတ်သောရဟန်း(ရေးသူ–ရဟန်းသား)

၂။ လောကကြေးမုံ(လေးမြိုင်)

၃။ စာဝါလိုက်စဉ်က ဆရာအစဉ်အဆက်ဆက် ပြောပြချက်များ။

အလင်းတန်းဂျာနယ်၊
၆–၁–၂၀၀၃



www.burmeseclassic.com

# အကုသိုလ်၊ သစ်ပင်နှင့်
# ဝန်းကျင်ထိန်းသိမ်းမှု

မနက်စောစော ကော်ဖီသောက်ရင်းနဲ့ ပြုခဲ့တဲ့ ကုသိုလ်စာရင်းလေးကို ပြန်ဖတ်ရင်း ပြန်တွေးဖြစ်ရင်းနဲ့ စိတ်ကအလိုလို ကြည်နူးလာပါတယ်။ သိပ်များများစားစား ကြီး မဟုတ်ခဲ့ပေမယ့် တချို့ကုသိုလ်လေးတွေကိုတော့ ဒီနေ့အထိ သတိတရရှိနေတုန်းပါ။ ဥပမာ–အသက်(၅၀) ကျော် အသားမည်းမည်း အမျိုးသမီးကြီးတစ်ယောက် ခေါင်းပေါ်က မုန့်ဗန်းကြီးမှောက်ကျသွားလို့ ငိုနေတာတွေ့ရတော့ ပါလာတဲ့ငွေတချို့ကို ထုတ်လှူဖြစ်ခဲ့တာမျိုးလေးတွေပါ။ အဲဒီလို အပြုအမူကုသိုလ်လေးကို ပြန်ဖတ်မိတိုင်း ပြန်တွေးမိတိုင်း ကြည်နူးရမြဲပါ။ စာလိုပြောရင်တော့ အပရစေတနာပေါ့။

ကုသိုလ်စာရင်းကို မှတ်တမ်းတင်ဖြစ်သလို ပြုခဲ့တဲ့ အကုသိုလ်စာရင်းကိုလဲ ဘယ်ညာပူးတွဲပြီး မှတ်တမ်း



များတင်ဖြစ်ခဲ့ရင် ကောင်းမလားလို့ပါ။ တကယ်လို့ အဲဒီလိုသာ မှတ်တမ်းတင်နိုင်ခဲ့ရင် ဘယ်စာရင်းက အလေးသာသွားမလဲ၊ ကုသိုလ်ကလား အကုသိုလ်ကလား၊ ပုထုဇဉ် ပီပီ အကုသိုလ်တွေကို အကြိမ်ကြိမ်တွေးခဲ့၊ အကြိမ်ကြိမ် ပြောခဲ့၊ အကြိမ်ကြိမ်ပြုခဲ့တာပါပဲ။ သီးသန့်မှတ်တမ်းမရှိခဲ့လို့ အရေအတွက် မသိရတာသာရှိမယ်။ တွေးခဲ့ ပြောခဲ့ ပြုခဲ့တာ တွေကတော့ မမြင်ရတဲ့ အရေအတွက်တစ်ခုအနေနဲ့ တည်ရှိနေကြမှာပါ။

အဲဒီအတွေးတွေတွေးဖြစ်ရင်း အခုပြောပြမယ့် ဝတ္ထုလေးက စဉ်းစားစရာအဖြစ် ပေါ်လာခဲ့တာပါ။

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံမှာ 'ဥရုဝေလ'လို့အမည်ရတဲ့ သဲတောင်ကြီးတစ်တောင် ရှိခဲ့ဖူးပါတယ်။

အဲဒီသဲတောင်ကြီးဖြစ်ပေါ်လာပုံ သမိုင်းကြောင်းက ဒီလိုပါ။

မြတ်စွာဘုရားပွင့်တော်မမူမီကာလက အဲဒီ ဝန်းကျင်ဒေသမှာ ရသေ့တစ်သောင်း နေထိုင်ခဲ့ကြပါတယ်။ တစ်ပါးနဲ့တစ်ပါး ချစ်ခင်ရိုသေမှုရှိသလို တစ်ပါးရဲ့စကားကိုလဲ တစ်ပါးက ရိုသေလိုက်နာလေ့ရှိပါတယ်။

တစ်နေ့မှာ ရသေ့တစ်သောင်းဟာ စည်းဝေးပွဲတစ်ခု ကျင်းပကြပါတယ်။ သူတို့ရဲ့စည်းဝေးပွဲမှာ အဓိက အဆို တင်သွင်းမှုနဲ့ ထောက်ခံမှု ကတိကဝတ်ကတော့ အောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းဖြစ်ပါတယ်။

"ငါ့ရှင်ရသေ့အပေါင်းတို့၊ ကာယကံအပြစ်နဲ့ ဝစီကံအပြစ်တွေကတော့ တစ်ပါးသူတွေသိဖို့ ထင်ရှားတယ်။ မနောကံကျတော့ တစ်ပါးသူသိဖို့ မထင်ရှားတော့ဘူး။ ဒါကြောင့် ရသေ့တစ်ပါးပါးဟာ ကာမဂုဏ်နဲ့ စပ်တဲ့အကြံ၊ ဒေါသနဲ့စပ်တဲ့အကြံ၊ သူတစ်ပါးကို ညှင်းဆဲ သတ်ဖြတ်လိုတဲ့အကြံ စတဲ့အကြံတွေကို ကြံခဲ့မိရင် ဘယ်သူမှ အပြစ်ပြောမယ့်သူ ဆုံးမမယ့်သူ မရှိတော့ဘူး ၊ ဒီတော့ ကိုယ့်ကိုယ်ကို ကိုယ်တိုင် အပြစ်တင်ပြီး ဒဏ်ခတ်တဲ့အနေနဲ့ အကုသိုလ်တစ်ခုခုကို ကြံခဲ့တွေးခဲ့ရင် မြစ်ဆိပ်ကသဲကို ဖက်နဲ့ယူပြီးဒီနေရာမှာပုံရမယ်။ ဒီအပြုအမူဟာ ကိုယ့်အပြစ်ကို ကိုယ်တိုင် ဒဏ်ထမ်းခြင်းဖြစ်တယ်"

ရသေ့တွေဟာ သူတို့ပြုခဲ့တဲ့ ကတိကဝတ်အတိုင်း အကုသိုလ်တစ်ခုခုကို ကြံမိ တွေးမိတိုင်း မြစ်ဆိပ်ကနေ သဲကိုဖက်ရွက်နဲ့သယ်ပြီး သတ်မှတ်ထားတဲ့နေရာမှာ သွားပြီး ပုံလေ့ရှိပါတယ်။ ကာလတွေကြာလာတော့ စောစောက ပြောခဲ့တဲ့ 'ဥရုဝေလ'လို့ခေါ်တဲ့ ကြီးမားတဲ့သဲတောင်ကြီး ဖြစ်လာခဲ့ပါတယ်။

ရသေ့တွေစုပုံခဲ့တဲ့ သဲတောင်ကြီးဟာ ကာလကြာကြာတစ်ခုအထိ တည်ရှိနေခဲ့မှာပါ။ လူသားတွေက အဲဒီသဲတောင်ကြီးကိုကြည့်ပြီး "တော်တော်အကုသိုလ်များတဲ့



ရသေ့တွေပါလား"လို့ ဘယ်သူမှကဲ့ရဲ့မယ်မထင်ပါဘူး။ မကဲ့ရဲ့မယ့်အပြင် "ဒီသဲတောင်ကြီးဟာ ရသေ့တွေရဲ့ ရိုးဖြောင့်မှု၊ မာယာသာဌေယျကင်းမှု၊ လူသားပီသတဲ့သတ္တိရှိမှုစတဲ့ သင်္ကေတပြယုဂ်ကြီးပဲ"လို့ နှလုံးသွင်းပြီး ဆထက်ထမ်းပိုး တိုး၍တိုး၍သာ ကြည်ညိုဖြစ်ကြမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေဟာ ရိုးဖြောင့်မှုကို ကြည်ညိုတတ်တဲ့ သဘာဝက အစဉ်အမြဲရှိနေတတ်ကြလို့ပါ။

ဒီခေတ်မှာကော ရသေ့တွေရဲ့ အပြုအမူကို အတုယူဖြစ်ရင်ကောင်းမလားလို့ပါ။

တစ်ခုတော့ရှိတာပေါ့လေ၊ ရသေ့တွေလို ရန်ကုန်မြစ်ထဲ ဒေါပုံမြစ်ထဲက သဲတွေယူပုံလို့တော့ ဘယ်ဖြစ်တော့မလဲ၊ တိုက်တာအဆောက်အဦတွေက နေ့စဉ်ဆောက်လုပ်နေကြရတာဆိုတော့ သဲတွေက တိုက်တာအဆောက်အဦတွေအတွက် အသုံးချနေရတာကိုး။

ဒါဆို ဘာလုပ်ကြရင်ကောင်းမလဲ၊ စဉ်းစားဖြစ်တာကတော့ သစ်ပင်စိုက်ကြရင်ကောင်းမလားလို့ပါ။

အကုသိုလ်တစ်ခုခုကို တွေးမိ ပြောမိ ပြုလုပ်မိတိုင်း သစ်ပင်တစ်ပင်ပင် စိုက်လိုက်ဖို့ပါပဲလေ။ သစ်ပင်စိုက်ဖို့ နေရာတစ်ခုကိုတော့ သတ်မှတ်ထားကြရမှာပေါ့။

ကာလကြာလာတာနဲ့အမျှ တောအုပ်ကြီးတစ်ခုဖြစ်လာမှာပါ။ ဒါဆို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြီးသား

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ် ရာသီဥတုကိုလဲသာယာစေ၊ ပူအိုက်လှတဲ့ရာသီဥတုကိုလဲ ကာကွယ်နိုင်၊ မိုးနည်းဒေသဆိုတာလဲ လျော့ပါး စသည်ဖြင့် တွေးမယ်ဆို အကျိုးသက်ရောက်မှုတွေ အများကြီးပါ။

ပြီးတော့ အဲဒီတောအုပ်ကြီးကို ဘယ်သူကမှ"အကုသိုလ်တောအုပ်ကြီး" လို့ခေါ်မယ်မထင်ပါဘူး။ ဒါလူသားတွေရဲ့ ရိုးဖြောင့်မှုသင်္ကေတပြယုဂ်ကြီးတစ်ခုအဖြစ်ပဲ သတ်မှတ်ကြည်ညိုလေးစားဖြစ်ကြမှာပါ။

လူ့သဘာဝအရ ဘယ်သူမှ အကုသိုလ်နဲ့မကင်းကြပါဘူး၊ အကုသိုလ်ကိုဖုံးကွယ်သူနဲ့ ဖွင့်လှစ်ဖော်ထုတ် ပြဝံ့သူသာ ကွာသွားပါလိမ့်မယ်။

နောက်လူ့သဘာဝတစ်ခုက အကုသိုလ်ကိုဖုံးကွယ်သူကို စက်ဆုပ်ပြီးဖွင့်လှစ်ဖော်ထုတ်ပြဝံ့သူကို ကြည်ညိုလေးစားတတ်ကြတာပါ။ အဓိကကတော့ သစ်ပင်စိုက်ရဲတဲ့သတ္တိပါ။

အဲဒီတောအုပ်ထဲမှာ အလွှာမျိုးစုံ နယ်ပယ်စုံကလူတွေရဲ့ သစ်ပင်တွေကို တွေ့ကြရမှာပါ။

ဟောဒါကတော့ ဆရာချစ်ဦးညိုရဲ့သစ်ပင်၊ ဒါကတော့ ဆရာဦးဝင်းငြိမ်းရဲ့သစ်ပင်၊ ဒါကတော့ ကိုဦးဆွေရဲ့သစ်ပင်၊ ဒီသစ်ပင်လှလှလေးကတော့ ဘယ်မင်းသမီးလေးရဲ့သစ်ပင်၊ ဒီသစ်ပင်ကြီးကတော့ ဘယ်စီးပွားရေးသမားကြီးရဲ့



သစ်ပင်။ ဒီသစ်ပင်အမြင့်ကြီးကတော့ ဘယ်အထူးကုဆရာဝန်ကြီးရဲ့သစ်ပင် စသည် စသည်ဖြင့်ပေါ့။ ကမ္ဘာ့စံမှတ်တိုင်တွေနဲ့ အလွှာမျိုးစုံ နယ်ပယ်စုံကလူတွေရဲ့ သစ်ပင်မျိုးစုံကို တွေ့ကြရမှာပါ။ ပြီးတော့ အဲဒီသစ်ပင်တွေကိုကြည့်ပြီး ကြည်ညိုမှု သဒ္ဓါတရားတွေလဲ ပွားဖြစ်ဦးမှာပါ။

တကယ်လို့သာ အဲဒီတောအုပ်ကြီးဖြစ်ခဲ့ရင် မိမိကိုယ်တိုင်လဲ သစ်ပင်သွားစိုက်လိုက်ချင်ပါတယ်။ ဘယ်နှစ်ပင်လောက် စိုက်ဖြစ်မယ်တော့ မသိပါဘူး၊ စိုက်ဖြစ်ဖို့ကတော့ အသေအချာပါ။

တောအုပ်ကြီးသာဖြစ်လိုက်ပါတော့။

သစ်ပင်သွားစိုက်ရင်းနဲ့ အဲဒီတောအုပ်ကြီးထဲမှာပဲ ကိုယ့်ရဲ့ပစ္စုပ္ပန်တည့်တည့်မှာဖြစ်နေတဲ့ စိတ်ကလေးကို သတိကပ်ပြီး ဘယ်လိုစိတ်ကလေးဖြစ်နေသလဲ။ အဲဒီဖြစ်နေတဲ့ စိတ်ကလေးက ဘယ်လိုသဘောလေးဖြစ်နေတာလဲ စသည်ဖြင့်ပေါ့။ ဥပမာ–လောဘဖြစ်နေတယ်ဆိုရင်လဲ လောဘလေးက ဘယ်လိုသဘောလေးဖြစ်နေတာလဲ၊ လောဘရဲ့သဘောလေးက ဘယ်လိုလေးလည်း စသည်ဖြင့် ဖြစ်နေတဲ့လောဘစိတ်ကလေးကို သတိကပ်ပြီး "လောဘဖြစ်တယ်၊ လောဘဖြစ်တယ်"ဆိုပြီး စိတ်ကိုရှုမှတ်တဲ့ စိတ္တာနုပဿနာခေါ်တဲ့ သတိပဋ္ဌာန်ဝိပဿနာတရားလေးလဲ ခန္ဓာကိုယ်တစ်နေ့စာလောက် ရှုမှတ်ခဲ့ချင်ပါတယ်။ ဘာဖြစ်လို့

www.burmeseclassic.com



လဲဆိုတော့ အဲဒီရှုမှတ်စဉ်ကာလလေးမှာ ငြိမ်းချမ်းတဲ့ဘဝလေးတစ်ခုကို တဒင်္ဂပဲဖြစ်ဖြစ် ရလိုက်ချင်လို့ပါ။


ကျမ်းကိုး

အင်္ဂုတ္တိုရ်အဋ္ဌကထာ– ဒုတိယအုပ်

စာမျက်နှာ (၂၆၃)

အလင်းတန်းဂျာနယ်၊

၁၆–၁၁–၂၀၀၂



www.burmeseclassic.com

# ကော်ဖီ ချစ်သူ

ဒီနေ့မနက်လဲ ကော်ဖီသောက်နေရင်း သူငယ်ချင်းကို သတိရနေကျအတိုင်း သတိရနေခဲ့ပါတယ်၊ မိမိမှာလဲ မနက်အရုဏ်စာစားပြီးတာနဲ့ ကော်ဖီမစ်ကိုသောက်လိုက်ရမှ၊ အကြောင်းကြောင်းကြောင့် မသောက်ဖြစ်ခဲ့တဲ့နေ့ဆို ဘဝမှာ တစ်ခုခု လိုနေသလိုလို ဖွဲ့နေတာပြောတာပါ။

ကျန်တဲ့သူတွေတော့ မပြောတတ်ပါဘူး၊ မိမိ ကော်ဖီမစ်ဖျော်တဲ့အခါ ကော်ဖီခွက်ထဲကို ရေနွေးကိုအရင် ထည့်ပါတယ်၊ ပြီးမှ ကော်ဖီမစ်ထုပ်ကို ဖောက်ပြီးထည့်ပါတယ်၊ ရေနွေးပေါ်မှာ ကော်ဖီမစ်အမှုန့်လေးတွေ အပုံလိုက်လေး ပေါ်နေပြီး တဖြည်းဖြည်း ရေနွေးထဲပျော်ကျသွားတာကို ကြည့်နေရတာ မိမိအတွက်တော့ အရသာတစ်မျိုးပါ၊ အဲဒီအရသာက စက္ကန့်ပိုင်းအတွင်းလေးပဲ ခံစားရတာဆိုတော့ အဲဒီစက္ကန့်ပိုင်းအတွင်းလေးမှာ ဖုန်းလာရင်တောင် သွားမကိုင်ဘူးလို့။



ဒီအကြောင်းကို သူငယ်ချင်းကို ပြောပြတော့ သူငယ်ချင်းက "ရူးတာ"တဲ့၊ ပြီးတော့ သူငယ်ချင်းက အောက်ပါဇာတ်လမ်းလေးကို ပြောပြပါတယ်။

* * *

မြတ်စွာဘုရားလက်ထက်တော်က တိဿဆိုတဲ့ သူငယ်တစ်ယောက်ရှိခဲ့ဖူးတယ်၊ တစ်နေ့မှာ သူက မြတ်စွာဘုရားရဲ့ တရားတော်ကိုနာကြားပြီး ရဟန်းပြုလိုစိတ်တွေ တဖွားဖွားဖြစ်လာတယ်၊ ရဟန်းပြုချင်တဲ့အကြောင်း မိဘတွေထံခွင့်တောင်းတော့ မိဘတွေကခွင့်မပြုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူကတစ်ဦးတည်းသောသား သားလူပျိုလေးဖြစ်လို့ပဲ၊ ဒီတော့ တိဿသူငယ်က ရဟန်းပြုခွင့်ရဖို့အရေး အစာငတ်ခံဆန္ဒပြတယ်၊ နောက်ဆုံးတော့ မိဘတွေက လက်လျှော့လိုက်ရတယ်ပေါ့။တိဿသူငယ်ဟာ ရဟန်းဖြစ်တာနဲ့ ရဟန်းတရား ကို ကြိုးကြိုးစားစား အားထုတ်သလို တစ်ဖက်ကလဲ ဓုတင် (၁၃)ပါးလုံးကို ဆောင်ပြီးကျင့်တယ်၊ ဒါကြောင့် သူဟာ မြတ်စွာဘုရားသာသနာတော်မှာ ရုဋ္ဌပိဏ္ဍပါတိက တိဿမထေရ်ဆိုပြီး ကျော်စောထင်ရှားတယ်၊ ရဟန်းအချင်းချင်းရဲ့ ကြည်ညိုမှုကိုခံရသလို လူဒကာဒကာမတွေရဲ့ ကြည်ညိုမှုကိုလဲ အထူးပဲခံရတယ်။

ဒီလိုနဲ့ ကာလတစ်ခုကျော်လာတဲ့အခါ သူ့ရဲ့ဇာတိ ရာဇဂြိုဟ်ပြည်မှာ ကျင်းပနေကျအတိုင်း နက္ခတ်ပွဲသဘင်

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပကြတယ်၊ ဒီတော့ မထေရ်ရဲ့ မိဘတွေက သူတို့သားကို အထူးသတိရပြီး မထေရ်လူ့ဘဝကဝတ်ခဲ့တဲ့ အဝတ်ကလေးတွေကိုကိုင်ပြီး "ဒီလို နက္ခတ်သဘင်မှာ ငါတို့သားလေးဟာ ဒီအဝတ်ကလေးတွေကိုဝတ်ပြီး ကစားခဲ့တာ" ဆိုပြီး ငိုကြွေးနေကြတယ်တဲ့။

အဲဒီအချိန်မှာ ပြည့်တန်ဆာမတစ်ယောက် ရောက်လာပြီး အကျိုးအကြောင်းမေးတယ်၊ မိဘတွေကလည်း အကျိုးအကြောင်းပြောပြတယ်၊ ပြည့်တန်ဆာမက ဘယ်လိုပြောသလဲဆိုတော့ "အရှင်တို့သားကို လူထွက်စေပြီး အိမ်ပြန်ခေါ်လာနိုင်ရင် ဘယ်လောက်ပေးမလဲ"လို့မေးလိုက်တယ်၊ မိဘဖြစ်သူတွေကလည်း "သားဖြစ်သူကိုသာ လူထွက်ပြီး အိမ်ကိုရအောင်ခေါ်ခဲ့ပါ၊ ငွေကြေးတော့ပြောမနေနဲ့ ကြိုက်သလောက်ယူ"လို့ ပြောလိုက်တယ်။

ဒီတော့ ပြည့်တန်ဆာမက မိဘဖြစ်သူတွေကို သူတို့သားရဟန်း လူ့ဘဝက ဘယ်လိုအစားအစာလေးတွေ ကြိုက်တတ်လည်းလို့မေးတယ်၊ မိဘဖြစ်သူတွေကလည်း သူတို့သား လူ့ဘဝတုန်းက ဘယ်လိုလက်သုပ်ကလေးတွေ ကြိုက်တာ၊ ဘယ်လိုချဉ်ငန်စပ်ဟင်းမျိုးလေးတွေကြိုက်တာ၊ ဘယ်လို ဖျော်ရည်မျိုးလေးတွေကြိုက်တာ စသည်ဖြင့်ပေါ့၊ ကြိုက်တတ်တဲ့ အစားအစာလေးတွေကို ပြောပြလိုက်တယ်၊ ပြည့်တန်ဆာမကလဲ စာရွက်နဲ့ အသေအချာ ရေးမှတ်ထား



တယ်၊ ပြီးတော့ တိဿရဟန်း သီတင်းသုံးတဲ့ သာဝတ္ထိမြို့ကို သွားပြီး ရဟန်းဆွမ်းခံကြွနေကျလမ်းမှာ အိမ်တစ်လုံးငှားနေလိုက်တယ်။

အကြံနဲ့ဆိုတော့ ရဟန်းကိုနေ့စဉ်ဆွမ်းခံကြွဖို့ ဖိတ်လိုက်တယ်၊ ပြည့်တန်ဆာမကလဲ တိဿရဟန်း လူ့ဘဝက ကြိုက်တတ်တဲ့ ဟင်းလေးတွေကိုချက်ပြီး ဆွမ်းလောင်းတယ်၊ ကြာလာတဲ့အခါကျတော့ ရဟန်းက ပြည့်တန်ဆာမအိမ်က လောင်းတဲ့ ဆွမ်းဟင်းတွေကို စွဲလာတယ်၊ ဘယ်လောက်အထိ ဖြစ်လာသလဲဆိုရင် ပြည့်တန်ဆာမအိမ်က ဆွမ်းဟင်းမပါရင် ဆွမ်းမစားတတ်တဲ့အထိ ဖြစ်လာတယ်။

ပြည့်တန်ဆာမက သူမျှော်လင့်တဲ့အခြေအနေအထိ ရောက်လာပြီဆိုတော့ သူ့ရဲ့အစီကလုပ်ငန်းစဉ်တစ်ခုကို အကောင်အထည်ဖော်တော့တာပဲ၊ ဘယ်လိုဖော်သလဲဆိုတော့ တစ်နေ့ ရဟန်းဆွမ်းခံကြွတဲ့အချိန်မှာ ပြည့်တန်ဆာမက မကျန်းမာဟန်ဆောင်ပြီး အိမ်ခန်းထဲမှာ အိပ်နေလိုက်တယ်၊ ရဟန်းက တွေ့နေကျပြည့်တန်ဆာမကို မတွေ့ရတော့ အစေအပါးတွေကို "ဘယ်သွားလဲ"ပေါ့၊ အစေအပါးတွေကလဲ ကြိုတင်ဇာတ်တိုက်ထားတဲ့အတိုင်း "နေမကောင်းလို့ အခန်းထဲမှာ နေနေပါတယ်၊ အရှင်ဘုရားကို ဖူးမြင်လိုပါတယ်"လို့ လျှောက်လိုက်ကြတယ်၊ ဒီတော့ ရဟန်းလဲ ပြည့်တန်ဆာမရဲ့ အိပ်ခန်းထဲကို ဝင်သွားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဟာ အဲဒီပြည့်တန်ဆာမရဲ့ အိပ်ခန်းထဲမှာပဲ သူ့ရဲ့ရဟန်းဘဝကို ဆုံးရှုံးလိုက်ရတယ်၊ လိုရင်းပြောရရင်တော့ ပြည့်တန်ဆာမက ရဟန်းကိုလူထွက်စေပြီး သူရဲ့မိဘတွေဆီ ပြန်ပို့နိုင်ခဲ့တယ်၊ အဲဒီလို ပြန်ပို့နိုင်လို့ ပြည့်တန်ဆာမ ငွေကြေးဘယ်လောက်ရသွားတယ်ဆိုတာတော့ စာထဲမှာ ပြမထားဘူး။

စာရေးဆရာ အဲဒီဝတ္ထုကို ပြန်အာရုံပြုကြည့်၊ တိဿသူငယ်ဟာ မြတ်စွာဘုရားရဲ့တရားကိုနာကြားပြီး ရဟန်းတရားထူးကို ရချင်လွန်းလို့ အစာငတ်ခံဆန္ဒပြပြီးတောင် ရဟန်းဝတ်ခဲ့တဲ့သူ၊ ဒါပေမယ့် ဘာမဟုတ်တဲ့ ရသတဏှာလေးကြောင့် ဘဝနဲ့ယှဉ်တဲ့ ရည်မှန်းချက်ကြီးကို စွန့်လွှတ်ခဲ့ရတယ်။ အသေးအဖွဲလေးပါဆိုပြီး အစစအရာရာ လျှော့ မတွက်နဲ့ စာရေးဆရာရဲ့။

ကမ္ဘာမှာကြီးကျယ်တဲ့ ပျက်စီးဆုံးရှုံးမှုကြီးတွေဟာ အသေးအဖွဲလေးကို အခြေတည်ပြီး ဖြစ်သွားကြတာပဲ၊ ဥပမာ–လက်နှစ်လုံးလောက် ရထားသံလမ်းလွဲနေလို့ လူတွေ ထောင်ချီပါတဲ့ ရထားတွဲကြီးတွေ မှောက်သွားကြတာ၊ ဒီဖြစ်စဉ်တွေကို မဂ္ဂဇင်းဂျာနယ်တွေထဲမှာ ဖတ်ဖူးမှာပါ။

နေရာတကာ အသေးအဖွဲလေးဆိုပြီး အထင်မသေးနဲ့ စာရေးဆရာရဲ့”

* * *




သူငယ်ချင်းပြောခဲ့တဲ့ စကားတွေထဲက “ကြီးကျယ်တဲ့ ပျက်စီးဆုံးရှုံးမှုကြီးတွေဟာ အသေးအဖွဲလေးကို အခြေတည်ပြီး ဖြစ်သွားကြတာ”ဆိုတဲ့စကားကိုတော့ အထူးပဲ သတိရနေဖြစ်ပါတယ်။

<u>ကျမ်းကိုး</u>

ညောင်ကန်ဆရာတော်ဘုရားကြီးရေး၊ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု (ပထမတွဲ)
ဝါတမိဂဇာတ်၊ စာမျက်နှာ–၇၇–၇၈–၇၉။

***Fashion Image*** **မဂ္ဂဇင်း**
နိုဝင်ဘာ၊ ၂၀၀၂

www.burmeseclassic.com



# ဖန်
# တွတွ

မနေ့ကဝယ်ခဲ့တဲ့ Panasonic ကက်ဆက်လေးကို ကြည့်ပြီး သူငယ်ချင်းကို သတိရနေဖြစ်ပါတယ်။ အမှန်တော့ အရင်သုံးနေကျ ကက်ဆက်ကလေးက အခိုးခံလိုက်ရလို့ နောက်တစ်လုံး ထပ်ဝယ်ရတာပါ။ အဲဒီသူခိုးနောက်ပါသွားတဲ့ Panasonic ကက်ဆက်ကလေးက စာမေးပွဲ အောင်စဉ်က ဆရာဟိန်းလတ်က ခမ္မလက်ဆောင်အဖြစ်ပေးခဲ့တဲ့ ကက်ဆက်ကလေးပါ။ (ဆရာဟိန်းလတ်လည်း လက်ဆောင်ရခဲ့တာလား မသိပါဘူး။) ကက်ဆက်က အစဉ်သဖြင့် သုံးနေရတာဆိုတော့ နောက်တစ်လုံး သွားဝယ်ရပါတယ်။ သူငယ်ချင်းက အဖော်အဖြစ် လိုက်ပေးပါတယ်။

သိတဲ့အတိုင်းပါပဲ။ အရောင်းပြခန်းမှာက အမျိုးအစားစုံသလို ဈေးလည်းမျိုးစုံပါ။ အဲဒီနေ့က ဈေးမြင့်မြင့် ကက်ဆက်ကလေးကို အကြိမ်ကြိမ်ကိုင်ကြည့်ပြီးမှ (စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ဖို့ငွေလည်း ကုန်စရာရှိနေသေးတာဆိုတော့) ဈေး ခပ်သင့်သင့် ကက်ဆက်လေးကိုပဲ ဝယ်ဖြစ်ခဲ့ပါတယ်။ လမ်းထွာစ်လျှောက်လုံး လိုချင်ရက်နဲ့ ထားခဲ့ရတဲ့ ဈေးမြင့်မြင့် ကက်ဆက်ကလေးအကြောင်း မိမိက တဗျစ်တောက်တောက် ပြောလာခဲ့တာဆိုတော့ သူငယ်ချင်းဖြစ်သူက အောက်ပါပုံဝတ္ထုလေးကို ပြောပြပါတယ်။

* * *

"ကိုယ်ပြောပြမယ့် ပုံဝတ္ထုကလေးက စကားလုံးအရ နည်းနည်းတော့ ရှိင်းနေမလားမသိဘူး။ ရှိင်းနေရင်လည်း နားနဲ့မနာ ဖဝါးနဲ့ နာပေါ့ကွာ။ ဒါပေမဲ့ ကိုယ့်ရဲ့ဘဝခရီးတစ်လျှောက်လုံးမှာတော့ တော်တော်လေး အသုံးဝင်ခဲ့တဲ့ ပုံဝတ္ထုကလေးပဲ

တစ်ခါတုန်းက အမတ်ကြီးတစ်ယောက်က မိဖုရားကြီးတစ်ပါးဆီကို အခစားဝင်ရင်း မိဖုရားကြီး နေရာထိုင်မှုအပြောင်းအရွှေ့မှာ မမြင်သင့်တဲ့အရာကို မြင်သွားတယ်တဲ့။

အဲဒီနေ့ကစပြီး အမတ်ကြီးက သူ့ရဲ့ အမတ်ကတော်ကြီးကို စိတ်မဝင်စားတော့ဘူးတဲ့။ စိတ်က မိဖုရားကြီးဆီမှာပဲ ရောက်ရောက်နေတယ်တဲ့။ ပြီးတော့ အမတ်ကြီးက တမှိုင်မှိုင်တတွေတွေနဲ့ဖြစ်ပြီး ဘာအလုပ်မှလည်း ကောင်းကောင်းလုပ်လို့ မရတော့ဘူးတဲ့။ ကြာလာတော့ အစားပျက်အအိပ်ပျက်ပါဖြစ်လာပြီး လူကပိန်ချုံးလာတယ်။



နောက်ဆုံးတော့ မိဖုရားကြီးက ဒီအကြောင်းကို သိသွားတယ်။ မိဖုရားကြီးကလည်း ပညာရှိပုံရတယ်။ ဒါကြောင့် မိဖုရားကြီးက ရွှေခွက်ရယ်၊ ငွေခွက်ရယ်၊ ကြေးခွက်ရယ် ခွက်သုံးခွက်ထဲကို ပအုန်းရည် အနည်းငယ်စီကိုထည့်ပြီး ခုံတစ်လုံးပေါ်တင်ထားလိုက်တယ်။ ပြီးတော့ အမတ်ကြီးကို အခစားဝင်ဖို့ခေါ်လိုက်တယ်။ အမတ်ကြီးရောက်လာတော့ ပထမဆုံး ကြေးခွက်နဲ့ထည့်ထားတဲ့ ပအုန်းရည်ကို တိုက်လိုက်တယ်။ အမတ်ကြီး သောက်ပြီးသွားတော့ မိဖုရားကြီးက "အမတ်ကြီးဘယ်လိုနေလဲ"လို့ မေးတယ်။ အမတ်ကြီးက "ဖန်တွတွပါဘုရား"လို့ ဖြေလိုက်တယ်တဲ့။

နောက်ငွေခွက်နဲ့ထည့်ထားတဲ့ ပအုန်းရည်ကို တိုက်လိုက်ပြန်တယ်တဲ့။ ပြီးတော့ ရှေးကမေးခွန်းအတိုင်း "အမတ်ကြီး ဘယ်လိုနေလဲ"လို့ မေးတယ်။ အမတ်ကြီးကလည်း ရှေးကအဖြေအတိုင်းပဲ "ဖန်တွတွပါဘုရား"လို့ ဖြေတယ်။

နောက်ဆုံး ရွှေခွက်နဲ့ထည့်ထားတဲ့ပအုန်းရည်ကို တိုက်လိုက်ပြန်တယ်။ ရှေးကအတိုင်းပဲ "အမတ်ကြီး ဘယ်လိုနေလဲ"ပေါ့။ အမတ်ကြီးကလည်း ရှေးကအတိုင်းပဲ "ဖန်တွတွပါဘုရား"ပေါ့။

ခွက်သုံးခွက်နဲ့ ပအုန်းရည်တိုက်ပြီးသွားတော့

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တခဏတော့ အသံတွေ အပြုအမူတွေ တိတ်ဆိတ်သွားတယ်။ အမတ်ကြီးကလည်း ခေါင်းကိုငုံ့ပြီး မိဖုရားကြီးဆီက ဘာဆက်မိန့်မယ်ဆိုတာ စောင့်နေတယ်။ မိဖုရားကြီးကလည်း ရှေ့ဆက်ပြောမယ့်စကားလုံးအတွက် စကားလုံးရွေးချယ်နေပုံရတယ်။ တအောင့်လောက်ကြာမှ မိဖုရားကြီးဆီက အသံထွက်လာတယ်။

"အမတ်ကြီးရယ် ပအုန်းရည်ဆိုတာ ခွက်သာပြောင်းသွားတာ အရသာကတော့ ဖန်တွတွပါပဲ"တဲ့။

အဲဒီနေ့ကစပြီး အမတ်ကြီးလည်း ကျန်းကျန်းမာမာနဲ့ ပုံမှန်အလုပ်တွေကို ပြန်လုပ်သွားနိုင်တယ်တဲ့။

ကိုယ်ပြောပြတဲ့ ပုံဝတ္ထုလေးက အလင်္ကာသဘောအရ ဂါမ္ဘီရဒေါသများ သင့်နေမလားမသိဘူး။ ဒါပေမယ့် ကိုယ့်ဘဝတစ်လျှောက်လုံးမှာတော့ တော်တော်အသုံးဝင်ခဲ့တဲ့ ပုံဝတ္ထုလေးပဲ။ လူသားတွေ ရှိနေသရွေ့ စွဲမက်စရာ အာရုံသစ်တွေကတော့ ဆင့်ကဲဆင့်ကဲ ပေါ်နေမှာပဲ။ အဲဒီအာရုံသစ်တွေနဲ့အတူ လူတွေရဲ့ အလိုဆန္ဒသစ်တွေကလည်း ဆင့်ကဲဆင့်ကဲ ပေါ်နေမှာပဲ။

အာရုံသစ်နဲ့ အလိုဆန္ဒသစ်ကြားမှာ ဖြေဆည်ရာနှလုံးသွင်းတစ်ခုခုမရှိခဲ့ရင် ကိုယ်တို့ဟာ အလိုဆန္ဒသစ်ရဲ့ သားကောင်တွေအဖြစ်နဲ့ပဲ လောကဇာတ်ခုံပေါ်မှာ တစ်သံသရာလုံး က,သွားကြရလိမ့်မယ်။ အဓိကကတော့



အလိုဆန္ဒသစ်ရဲ့ သားကောင်တွေ မဖြစ်ဖို့ဘဲ။

စာရေးဆရာ အခုဝယ်ခဲ့တဲ့ကက်ဆက်က အသံလည်း ကြည်တယ်၊ အသံဖမ်းကြည့်တော့လည်း ကျေနပ်တဲ့အသံကိုရတယ်။ ဒီတော့ ဘာလိုသေးလို့လဲ။ စာရေးဆရာရယ် တချို့အရာတွေဟာ ဖန်တွတွတွေပါ"

* * * * *

ကက်ဆက်ကလေးကို အသုံးပြုဖြစ်တိုင်း သူငယ်ချင်းကို သတိရနေဖြစ်တော့မှာပါ။ သူငယ်ချင်းကို သတိရဖြစ်တိုင်းလည်း သူပြောပြတဲ့ 'ဖန်တွတွ' ပုံဝတ္ထုလေးကိုပါတွဲပြီး သတိရနေဖြစ်မှာပါ။


ဘာပဲပြောပြော သူငယ်ချင်းရဲ့ပုံဝတ္ထုလေးက အာရုံသစ်တွေနဲ့ အလိုဆန္ဒသစ်တွေရဲ့ကြားမှာ ဖြေဆည်ရာ နှလုံးသွင်းတစ်ခုအနေနဲ့ တစ်ထောင့်တစ်နေရာက အကျိုးပြုနေတော့မှာပါ။

*ပေါ်ပြူလာဂျာနယ်၊*

*၂၄-၉-၂၀၀၂*

www.burmeseclassic.com

www.burmeseclassic.com



## တစ်ခါတလေတော့လည်း
# ပတ်ဝန်းကျင်ကို
## လျစ်လျူရှုသင့်ရင်လျစ်လျူရှုရပါတယ်

အဲဒီနေ့မနက်က လက်ဖက်ရည်ဆိုင်ကို သူငယ်ချင်းရယ်၊ တပည့်ကျောင်းသားလေးရယ်နဲ့ ဝင်ထိုင်ဖြစ်ပါတယ်။ တစ်သီးတသန့် သွားထိုင်ကြတာတော့ မဟုတ်ပါဘူး။ စားအုပ်ကိစ္စတစ်ခုနဲ့ ကြုံလို့ဝင်ထိုင်ကြတာပါ။ ကော်ဖီမစ် မှာပြီးတော့ ဆိုင်ထဲကို မျက်စိကစားကြည့်မိပါတယ်။ ထူးခြားတယ်လို့ပဲ ပြောရမလား မသိပါဘူး။ ဆိုင်နံရံတွေမှာ အဆိုအမိန့်မျိုးစုံကို ကပ်ထားတာပါပဲ။ ခန့်မှန်းခြေ (၅၀)ကျော်လောက်များ ရှိမလား မသိပါဘူး။

"မိဘကို မသေခင် လုပ်ကျွေးပါ၊ သေမှ နောင်တမရပါနဲ့" "လူသာလာပါ၊ ပြဿနာခေါ်မလာပါနဲ့" "ဤဆိုင်သည် ဗုဒ္ဓဘုရား၏မေတ္တာရိပ်အောက်တွင် တည်ရှိပါသောကြောင့် ရောက်လာသူအားလုံး အေးချမ်းသာယာကြပါစေ" စသည်ဖြင့် တော်တော်စုံပါတယ်။ ပလတ်စတစ် လောင်းထားတာတွေရော၊ မလောင်းတာတွေရောပါ။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ထိုင်နေတဲ့ စားပွဲနဲ့ကပ်လျက်နံရံမှာ ကပ်ထားတဲ့ အဆိုအမိန့်တစ်ခုကို သူငယ်ချင်းက လက်ညှိုးနဲ့ ထောက်လိုက်ပါတယ်။ သူငယ်ချင်းလက်ညှိုးထောက်ထားတဲ့နေရာကို ကြည့်လိုက်တော့ "လူဆိုတာပတ်ဝန်းကျင်နဲ့နေတာ ပတ်ဝန်းကျင်ကိုဂရုစိုက်ပါ" တဲ့။

ပြီးတော့ သူငယ်ချင်းက အောက်ပါပုံဝတ္ထုလေးကို ပြောပြပါတယ်။

* * * * *

"တစ်ခါတုန်းက တောရွာတစ်ရွာမှာ ခင်ကြီးပေါက်ဆိုတဲ့ ရဟန်းတစ်ပါးရှိတယ်။ သူက မြတ်စွာဘုရားရဲ့ ဖြစ်တော်စဉ်တွေ ပါရမီတော်တွေကိုဖတ်ရင်း စိတ်ထဲမှာ ဘယ်လိုဆန္ဒတွေ ဖြစ်ပေါ်လာသလဲဆိုတော့ ဘုရားဖြစ်ချင်တဲ့ စိတ်တွေတဖွားဖွား ပေါ်လာသတဲ့။ ဒီတော့ ဘာလုပ်သလဲဆိုတော့ ဘုရားဆုပန်လိုက်တယ်တဲ့၊ ပြီးတော့ ခင်ကြီးပေါက်ဘုရားဆုပန်လိုက်တယ်ဆိုတဲ့သတင်းက အဲဒီဝန်းကျင်မှာ တော်တော်လေးပျံ့နှံ့သွားတယ်။ ဒီသတင်းက ဘယ်အထိတောင် ရောက်သွားသလဲဆိုတော့ ထန်းရေမှူးသမားတွေရဲ့နားအထိတောင်ရောက်သွား တယ်တဲ့။ သိတဲ့အတိုင်းပဲလေ ဘုရားဆုပန်ထားတဲ့သူဟာ ရှေးရှေးဘုရားလောင်းတွေရဲ့ လမ်းစဉ်အတိုင်း ကျင့်သင့် ကျင့်ထိုက်တာတွေကို ကျင့်ရတော့မယ်။



ခင်ကြီးပေါက်လည်းကျင့်ရှာပါတယ်။

တစ်နေ့ ခင်ကြီးပေါက် သစ်ပင်အောက်မှာ တရားကျင့်နေတုန်း ခပ်လှမ်းလှမ်းကနေ ထန်းရေမှူးသမား နှစ်ယောက်က ဖြတ်လျှောက်လာရင်း ခင်ကြီးပေါက် တရားကျင့်နေတာကို မြင်သွားတယ်တဲ့။ ဒီတော့ ထန်းရေမှူးသမားနှစ်ယောက်က ဘယ်လိုအော်ဆိုသလဲဆိုတော့ –

"ရင့်မှာတစ်ကျိပ် နငါးရာ။
နောင်လာရှစ်သောင်း ဘုရားပေါင်း။
ဘုရားပေါင်းနောက် တို့နှစ်ယောက်။
တို့နှစ်ယောက်နောက်
ခင်ကြီးပေါက်ဟာ" လို့ဆိုလိုက်ကြတယ်။

ကဗျာရဲ့အဓိပ္ပါယ်ကတော့ 'ရင့်မှာတစ်ကျိပ်' ဆိုတာက ပါရမီရင့်နေတဲ့ ဘုရားအလောင်းက ဆယ်ဦးရှိတယ်တဲ့။

'နငါးရာ'ဆိုတာက ပါရမီနုသေးတဲ့ ဘုရားအလောင်းတွေကချည်း ငါးရာရှိတယ်တဲ့။

'နောင်လာရှစ်သောင်းဘုရားပေါင်း'ဆိုတာက ရှေ့ကပြောခဲ့တဲ့ ပါရမီရင့်ပြီးဖြစ်တဲ့ ဘုရားအလောင်းက ဆယ်ဦး ပါရမီနုသေးတဲ့ဘုရားအလောင်းက ငါးရာ၊ သူတို့အပြင် ဘုရားဆုပန်ထားတဲ့ ပါရမီဖြည့်ဆဲ ဘုရားအလောင်းတွေကချည်း ရှစ်သောင်းရှိတယ်တဲ့။

www.burmeseclassic.com



'ဘုရားပေါင်းနောက်တို့နှစ်ယောက်တို့ နှစ်ယောက်နောက်ခင်ကြီးပေါက်'ဆိုတာကတော့ ရှေ့ဘုရားတွေပွင့်ပြီးသွားရင် တို့ထန်းရေမှုးသမားနှစ်ယောက်ပွင့်မယ်။ တို့နှစ်ယောက်ပွင့်ပြီးမှ ခင်ကြီးပေါက် ပွင့်ရမှာတဲ့။

ဒီတော့ ခင်ကြီးပေါက်က တရားကျင့်နေရင်း ဘယ်လိုစဉ်းစားသလဲဆိုတော့ –

"အင်း....ငါ့နောင်တော်ဘုရားလောင်း နှစ်ယောက်တောင် ထန်းရေသောက်ရင်း မူးတုန်းရူးတုန်းရှိသေးတယ်၊ ပြီးတော့ ငါကသူတို့နှစ်ယောက်ပွင့်ပြီးမှ ပွင့်ရမှာတဲ့။ အို.....မဖြစ်သေးပါဘူး၊ သက်သက်သာသာနေတာပဲကောင်းပါတယ်"လို့ စဉ်းစားပြီး ကျင့်လက်စတရားကို ရပ်ပစ်လိုက်တယ်တဲ့။

ဒီပုံပြင်လေးက နည်းနည်းတော့ ဟာသဆန်နေမလားမသိဘူး၊ ပတ်ဝန်းကျင်ရဲ့စကားသံကြောင့် ကိုယ့်ရည်မှန်းချက်ဖျက်ပစ်တာကို သရော်ထားပုံရတယ်။

သိအိုရီတစ်ခုကို ပုံသေတော့တွက်လို့ မရဘူး၊ တစ်ခါတလေဘဝနဲ့ ယှဉ်လာတဲ့ကိစ္စလေးတွေမှာ ပတ်ဝန်းကျင်ကို လျစ်လျူရှုသင့်ရင်ရှုထားရမှာပဲ။

လူငယ်တွေမှာ ယုံကြည်ချက်ရှိတယ်၊ ရည်မှန်းချက်ရှိတယ်။ ပြီးတော့ လုပ်ဆောင်ချက်လဲရှိတယ်။ ပတ်ဝန်းကျင်ကြောင့်တော့ သူတို့လေးတွေရဲ့ ရည်မှန်းချက်တွေ ပျက်



မသွားစေချင်ဘူး၊ စာရေးဆရာက အဲဒါတွေကို ရေးပြလေ။

ပတ်ဝန်းကျင်နဲ့နေတိုင်း ပတ်ဝန်းကျင်ကိုပဲ ဂရုစိုက်စိုက်နေရလို့ ကိုယ့်ဘဝရည်မှန်းချက်တွေကို ဖျက်ဖျက်ပေးနေရမယ်ဆိုရင်တော့ နေရာမကျပါဘူးကွာ၊ တစ်ခါတစ်လေတော့လဲ ပတ်ဝန်းကျင်ကို လျစ်လျူရှုသင့်ရင် လျစ်လျူရှုထားတာ အကောင်းဆုံးပါ"

* * * * *

အဲဒီနေ့မနက်က ကော်ဖီရဲ့ ခါးသက်သက်အရသာကို ခံစားရင်း သူငယ်ချင်းရဲ့ ချိုခါးခါးဒဿနပုံပြင် တစ်ပုဒ်ကိုလဲ ပူးတွဲခံစားခဲ့ရပါတယ်။

ဘာပဲပြောပြော အဲဒီနေ့က သူငယ်ချင်းရဲ့ "တစ်ခါတစ်လေတော့လဲ ပတ်ဝန်းကျင်ကိုလျစ်လျူရှုသင့်ရင် လျစ်လျူရှုရမှာပဲ"ဆိုတဲ့ ဒဿနချိုခါးခါးလေးကို ခံတွင်းတွေ့ခဲ့တာတော့ အမှန်ပါ။

***Fashion Image* မဂ္ဂဇင်း**
**ဇန်နဝါရီ၊ ၂၀၀၃**

www.burmeseclassic.com



# ရုပ်လှ ချင်ရင်

ရိုပ်သာမှာ တံမြက်စည်းလှည်းနေရင်း အတွေး တစ်ခုကြောင့် ဘာသာပြုံးလိုက်မိပါတယ်။ မိမိရဲ့အပြုံးကို အနားကဖြတ်သွားတဲ့သူငယ်ချင်းက မြင်ဖြစ်အောင်မြင်သွား တော့ "ဘာပြုံးတာလဲ"တဲ့။ မိမိကလည်း "ဘာမှမဟုတ်ပါ ဘူး"လို့ ပြုံးပြီး ပြန်ပြောလိုက်ရပါတယ်။ ဒီတော့သူငယ်ချင်း ဖြစ်သူက "စာရေးဆရာရယ်လို့ မပြောရဘူး၊ တော်တော် စိတ်ကူးယဉ်"လို့ပြောပြီး ရှေ့ဆက်လျှောက်သွားပါတယ်။

တကယ်တော့ မိမိပြုံးရခြင်းရဲ့အကြောင်းမှာ အဖြေ ကသိုးသန့်ရှိပြီးသားပါ။ သူငယ်ချင်းကို ပြောမပြဖြစ်ခဲ့ပေ မယ့် ချစ်တဲ့စာဖတ်ပရိသတ်ကိုတော့ တကူးတကကို ပြောပြချင်ပါတယ်။

တစ်ခါတုန်းကသိမ်ဟိုင်ဥကျွန်းမှာ ရုပ်အလွန်လှတဲ့သူ နှစ်ဦးရှိခဲ့ဖူးပါတယ်။ တစ်ဦးက အရှင်အဘယလို့ အမည်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းငယ်ဖြစ်ပြီး တစ်ဦးကတော့ အမတ်ကြီးရဲ့သားပါ။ သူတို့နှစ်ဦး ဘယ်လောက်အထိ ရုပ်လှကြသလဲဆိုရင် တခြားတခြားပုဂ္ဂိုလ်တွေ ကုသိုလ်ကောင်းမှုပြုပြီး ဆုတောင်းကြရင်တောင် ရဟန်းငယ်နဲ့ အမတ်ကြီးရဲ့သားလို ရုပ်လှရပါလို၏လို့ ဆုတောင်းကြတဲ့အထိပါပဲ။

ဒီနေရာမှာ ပုထုဇဉ်တို့ပီပီ ရဟန်းငယ်နဲ့ အကျွမ်းဝင်တဲ့သူတွေရှိသလို အမတ်ကြီးရဲ့သားနဲ့ အကျွမ်းဝင်တဲ့ သူတွေလည်း ရှိကြပါတယ်။ ပုဂ္ဂိုလ်မင်တော့ တရားခင်ဆိုတဲ့အတိုင်း ရဟန်းငယ်နဲ့ကျွမ်းဝင်သူတွေက ရဟန်းငယ်ရဲ့ရုပ်လှမှုကို အားကျသလို သီဟိုဠ်ကျွန်းမှာ သူတို့ရဟန်းငယ်သာ အလှဆုံးလို့ မှတ်ယူထားကြပါတယ်။ ဟိုဘက်က အမတ်ကြီးရဲ့သားနဲ့ အကျွမ်းဝင်သူတွေကလည်း အမတ်ကြီးသားရဲ့ ရုပ်လှမှုကို အားကျသလို သီဟိုဠ်ကျွန်းမှာ သူတို့အမတ်ကြီးရဲ့သားသာ အလှဆုံးလို့ မှတ်ယူထားကြပါတယ်။

ဒီလိုနဲ့တစ်နေ့ ကိစ္စတစ်ခုနဲ့ နှစ်ဘက်ဆုံဖြစ်ကြပါတယ်။ စကားစပ်မိစပ်ရာပြောကြရင်း စကားလမ်းကြောင်းက ဘယ်ကိုဦးတည်သွားကြသလဲဆိုတော့ ရဟန်းငယ်နဲ့ကျွမ်းဝင်သူတွေက သီဟိုဠ်ကျွန်းမှာ ရဟန်းငယ်သာအလှဆုံးလို့ ပြောလိုက်မိပါသတဲ့။ ဒီတော့ ဟိုဘက်က အမတ်ကြီးရဲ့သားနဲ့ အကျွမ်းဝင်သူတွေကလည်း သီဟိုဠ်ကျွန်းမှာ အမတ်ကြီးရဲ့သားသာ အလှဆုံးလို့ ပြန်ပြောလိုက်ပါသတဲ့။



နောက်ဆုံးတော့ စကားကဒီမှာပင် ရပ်မသွားတော့ဘဲ ရဟန်းငယ်ကပိုလှတယ်။ အမတ်ကြီးသားက ပိုလှတယ်ဆိုပြီး နှစ်ဘက်အငြင်းအခုံဖြစ်ကြပါရောတဲ့။ ဒီနေရာမှာတင် အမတ်ကြီးရဲ့သားအဖွဲ့ထဲက တစ်ယောက်က "သတ္တိရှိရင် သင်တို့ရဟန်းငယ်နဲ့ ငါတို့ အမတ်ကြီးရဲ့သား ဘယ်သူပိုလှတယ်ဆိုတာ အလှပြိုင်ကြမလား" လို့ ထ,စိန်ခေါ်လိုက်ပါသတဲ့။ ရဟန်းငယ်ရဲ့ အဖွဲ့ကလည်း ဘယ်အညံ့ခံမလဲ "စိန်လိုက်လေ"ဆိုပြီး ပြန်စိမ်ခေါ်လိုက်ပါသတဲ့။

ပြိုင်ပွဲနေရာကိုတော့ သူတို့သီဟိုဠ်ကျွန်းရဲ့ အထင်ကရတစ်နေရာဖြစ်တဲ့ မဟာစေတီကို သတ်မှတ်လိုက်ကြပါတယ်။ မိမိတို့ရန်ကုန်မှာရှိတဲ့ ရွှေတိဂုံစေတီတော်လိုနေရာမျိုးနေမှာပေါ့။ ရဟန်းငယ်နဲ့အမတ်ကြီးရဲ့သား ရုပ်အလှပြိုင်ကြမယ်ဆိုတဲ့သတင်းဟာ သီဟိုဠ်တစ်ကျွန်းလုံးပျံ့သွားပါတယ်။ ဒီအလှပြိုင်ပွဲမှာ သက်ဆိုင်ရာလူကြီးတွေ မသိအောင် လောင်းကြေးထပ်တဲ့ ဝါသနာအိုးတွေလဲ ပါချင်ပါမှာပါ။

ရဟန်းငယ်နဲ့ အမတ်ကြီးသားတို့ အလှပြိုင်ပွဲမှာ အမတ်ကြီးသားဘက်ကသူတွေက သူတို့လူကို အကောင်းဆုံး အဝတ်အစားတွေဝတ်ပေးပြီး ပြိုင်စေခဲ့သလို အလှပြိုင်ပွဲသတင်းကြားထားတဲ့ ရဟန်းငယ်ရဲ့ မယ်တော်ကြီးကလည်း သူ့သားရဟန်းငယ်ဆီ အကောင်းဆုံးသင်္ကန်းကိုသွားကပ်ပြီး

www.burmeseclassic.com



"သားတော်မနက်ဖြန် ဦးခေါင်းကို ပြောင်အောင်ရိတ်ပြီးတော့ ဒီသင်္ကန်းဝတ်ပြီးပြိုင်ပါ"လို့ ပြောပါသတဲ့ ။

ရဟန်းငယ်နဲ့ အမတ်ကြီးရဲ့သားတို့ အလှပြိုင်ပွဲမှာ ဘယ်သူနိုင်သွားကယ်ဆိုတာမပြောခင် သူတို့ ဘာ့ကြောင့် ရုပ်လှခဲ့ကြတယ်ဆိုတဲ့အကြောင်းကို ကြားဖြတ်အနေနဲ့ အရင်ပြောပြချင်ပါတယ်။

လွန်ခဲ့တဲ့ဘဝတစ်ခုမှာ ကျောင်းထိုင်မထေရ်ကြီး တစ်ပါးရယ်၊ ဝေယျာဝစ္စလုပ်ပေးနေတဲ့ ကပ္ပိယကြီးတစ်ယောက်ရယ်ရှိခဲ့ဖူးပါတယ်။ သူတို့နှစ်ဦးနေ့စဉ်ပြုတဲ့ ကုသိုလ်တစ်ခုကတော့ ကျောင်းဝင်းထဲက စေတီတစ်ဆူမှာ မထေရ်ကြီးက တံမြက်လှည်းပြီးကပ္ပိယကြီးက အမှိုက်ကျုံးပစ်ပေးပါတယ်။ မထေရ်ကြီးက ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ စေတနာပါပါနဲ့ တံမြက်လှည်းခဲ့သလို ကပ္ပိယကြီးကလည်း မထေရ်ကြီးနည်းတူ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ စေတနာပါပါနဲ့ အမှိုက်ကျုံးပစ်ပေးခဲ့ပါတယ်။ အဲဒီ ကုသိုလ်ကြောင့်ပဲ သူတို့နှစ်ဦးထဲက တံမြက်လှည်းခဲ့တဲ့ မထေရ်က ရုပ်အလွန်လှတဲ့ ရဟန်းငယ်ဖြစ်ပြီး အမှိုက် ကျုံးပစ်ပေးခဲ့တဲ့ ကပ္ပိယကြီးက ရုပ်အလွန်လှတဲ့ (အမတ်ကြီးရဲ့သား) သူငယ်ဖြစ်လာခဲ့ရတာပါတဲ့။

အတိတ်ဇာတ်ကြောင်းသိသွားပြီဆိုတော့ ရဟန်းငယ်နဲ့ အမတ်ကြီးရဲ့သားတို့ အလှပြိုင်ပွဲမှာ ဘယ်သူနိုင်သွားတယ်ဆိုတာ ချစ်တဲ့စာဖတ်ပရိသတ်တွေ ခန့်မှန်းလို့ရသွားရောပေါ့။

စာဖတ်သူဖြေကြည့်ပေးပါဦး ဘယ်သူနိုင်သွားတယ်ဆိုတာ ။

"...................."

ဟုတ်ပါတယ်။

အတိတ်ဘဝက တံမြက်လှည်းခဲ့သူ ရဟန်းငယ်က အနိုင်ရသွားပါတယ်။ ဒီဝတ္ထုလေးနဲ့အတူ ချစ်တဲ့စာဖတ်သူတွေအတွက် ဓမ္မလက်ဆောင်လေးလည်း ပူးတွဲထည့်ပေးလိုက်ပါရစေဦး။ရှေးဆရာတွေ စီကုံးထားတဲ့ တံမြက်လှည်းရကျိုး လင်္ကာလေးပါ၊ ကျက်ထားလိုက်ပါဦး။

သူများစိတ်ကြည် ၊ ကိုယ်စိတ်ကြည်နှင့်၊
တစ်လီနတ်ချစ် ၊ ရောင်လှစ်ဆင်းလှ၊
သေကာလမှာ ၊ ရောက်ရနတ်ပြေ၊
ဤငါးတွေသည်၊ မှတ်လေ တံမြက်လှည်းခြင်း အကျိုးတည်း။

* * * * *

တံမြက်လှည်းပြီးလို့ ပုံထားခဲ့တဲ့အမှိုက်တွေကို ကျုံးပစ်ရင်း"ရဟန်းငယ်က တံမြက်လှည်းခဲ့လို့ ရုပ်လှတာတဲ့၊ အမတ်ကြီးရဲ့သားက အမှိုက်ကျုံးပစ်ပေးခဲ့လို့ ရုပ်လှတာပဲ၊ အင်း.....ငါက နှစ်မျိုးလုံးလုပ်တာဆိုတော့ တန်ပြန်သက်

www.burmeseclassic.com



ရောက်မှသဘောအရဆိုရင် ငါက နှစ်ထပ်ကွမ်းအလှပေါ့" ဆိုတဲ့ အတွေးနဲ့အတူ ဒုတိယအကြိမ် ထပ်ပြုံးဖြစ်လိုက်ပါသေးတယ်။ ဒုတိယအပြုံးရဲ့မရှေးမနှောင်းမှာဘဲ တတိယအပြုံးကို ဆက်ပြုံးဖြစ်လိုက်ပြန်ပါတယ်။

အကြောင်းက . . . . . .


နှစ်ဘက်လုံးရဲ့အလှကို ပိုင်ဆိုင်ထားသူဖြစ်လေတော့ မိမိတစ်ယောက်တည်းများ အလှပြိုင်ပွဲ ကျင်းပနေမိမှဖြင့် . . . . . . ။

<u>ကျမ်းကိုး</u>


၁။ ပရိဝါအဋ္ဌကထာ–စာမျက်နှာ (၁၇၅)

၂။ သီဟိုဠ်ခတ်စံတော်ဝင်အရိယာများ၊
စာမျက်နှာ–၄၀၃၊၄၀၇(ဓမ္မာစရိယဦးဌေးလှိုင်)


အလင်းတန်းဂျာနယ်
၁၆–၁၂–၂၀၀၂



www.burmeseclassic.com



# သူငယ်ချင်း ဆိုတာ

သူငယ်ချင်းဆိုတာ ဘာလဲလို့မေးရင် စာမှာ ဒီလို ဖွင့်ပြထားပါတယ်။

သုခဒုက္ခေ သဟ အာယန္တိ ဥပဂစ္ဆန္တီတိ သဟာယ ကော၊ အဓိပ္ပါယ်ကတော့ ချမ်းသာဆင်းရဲကို အတူတကွ ခံစားတတ်သောကြောင့် သူငယ်ချင်းပါတဲ့၊ သူငယ်ချင်းရဲ့ ပါဠိက သဟာယကပါ။

မကြာသေးခင်ကမိမိတို့ရိပ်သာကို သုံးဆယ်စွန်းစွန်း ဆရာဝန်နှစ်ယောက် ရောက်လာပါတယ်။ တစ်ယောက်က တရားဝင်ဖို့၊ တစ်ယောက်ကတော့ အဖော်အာမခံအဖြစ် လိုက်လာတာပါ။ အဖော်အာမခံအဖြစ်လိုက်လာတဲ့ ဆရာဝန်က ကျောင်းတိုက်နဲ့ ဆက်စပ်နေသလို တရားရိပ်သာဝင်မယ့် ဆရာဝန်ကလည်း ဆရာတော်အရှင်ဆန္ဒာဓိကနဲ့ ဆက်စပ်နေပြန်ပါတယ်။ ဒီတော့ မိမိကလည်း ထိုက်သင့်သလောက်



ကူညီရုံပေါ့။ ကူညီတယ်ဆိုပေမယ့်လည်း ထူးပြီးမကူညီမိပါဘူး။ နှုတ်အားဖြင့် ပြောပြရုံပါ။

မိမိစိတ်ဝင်စားတာက အဖော်အဖြစ်လိုက်လာတဲ့ သူငယ်ချင်းဆရာဝန်ကိုပါ။ အဲဒီဆရာဝန်က ရောက်တဲ့နေ့မှာ သူ့သူငယ်ချင်းဆရာဝန်အတွက် ကိုယ်တိုင်အိပ်ရာခင်းပေး ကိုယ်တိုင်ခြင်ထောင်ထောင်ပေး ပါလာတဲ့ပစ္စည်းတွေကို သင့်တော်သလိုထားပေးရင်း သူ့သူငယ်ချင်းကို အားပေးစကားတွေ တွင်တွင်ပြောနေပြန်ပါတယ်။ ပြန်ခါနီးတော့ မိမိကိုလည်း သူ့သူငယ်ချင်းက တစ်ခါမှ တရားမဝင်ဖူးသေးလို့ ဂရုစိုက်ဖို့မှာနေပြန်ပါတယ်။ တရားဝင်နေတဲ့ တခြားရက်တွေမှာလည်း မကြာခဏလာပြီးလိုအပ်တာတွေ လုပ်ပေးလေ့ရှိပါတယ်။ သူ့ရည်းစားတောင် ဒီလောက် ဂရုစိုက်ပါ့မလားလို့ ကြိတ်ကြိတ်ဖန်ဖန် တွေးလိုက်မိပါသေးတယ်။

သူတို့နှစ်ယောက်ရဲ့ ကံသုံးပါးအမူအရာလေးတွေဟာ မြင်နေရသူ မိမိအတွက်တော့ သူငယ်ချင်းဆိုတဲ့အဓိပ္ပါယ်ကို ဖွင့်ပြနေသလို ခံစားရပါတယ်။ စိတ်ထဲမှာလဲ အဖော်အဖြစ်လိုက်ပို့တဲ့ဆရာဝန်ကို တော်တော်လေး ကြည်ညိုသွားမိပါတယ်။ ဟုတ်တယ်လေ။ တရားအားမထုတ်ဖူးသေးတဲ့ သူငယ်ချင်းကို ရိပ်သာရောက်အောင် ပို့ပေးနိုင်တာဟာ နည်းတဲ့သံယောဇဉ် နည်းတဲ့အသိဉာဏ်မှ မဟုတ်တာ။ သူငယ်ချင်းဆိုတာဒါမျိုးမှ တခြားပစ္စည်းတွေနဲ့ ချီးမြှောက်တာထက် ဓမ္မနဲ့ချီးမြှောက်တာဟာ အကောင်းဆုံး ချီးမြှောက်မှုပါ။ အဲဒီ ဆရာဝန်သူငယ်ချင်းနှစ်ယောက်ရဲ့ ကံသုံးပါး

www.burmeseclassic.com

www.burmeseclassic.com



အမူအရာလေးတွေကြည့်ပြီး ကြည်ညိုဖြစ်ရင်း အနုပြောပြမယ့် ဝတ္ထုလေးက အတွေးထဲပေါ်လာတာပါ။

ဖြစ်စဉ်နှစ်ခုကိုနှိုင်းယှဉ်တာတော့ မဟုတ်ပါဘူး၊ နှိုင်းယှဉ်ရအောင် ပုံသဏ္ဍာန်ချင်းလဲ မတူပါဘူး။ ဒါပေမယ့် ဖြစ်စဉ်နှစ်ခုလုံးကသူငယ်ချင်းဆိုတဲ့အဓိပ္ပါယ်ကိုဖွင့်ပြနေလို့ပါ။

ကဿပဘုရားရှင်လက်ထက်တော်က ဃဋိကာရ လို့ အမည်ရတဲ့ အိုးထိန်းသည်တစ်ယောက်ရှိခဲ့ဖူးပါတယ်။ ဃဋိကာရရဲ့ အချစ်ဆုံးသူငယ်ချင်းက ဇောတိပါလပါ။ ဃဋိကာရကဇာတ်နိမ့်အမျိုး၊ ဇောတိပါလက ဇာတ်မြင့်အမျိုး၊ ဒါပေမယ့်သူတို့နှစ်ယောက်အတော်ချစ်ကြတယ်လို့ဆိုပါတယ်။

တစ်နေ့တော့ ဃဋိကာရက ဇောတိပါလကို ကဿပဘုရားရှင်ကိုသွားဖူးဖို့ ခေါ်ပါတယ်။ ဒီတော့ ဇောတိပါလက ဘယ်လိုပြန်ပြောသလဲဆိုတော့ “ ဦးပြည်းရဟန်းယုတ်ကိုဖူးလို့ ဘာအကျိုးရှိမှာလဲ ”လို့ ပြန်ပြောပါတယ်။ ဇောတိပါလရဲ့ စကားသံထဲမှာ ဇာတ်မြင့်ဆိုတဲ့ မာနသံက အထင်းသားပေါ်နေပါတယ်။ ဃဋိကာရက သုံးကြိမ်သုံးခါ ခေါ်ပါတယ်။ဇောတိပါလကလဲသုံးကြိမ်သုံးခါငြင်းပါတယ်။

ဇောတိပါလရဲ့ ငြင်းသံအဆုံးမှာ ဃဋိကာရက ရေချိုးဖို့ မြစ်ဆိပ်ကို ခေါ်ပြန်ပါတယ်။ ဒီအခါမှာတော့ ဇောတိပါလမငြင်းပါဘူး။ ဃဋိကာရနောက်ကို ဖြောင့်ဖြောင့်တန်းတန်းလိုက်ခဲ့ပါတယ်။

တကယ်တော့ ဃဋိကာရက ဇောတိပါလကို ပရိယာယ်နဲ့ ခေါ်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြစ်ဆိပ်နဲ့



မြတ်စွာဘုရားကျောင်းတော်နဲ့နီးလို့ပါ။ဃဋိကာရက မြစ်ဆိပ်ရောက်တော့ ဘုရားရှင်ဆီသွားဖူးဖို့ ထပ်ခေါ်ပြန်ပါတယ်။ ဒါပေမယ့် ဇောတိပါလကငြင်းမြဲပါပဲ။ ဒီတော့ ဃဋိကာရက ဇောတိပါလရဲ့ခါးပုံစကိုကိုင်ပြီးတောင်းတောင်းပန်ပန်နဲ့ခေါ်ပြန်ပါတယ်။ဇောတိပါလကတော့ရှေးနည်းအတိုင်းငြင်းမြဲပါပဲ။

နောက်ဆုံးတော့ ဃဋိကာရက ဘာလုပ်လိုက်သလဲဆိုတော့ ဇောတိပါလရဲ့ ဆံပင်ကိုကိုင်တဲ့ပြီး မြတ်စွာဘုရားဆီလိုက်ခဲ့ဖို့ တိုက်တွန်းလိုက်ပါတယ်။ ဒီအချိန်မှာတော့ ဇောတိပါလလည်း တော်တော်လေး ထိတ်လန့်တုန်လှုပ်သွားပါတယ်။ ဇောတိပါလက ဇာတ်မြင့်၊ ဃဋိကာရက ဇာတ်နိမ့်။ ဇာတ်နိမ့်သူက ဇာတ်မြင့်သူရဲ့ ဆံပင်ကိုကိုင်ခဲ့ရင် သူတို့ခေတ်ဥပဒေအရသေဒဏ်ပါ။ ဒီတော့ဇောတိပါလက ဘယ်လို စဉ်းစားသလဲဆိုတော့ “သူငယ်ချင်းဃဋိကာရဟာ သေဒဏ်ကိုမမှုဘဲ ငါ့ရဲ့ဆံပင်ကိုကိုင်ပြီး သူ့ဆရာ ဘုရားရှင်ဆီလိုက်ခဲ့ဖို့ ခေါ်တယ်။ ဒီအပြုအမူဟာ ငါ့အပေါ်အတော်ချစ်လို့ဖြစ်မယ်၊ ပြီးတော့ တစ်စုံတစ်ခုသော အကျိုးကိုလိုလားလို့ ဖြစ်မယ်ထင်တယ်။ ဘာပဲပြောပြော သူ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ လိုက်သွားမှပဲ”လို့ စဉ်းစားပါသတဲ့။ ပြီးတော့ “သူငယ်ချင်း ဃဋိကာရ... ဆံပင် ကိုင်တဲ့အထိတောင် သင့်ဆရာကိုဖူးမြင်စေလိုသလား”လို့ ပြန်မေးလိုက်ပါတယ်။ဃဋိကာရလည်း“ဟုတ်ပါတယ်သူငယ်ချင်းရယ်” လို့ပြောပြီးဇောတိပါလကို ဘုရားရှင်ဆီပို့ပေးဖို့စီစဉ်ပါတယ်။

ဒီနေရာမှာပြောချင်တာက ဇောတိပါလရဲ့အတွေး

www.burmeseclassic.com

ပါ၊ သူငယ်ချင်းဆိုတဲ့အသိကိုမေ့ပြီး ဇာတ်နိမ့် ဇာတ်မြင့် ဥပဒေဆီကိုသာ တွေးလိုက်ရင် ပွဲကတစ်မျိုး တစ်မည်ပြောင်းပြီး အကျည်းတန်သွားနိုင်ပါတယ်။ ဒါပေမယ့် သူတို့တစ်တွေဟာ တကယ့်သူငယ်ချင်းတွေဖြစ်နေတာကြောင့် ပွဲကအကျည်းတန်မသွားဘဲ အလှပဆုံး ပွဲလေးတစ်ပွဲ ဖြစ်သွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဇောတိပါလက မြတ်စွာဘုရားဆီ ရောက်သွားခဲ့လို့ပါ။

ပြီးတော့ ပိုပြီးအံ့သြဖို့ကောင်းတာက ဇာတ်ဆပါင်းခန်းကြည့်လိုက်တော့ မြတ်စွာဘုရားဆီသွားဖို့ အကြောက်အကန်ငြင်းနေခဲ့တဲ့ ဇောတိပါလဟာ တခြားသူဟုတ်ရိုးလား၊ မိမိတို့ရဲ့ ဂေါတမဘုရားအလောင်း ဖြစ်လို့နေတာပါပဲ။

ဘာပဲပြောပြော ကိုယ်ချစ်တဲ့သူငယ်ချင်း တစ်ယောက်ယောက် ဂမ္ဘီရယောင်ယောင်၊ ဓာတ်ယောင်ယောင်၊ နတ်ယောင်ယောင် တောလိုလို တောင်လိုလို ဆရာဆီရောက်ပြီး ဘာသာရေးလမ်းကြောင်းချော်နေလို့ တည့်မတ်ပေးရတဲ့အရေး အင်တင်တင်လုပ်နေခဲ့ရင်တော့ ဃဋိကာရထုံးနှလုံးမူပြီး နားရင်းအုပ်သင့်ရင် အုပ်ပစ်လိုက်ဖို့ပါပဲလေ။

__ကျမ်းကိုး__

မဇ္ဈိမပဏ္ဏာသပါဠိတော်-ဃဋိကာရသုတ်

*အင်တာဗျူးဂျာနယ်*

၂၅-၁၂-၂၀၀၂



www.burmeseclassic.com

# လက်ငင်းအကျိုးပေးတဲ့ ဒါနစေတနာ

ဘယ်နေရာရောက်ရောက် ခွေးကျွေးတဲ့အလုပ်ကလေးကိုတော့ ဝတ်တစ်ခုလိုကိုထားပြီး လုပ်ဖြစ်ပါတယ်။ တစ်ခါတလေဆို လမ်းပေါ်မှာ ခွေးပိန်ကလေးတွေ တွေ့ရရင်တောင် နီးစပ်ရာမုန့်ဆိုင်ကဝယ်ပြီး ကျွေးခဲ့ဖူးပါတယ်။

တစ်နေ့တော့ ဒီခွေးကျွေးတာနဲ့ပတ်သက်ပြီး သူငယ်ချင်းက မေးခွန်းတစ်ခုမေးလာပါတယ်။

"တနင်္လာနံမို့ ခွေးကျွေးတာလား" တဲ့။

မိမိက "တနင်္လာနံဆိုတာဘာလဲ"လို့ ပြန်မေးတော့ သူငယ်ချင်းက "ခွေနံလေ"တဲ့။

ဒီတော့မှ မိမိလည်း သဘောပေါက်သွားပြီး "တနင်္လာနံကြောင့်တော့မဟုတ်ဘူး၊ သီဟိုဠ်ဝတ္ထုလေးတစ်ပုဒ်ကို ဖတ်ဖူးထားလို့ပါ"လို့ပြောပြီး အဲဒီ သီဟိုဠ်ဝတ္ထုလေးကိုပါ သူငယ်ချင်းကို ပြောပြဖြစ်လိုက်ပါတယ်။ သူငယ်ချင်းက



"သြော်...ဒါကြောင့်ကိုး"လို့ အတည်လိုလို နောက်သလိုလိုနဲ့ ပြန်ပြောခဲ့တာ အခုအထိ မှတ်မိနေပါသေးတယ်။

သူငယ်ချင်းကိုပြောပြဖူးခဲ့တဲ့ သီဟိုဠ်ဝတ္ထုလေးကို အခုချစ်တဲ့ စာဖတ်သူတွေကိုလည်း ပြန်ပြောပြချင်ပါတယ်။

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ အရှင်စူဠနာဂလို့ အမည်ရတဲ့ မထေရ်တစ်ပါးရှိခဲ့ဖူးပါတယ်။

သီဟိုဠ်ကျွန်းအနုရာဓမြို့မှာ မြတ်စွာဘုရားရဲ့ ညှပ်ရိုးတော်ကို ဌာပနာထားရာလည်းဖြစ်၊ ဒေဝါနံပိယတိဿမင်းကြီးရဲ့ ကောင်းမှုလည်းဖြစ်တဲ့ ထူပါရုံစေတီတော်ဆိုတာရှိပါတယ်။ ထူပါရုံစေတီတော်ရဲ့အနီးမှာရှိတဲ့ ကျောင်းကြီးကိုလည်း ထူပါရုံကျောင်းတိုက်ကြီးလို့ ခေါ်ပါတယ်။ အရှင် စူဠနာဂဟာ အဲဒီထူပါရုံကျောင်းတိုက်ကြီးမှာ တခြားရဟန်းတော်တွေနဲ့အတူ သီတင်းသုံးနေတဲ့ ရဟန်းတစ်ပါးပါ။

တစ်နေ့ အရှင်စူဠနာဂဆွမ်းစားပြီးလို့ ခံတွင်းဆေးပြီးချိန်မှာ သားတွေပေါက်ထားတဲ့ ခွေးမတစ်ကောင်ကို တွေ့လိုက်ရပါတယ်။ ခွေးမကိုသေချာကြည့်လိုက်တော့ ပိန်ပိန်ချည့်ချည့်နဲ့ အတော်ဆာလောင် မွတ်သိပ်နေတဲ့ပုံပါ။ ဆာလောင်မွတ်သိပ်နေပုံရတဲ့ ခွေးမကိုမြင်လိုက်တော့ အရှင်စူဠနာဂက တော်တော်လေးသနားသွားပါတယ်။ ဒါပေမယ့် ဆွမ်းစားပြီး သပိတ်ဆေးပြီးပြီဆိုတော့ ကျွေးစရာဆွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်လည်း မရှိတော့ပါဘူး။

ဒါကြောင့် ဘာလုပ်လိုက်သလဲဆိုတော့ "ငါသည် စားအပ်ပြီးသော အစာမှန်သော်လည်း ထိုခွေးမအား အန်၍ လှူအံ့သောငှာအပ်၏"လို့ နှလုံးပိုက်ပြီး မိမိရဲ့ခံတွင်းထဲကို လက်ထိုးအန်ပြီး ခွေးမကိုကျွေးလိုက်ပါတယ်။ အရှင်စူဠနာဂ ဟာ ခွေးမကိုအန်ကျွေးရုံတင်မကပါဘူး၊ အိုးခြမ်းကွဲတစ်ခု ထဲမှာ ရေထည့်ပြီး ရေလဲတိုက်လိုက်ပါသေးတယ်။

အစာထိုက်သင့်သလောက်ဝသွားတဲ့ ခွေးမကို ကြည့်ပြီး အရှင်စူဠနာဂလည်း တစ်ခါမှ မဖြစ်ဖူးတဲ့ ပီတိတွေ ဖြစ်လာပါတယ်။ ဒါကြောင့် ဆုတစ်ခုကို ကောက်ခါငင်ခါ တောင်းလိုက်ပါတယ်။ သူ့ရဲ့ဆုတောင်းက

"ငါသည် ဤခွေးမအား မိမိရဲ့ခန္ဓာကိုယ်ကို မငဲ့ ကွက်ဘဲ အန်၍ကျွေးလိုက်ရသော ကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်ရောက်ရပါလို၏။ နိဗ္ဗာန်မရသေး၍သံသရာကျင်လည် ရသည်ရှိသော် ပစ္စည်းလာဘ်လာဘ ပေါများရပါလို၏"တဲ့။

စာမှာတော့ အရှင်စူဠနာဂရဲ့ ဒါနစေတနာဟာ ပထမဈာနအဆင့်မှာတင် အရှိန်အဟုန်အစွမ်း တော်တော် ကြီးမားနေခဲ့တယ်လို့ ဆိုပါတယ်။

အရှင်စူဠနာဂဆုတောင်းတဲ့နေ့ ညချမ်းမှာပဲ ဒကာ ဒကာမများစွာဟာ ထောပတ်တွေ တင်လဲခဲတွေ သကာတွေ ပျားရည်တွေယူလာပြီး "အရှင်စူဠနာဂ ဘယ်ကျောင်းမှာ



နေပါသလဲ"လို မေးပြီးရောက်လာကြပါတယ်။ အရှင်စူဠနာဂ လည်း ကိုယ့်ကိုယ်ကို အံ့အားသင့်နေပါတယ်။ အရှင်စူဠနာဂ ဟာ ရောက်လာတဲ့ ဘုဉ်းပေးစရာတွေကို သီတင်းသုံးဖော် ရဟန်းတော်တွေကိုပါ ခွဲဝေလှူဒါန်းလိုက်ပါတယ်။

နောက်မကြာခင်မှာ ဒကာဒကာမတွေ ထပ်ရောက် လာပြန်ပါတယ်။ သူတို့သီဟိုဠ်ခေတ်မှာ အသုံးများတဲ့ စာတိပ္ပိုလ်ပွင့် အစရှိတဲ့ဆေးတွေကို ယူလာပြီး ကပ်လှူပြန်ပါ တယ်။ အရှင်စူဠနာဂလည်း ရှေးနည်းအတိုင်း သီတင်း သုံးဖော်တွေကိုပါ ခွဲဝေလှူဒါန်းလိုက်ပါတယ်။

နံနက်လင်းလို့ ဆွမ်းခံကြွတဲ့အခါမှာတော့ ဒကာ ဒကာမတွေဟာ ရေတွက်လို့မရနိုင်လောက်အောင် ဆွမ်းဟင်း များစွာကို လောင်းလှူတော့တာပါပဲတဲ့။

ဘယ်လောက်အထိ ဆွမ်းတွေရသလဲဆိုရင် ထူပါရုံကျောင်းတိုက်မှာ သီတင်းသုံးနေတဲ့ ရဟန်းတော် အားလုံး သုံးဆောင်နိုင်လောက်အောင်အထိ များပြားလွန်း တယ်လို့ ဆိုပါတယ်။ ဒါကြောင့် အရှင်စူဠနာဂက ကျောက် စည်ကို တီးခတ်ပြီး ထူပါရုံကျောင်းတိုက်မှာ သီတင်းသုံး နေတဲ့ ရဟန်းတော်တွေကိုပြန်ပြီး လောင်းလှူလိုက်ပါတယ်။ နောက်ရက်တွေမှာလည်းအရှင်စူဠနာဂဟာ ရသမျှဆွမ်းဟင်း တွေကို ကျောက်စည်တီးခတ်ပြီး နေ့စဉ်ပြန်လှူခဲ့ပါတယ်။

တစ်နေ့မှာတော့ အရှင်စူဠနာဂဟာ မိမိပြုခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒါနစေတနာကို ပြန်ဆင်ခြင်ရင်း ပီတိတွေဖြစ်လာပါတယ်။ အဲဒီဖြစ်ပေါ်လာတဲ့ပီတိကို အခြေခံပြီး ဝိပဿနာဘာက်ကူး ကမ္မဋ္ဌာန်းဘာဝနာကို ကြိုးကြိုးစားစား အားထုတ်လိုက်တာ ရဟန္တာဖြစ်သွားခဲ့ပါတယ်။ တက်ကြွထက်သန်တဲ့ ဒါန စေတနာဟာ ပစ္စုပ္ပန်အကျိုးတင်မကဘဲ အရဟတ္တဖိုလ်အထိ အကျိုးပေးသွားတာပါပဲ။

အရှင်စူဠနာဂ ရဟန္တာဖြစ်ပြီးနောက်ပိုင်း တစ်ခု သော ကာလကြာကြာရက်တစ်ရက်မှာ ထူပါရုံကျောင်းတိုက် မှာရှိတဲ့ ရဟန်းတော်ငါးရာကြွလာပြီး မဇ္ဈိမဒေသ အိန္ဒိယ နိုင်ငံမှာရှိတဲ့ မဟာဗောဓိပင်ကို လိုက်ပို့ပေးဖို့ တောင်းပန် ကြပါတယ်။ အရှင်စူဠနာဂကလဲ လိုက်ပို့ပေးပါမယ်လို့ ပြန် ဝန်ခံလိုက်ပါတယ်။ အရှင်စူဠနာဂကို လိုက်ပို့ပေးဖို့ တောင်း ပန်ရခြင်းရဲ့ အဓိကအကြောင်းကတော့ လမ်းခရီးတစ် လျှောက်မှာ ဆွမ်းကွမ်း အခက်အခဲမရှိအောင်လို့ပါ။

အရှင်စူဠနာဂလည်း ဂတိခံထားတဲ့အတိုင်း ရဟန်း တော်ငါးရာကို မဟာဗောဓိပင်ကို လိုက်ပို့ပေးပါတယ်။ လမ်းခရီးတစ်လျှောက်မှာနတ်ကောင်းနတ်မြတ်တွေက ကူညီ စောင့်ရှောက်သလိုရောက်ရာ ဒေသက ဒကာ ဒကာမတွေ ကလည်းဆွမ်းအချိုပွဲတွေအလှူအပယ်လောင်းလှူကြပါတယ်။

မဟာဗောဓိပင်ကိုဖူးပြီး အပြန်ခရီးမှာတော့ အရှင်စူဠနာဂဟာ လေဝမ်းရောဂါကို အပြင်းအထန်ခံစား



ရပါတော့တယ်။ ဒီတော့ အတူပါလာသူ ရဟန်းတော်တွေ လည်း စိတ်မကောင်းဖြစ်ကြရပါတယ်။ သူတို့ စိတ်မကောင်း ဖြစ်ရခြင်းရဲ့ အကြောင်းကတော့ အကယ်၍ အရှင်စူဠနာဂ လမ်းခရီးမှာပရိနိဗ္ဗာန်ပြုခဲ့ရင် သူတို့အတွက် ဆွမ်းဆောဇဉ် အခက်အခဲ တွေ့ကြမှာစိုးလို့ပါ။ ဒါကိုသိတဲ့ အရှင်စူဠနာဂက အဖော်ရဟန်းငါးရာကို ဘယ်လိုမိန့်သလဲဆိုတော့ "အရှင် ဘုရားတို့ အထွေအထူးမစိုးရိမ်ကြပါနဲ့၊ တပည့်တော် ပရိ နိဗ္ဗာန်ပြုခဲ့ရင် ကြွင်းကျန်တဲ့ တပည့်တော်ရဲ့ဓာတ်တော်ကို ရှေ့ဆုံးကကြွတဲ့ မထေရ်ရဲ့ ရေစစ်မှာဖြစ်ဖြစ် သပိတ်မှာ ဖြစ်ဖြစ်ဖွဲ့ချည်ပြီး မြို့ရွာထဲဝင်ပါဘုရား။ ဒါဆို အရှင်ဘုရား တို့အတွက် လမ်းခရီးမှာ ပစ္စည်းလေးပါးအတွက် မပင်မပန်း ဖြစ်ရပါလိမ့်မယ်ဘုရား"လို့ အကြံပေးတော်မူပါတယ်။

အရှင်စူဠနာဂမထေရ်လည်း အဲဒီလိုအကြံပေးပြီး မကြာခင်မှာပဲ ပရိနိဗ္ဗာန်ပြုသွားပါတယ်။ ကျန်ခဲ့တဲ့ သီတင်းသုံးဖော် ရဟန်းတော်တွေက အရှင်စူဠနာဂရဲ့ အလောင်းတော်ကို ကောင်းကောင်းသင်္ဂြိုဟ်ပြီး အရှင်စူဠနာဂ မှာခဲ့တဲ့အတိုင်း ဓာတ်တော်တွေကိုယူပြီး ကြွတော်မူကြပါ တယ်။ ကြွတော်မူတဲ့လမ်းခရီးတစ်လျှောက် ပစ္စည်းလေးပါး မပင်မပန်းနဲ့ မိမိတို့သီတင်းသုံးရာ သီဟိုဠ်ကျွန်း ထူပါရုံ ကျောင်းတိုက်ကို ပြန်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။

စေတနာကြီးမားလှတဲ့ သာမန်ဒါနလေးဟာ

www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်မရှိတော့တာတောင် ကျန်ခဲ့သူတွေအတွက် အကျိုးပြုသွားတဲ့ သီဟိုဠ်ဓမ္မဝတ္ထုလေးပါ။ စေတနာရဲ့ သဘောသရုပ်ကို ဖွင့်ပြခဲ့တဲ့ ဝတ္ထုလေးအဖြစ်လည်း ပူးတွဲ သဘောပေါက်လိုက်ရပါတယ်။

အရှင်စူဠနာဂရဲ့ ဝတ္ထုလေးကို သတိရနေသမျှတော့ ခွေးတွေကို ကျွေးဖြစ်နေဦးမှာပါ။

ခွေးတွေကို ကျွေးဖြစ်နေသမျှတော့ အရှင်စူဠနာဂရဲ့ ဝတ္ထုလေးကို သတိရနေဖြစ်ဦးမှာပါ။

<u>ကျမ်းကိုး</u>

မဓုရ ရသဝါဟိနီကျမ်း–စူဠနာဂမထေရ်ဝတ္ထု
(နှာ–၃၇၁ မှ ၃၈၀)

*Faces* (မှ၁) မဂ္ဂဇင်း
ဇန်နဝါရီ၊ ၂၀၀၃



www.burmeseclassic.com

www.burmeseclassic.com

## စိတ်ညစ်ရင်
# အာရုံပြောင်းလိုက်ပါ

ဘဝမှာအမြဲတမ်း ပျော်ရွှင်တက်ကြွနေဖို့ဆိုတာ အတော်မလွယ်တဲ့ကိစ္စပါ။ တစ်ခါတလေပျော်မယ်။ တစ်ခါတစ်လေစိတ်ညစ်မယ်။ တစ်ခါတလေဆို ဘဝမှာ ဘာမှ အသုံးမဝင်တဲ့ တောထဲကသစ်ဆွေးတုံးကြီးလို ခံစားချင်ခံစားရမယ်။ ပျော်ရွှင်နေတဲ့အခါ ဘာလုပ်လုပ် အဆင်ပြေနေတတ်ပေမယ့် မပျော်မရွှင်နဲ့ စိတ်ဓာတ်ကျနေတဲ့ အခါမျိုးတွေမှာတော့ ဘာပဲလုပ်လုပ် အဆင်မပြေဖြစ်နေတတ်ပါတယ်။

ဒါဘာဖြစ်လို့လဲမေးရင်အာရုံကြောင့်လို့ ယေဘူယျဖြေလို့ရပါတယ်။ ဘဝခရီးတစ်လျှောက် အာရုံမျိုးစုံနဲ့ တွေ့နေကြရမှာပါ။ အဲဒီအာရုံမျိုးစုံထဲမှာ နှစ်သက်တဲ့အာရုံလည်း တွေ့ရမှာဖြစ်သလို မနှစ်သက်တဲ့အာရုံလည်း တွေ့ရမှာပါ။ တစ်ခါတလေ အာရုံတစ်ခုကြောင့် ကိုယ့်ရဲ့ဘဝလမ်းကြောင်းတွေ ပျောက်နေတတ်တာတောင် ရှိတတ်ပါတယ်။ ဒါမျိုးက



တွေ့ကြုံရသူအတွက် အလွန်အန္တရာယ်များလှပါတယ်။

ဒီတော့ဘာလုပ်မလဲ ?

အာရုံဆိုးတွေနဲ့တွေ့ပြီး စိတ်ညစ်နေတဲ့အခါမျိုးတွေမှာ အာရုံပြောင်းပစ်လိုက်ဖို့ပါပဲ။ ခရီးထွက်ပစ်တာတို့၊ ကိုယ်အထုံဝါသနာအပါဆုံးကုသိုလ်မျိုးကို အားရပါးရ ပြုလုပ်ပစ်တာတို့၊ ရိပ်သာမှာ တစ်ပတ်ဆယ်ရက်ဝင်ပစ်တာတို့စသည့်ဖြင့်ပေါ့။ စာမှာ တိုက်ရိုက်ပြထားတာကတော့ စိတ်ညစ်လာပြီဆိုရင် ကိုယ်ဝါသနာပါတဲ့ ဝေယျာဝစ္စ ကုသိုလ်တစ်ခုကို ပြုပြီး ဖျောက်ပစ်ပါတဲ့။ ဒီနေရာမှာ အာရုံပြောင်းဖို့အတွက် သောက်လေ့မရှိတဲ့ အရက်သွားသောက်တာတို့၊ ဗေဒင်သွားမေးတာတို့ကိုတော့ အထူးသတိထားရပါမယ်။ ကိုယ့်အားနည်းချက်ကိုသိပြီး အခွင့်အရေးယူတတ်တဲ့ ဗေဒင်ဆရာမျိုးနဲ့များ သွားတွေ့လိုက်လို့ကတော့ ပိုတောင်အန္တရာယ်များသွားနိုင်ပါတယ်။ အဓိကကတော့အာရုံပြောင်းလဲမှုမှန်ဖို့ပါ။ အာရုံပြောင်းလဲမှုရဲ့ အကျိုးသက်ရောက်မှုနဲ့ပတ်သတ်ပြီးသီဟိုဠ်မှဝတ္ထုလေးတစ်ပုဒ်ကိုပြောပြချင်ပါတယ်။

တစ်ခါတုန်းကသီဟိုဠ်ကျွန်းမှာ ကိုရင်တိဿဆိုတဲ့ကိုရင်တစ်ပါးရှိခဲ့ဖူးပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာ စိတ်ညစ်စရာအာရုံတစ်ခုနဲ့တွေ့ပြီး လူထွက်ချင်လာပါသတဲ့။ ကိုရင်တိဿက သူစိတ်ညစ်လို့ လူထွက်ချင်တဲ့အကြောင်းကို ဆရာဘုန်းကြီးကို သွားလျှောက်ပါတယ်။ ဒီတော့ ဆရာဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးက "အင်း အာရုံကြောင့်ဖြစ်တဲ့စိတ်ဟာ အမြဲတမ်း အဆိုးဘက်ကိုချည်း ယိမ်းမနေဘူး၊ အာရုံကြောင့်ဖြစ်တဲ့စိတ်ကို အာရုံနဲ့ပဲ ပြန်ကုပေးမှ။ လူဆိုတာ အာရုံသစ်ကိုအခြေတည်ပြီး ပျော်ရွှင်တတ်ကြတယ်။ ဒါကြောင့် အာရုံသစ်တစ်ခု ပြောင်းပေးလိုက်မှပဲ" ဆိုပြီး တွေးမိပုံရပါတယ်။ ဒါကြောင့် ဆရာဘုန်းကြီးက "ကောင်းပြီ ငါ့တပည့်၊ လူထွက်ဖို့ ဆုံးဖြတ်ပြီးရင်လည်းငါတို့မတားလိုဘူး။ ဒါပေမယ့် ငါတို့နေတဲ့ ကျောင်းဟာ ချိုးရေအလွန်ရှားတယ်။ ငါ့တပည့် လူမထွက်ခင် ငါတို့ကိုရေပေါရာ စိတ္တရတောင်ကို ပို့ပေးခဲ့ပါဦး"လို့ မိန့်လိုက်ပါတယ်။

ကိုရင်တိဿကလည်း ဆရာဘုန်းကြီးပြောတဲ့အတိုင်း သူ့ဆရာကို စိတ္တရတောင်ကို ပို့ပေးရှာပါတယ်။ စိတ္တရတောင်ရောက်တော့ ဆရာဘုန်းကြီးက ဘယ်လို ထပ်မိန့်ပြန်သလဲဆိုတော့" ငါ့တပည့်ရယ်၊ ဒီစိတ္တရတောင်တွေမှာရှိတဲ့ ကျောင်းတွေဟာ သံဃာပိုင်သံဃိကကျောင်းတွေကွဲ့၊ သံဃိကကျောင်းဆိုတော့ နေတာထိုင်တာ အစစအရာရာ ဆင်ခြင်နေရတယ်။ သိပ်လွတ်လပ်မှုမရှိဘူးပေါ့။ ဒါကြောင့် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းလေးတစ်ကျောင်းတော့ လိုချင်တယ်၊ ဖြစ်နိုင်ရင် စီစဉ်ပေးခဲ့ပါဦးကွယ်"လို့ ဆက်မိန့်ပါတယ်။

ကိုရင်တိဿကလည်း လူထွက်ခါနီး ဆရာသမား



ကို နောက်ဆုံးပြုပေးခြင်းဆိုတဲ့အသိနဲ့ တက်တက်ကြွကြွနဲ့ပဲ ပြုပေးရှာပါတယ်။ ကိုရင်တိဿ ဆောက်ပေးဖို့စိတ်ကူးတဲ့ ကျောင်းကလေးကသူတို့သီဟိုဠ်ခေတ်က ကမ္မဋ္ဌာန်းဘုန်းကြီးတွေအကြိုက် လိုဏ်ဂူကျောင်းပုံစံလေးပါ။ ဒါကြောင့် ကိုရင်တိဿလည်း ဆရာဘုန်းကြီး ကမ္မဋ္ဌာန်းအားထုတ်ဖို့ အဆင်ပြေမယ့်ကျောင်းပုံစံကို စိတ်ကူးနဲ့ဦးစွာ သေချာစဉ်းစားပါတယ်။ ပြီးတော့မှ ဥတုသုံးပါးနဲ့လည်းသင့်တော်မယ့် တောင်ခြေတစ်ခုမှာ လိုဏ်ခေါင်းစတူးပါတယ်။

အံ့ဩဖို့ကောင်းတာက ကိုရင်တိဿဟာ နောက်ဆုံး အခွင့်အရေးဆိုတဲ့ နှလုံးသွင်းနဲ့ အလုပ်သုံးခုကို တစ်ပြိုင်နက်တည်းလုပ်နေတာပါပဲ။သူတစ်ပြိုင်နက်လုပ်နေတဲ့အလုပ်က ကမ္မဋ္ဌာန်းကျောင်းအတွက် လိုဏ်ဂူတူးတာရယ်၊ ဆရာဘုန်းကြီးဆီမှာ သင်ခဲ့တဲ့သံယုတ္တနိကာယ်ကျမ်းကြီးကို ရွတ်ဖတ်သရဇ္ဈာယ်နေတာရယ်၊ တေဇောကသိုဏ်းကို ရှုမှတ်ပွားများနေတာရယ်ပါ။ ထပ်ပြီးအံ့ဩဖို့ကောင်းတာက ကမ္မဋ္ဌာန်းလိုဏ်ဂူကျောင်းဆောင် ပြီးစီးတဲ့နေမှာပဲ သံယုတ္တ နိကာယ်ကျမ်းရွတ်ဆို သရဇ္ဈာယ်မှုပြီးဆုံးသွားသလို ပွားများနေဆဲ တေဇောကသိုဏ်းဟာလည်း အပ္ပနာဈာန်အဆင့်ထိ ရောက်လာခဲ့တာပါပဲ။(ဝိပဿနာဆင့်အထိတော့မရောက်သေးဘူးပေါ့)

ကိုရင်တိဿလည်း အားရဝမ်းသာနဲ့ ကျောင်းဆောင်ပြီးသွားပြီဖြစ်တဲ့အကြောင်း ဆရာဘုန်းကြီးကို သွား

www.burmeseclassic.com



လျှောက်ပါတယ်။ ဒီတော့ ဆရာဘုန်းကြီးက လိုဏ်ဂူကျောင်းဆောင်ကလေးကိုလိုက်ကြည့်ပြီး ဘယ်လိုထပ်မိန့်ပြန်သလဲ ဆိုတော့–

"အို . . . ကောင်းလိုက်တဲ့ လိုဏ်ဂူလေးပါလား၊ ငါတို့တော်တော်သဘောကျပါတယ်ကွယ်။ ငါ့တပည့် ပင်ပင်ပန်းပန်းနဲ့လုပ်ထားတဲ့ လိုဏ်ဂူလေးဆိုတော့ ငါ့တပည့်က ဒီနေ့တစ်ရက်တော့ အရင်နေလိုက်ပါဦး၊ ပြီးတော့ ငါ့တပည့် လူထွက်သွားရင် ရဟန်းတရားနဲ့ဝေးသွားမှာဆိုတော့ ငါတို့ပေးထားတဲ့ ကမ္မဋ္ဌာန်းနည်းလေးနဲ့လည်း စွမ်းနိုင်သလောက် ဒီလိုဏ်ဂူလေးထဲမှာ ရှုမှတ်ပွားများလိုက်ပါဦး"လို့ ဆက်မိန့်လိုက်ပြန်ပါတယ်။

ကိုရင်တိဿလည်း ဆရာ့စကားအတိုင်း မိမိပြုလုပ်ထားတဲ့လိုဏ်ဂူထဲမှာပဲတရားရှုမှတ်မှုကိုစပါတယ်။လိုဏ်ဂူလေးကလည်း အသစ်လှလှလေး၊ ရာသီဥတုကလည်း သာယာ၊ ဒီတော့ ကိုရင်တိဿရဲ့စိတ်မှာ ဝမ်းမြောက်မှု ပီတိတွေဖြစ်လာပါတယ်။ ပြီးတော့ တေဘေကသိဏ်းပွားပြီး အပ္ပနာဈာန်အထိလည်း ရထားတာဆိုတော့ ပီတိနဲ့ ရထားတဲ့ အပ္ပနာဈာန်ကို အခြေခံပြီး တရားအားထုတ်လိုက်တာ အရဟတ္တဖိုလ်တည် ပြီး ရဟန္တာဖြစ်သွားပါတော့တယ်။ ဒီတော့မှ ဆရာ့ကျေးဇူးကိုသိပြီး ဆရာရှိရာအရပ်ကို မှန်းပြီး ဦးချပြီးတော့ "ဩော် စိတ်ဆိုတာအမြဲတမ်း အဆိုးဘက်ကို ယိမ်း



မနေပါလား။ အာရုံပြောင်းလိုက်တာနဲ့ ဘဝတစ်ဆစ်ချိုးပြီး အမြင့်ဆုံး ပန်းတိုင်တစ်ခုကို မထင်မှတ်ဘဲ ရောက်သွားပါလား"လို့ ဆင်ခြင်မိလိုက်ပါသတဲ့။

ကဲ ––စာဖတ်သူညီငယ်၊ညီမငယ်တို့ရေ –စိတ်ညစ်ရင်စိတ်ညစ်တဲ့အတိုင်းမထားပါနဲ့။ လောကပြစ်, ဓမ္မပြစ် မဖြစ်စေတဲ့ ကိုယ်နှစ်သက်ရာအာရုံသစ်တစ်ခုခုကို ပြောင်းလိုက်ပါနော်။

<u>ကျမ်းကိုး</u>

မူလပဏ္ဏာသအဋ္ဌကထာ(ပ)တွဲ၊

စာမျက်နှာ (၃၉၅)

***Fashion Image* မဂ္ဂဇင်း**

**ဖေဖော်ဝါရီ၊ ၂၀၀၃**

www.burmeseclassic.com

www.burmeseclassic.com



# အဖြေပေးစရာမလိုသော မေးခွန်း

အဲဒီနေ့က သူငယ်ချင်းရောက်လာတော့ မနက်အစောကြီးပါပဲ။ ဆရာနန္ဒာသိန်းဇံရဲ့ "ထေရဝါဒနှင့်ပတ်သက်သော မှတ်ချက်များ"ဆိုတဲ့ စာအုပ်လာငှားတာပါ။ မနက်စောစောဆိုတော့ သူလည်းကြိုက် ကိုယ်လည်းကြိုက်တဲ့ ကော်ဖီနဲ့ ဧည့်ခံလိုက်ပါတယ်။ သူငယ်ချင်းက ကော်ဖီသောက်ရင်း စကားစပါတယ်။

"တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ ညီနောင်မထေရ် နှစ်ပါးရှိတယ်။ နောင်တော်ဖြစ်တဲ့မထေရ်က ဓုတင်တော်တော်များများကို ကျင့်နေတယ်။ သူကျင့်တဲ့ဓုတင်တွေထဲမှာ တစ်ထပ်သာစားရတဲ့ ဧကာသနိက်ဓုတင်လည်း အပါအဝင်ပေါ့။ ဒါပေမယ့် အဲဒီဓုတင်ကျင့်နေတဲ့ နောင်တော်မထေရ်က သူ ဓုတင်တွေကျင့်နေတယ်ဆိုတာ တစ်ပါးသူကို မသိစေဘူး။ သိုသိုသိပ်သိပ်ပဲကျင့်တယ်၊ သိုသိုသိပ်သိပ်ကျင့်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်ကတော့ ပတ်ဝန်းကျင်က သူ့ကို အထင်ကြီးမှာ စိုးလို့ပဲ။ သိတဲ့အတိုင်းပဲလေ လူအထင်ကြီးခံရပြီဆိုရင် အဲဒီရဟန်းအတွက် လုပ်နေကျလုပ်ငန်းစဉ်တွေ တစ်နည်းမဟုတ်တစ်နည်းပျက်တော့တာပဲ။ ဒါကို သူတော်ကောင်းပညာရှိတွေက ကောင်းကောင်းသိတယ်။ ဒါကြောင့် ကိုယ်ကျင့်နေတဲ့အကျင့်ကို လျှို့ဝှက်ကြတာ၊ ဝန့်တိုတာ မဟုတ်ဘူးနော်။

ထားပါတော့လေ တစ်နေ့မှာ ညီဖြစ်တဲ့မထေရ်က ကြံချောင်းအလှူခံလို့ရလာတယ်။ ရလာတော့ အစ်ကိုဖြစ်သူကိုလည်းကျွေးချင်ကပ်ချင်တယ်။ ဒါကြောင့် အစ်ကိုနောင်တော်ဆီသွားပြီး "နောင်တော်ကြံသုံးဆောင်ပါဘုရား"လို့ကပ်တယ်။

ညီရဟန်းကြံလာကပ်တဲ့အချိန်မှာ နောင်တော်မထေရ်က ဆွမ်းစားပြီးလို့ ခံတွင်းတောင်ဆေးနေပြီ၊ ဧကာသနိက်ဓုတင် စည်းကမ်းအရ ထပ်စားလို့မရတော့ဘူး။ ဒါကြောင့် နောင်တော်မထေရ်က "ညီတော် တော်ပါပြီ"လို့ ပြန်ပြောလိုက်တယ်။ ဒီတော့ ညီရဟန်းက "နောင်တော် ဧကာသနိက်ဓုတင်များ ဆောင်ထားလို့လားဘုရား"လို့ ပြန်မေးလိုက်ပါသတဲ့။

ညီရဟန်းက ဓုတင်အကျင့်နဲ့ယှဉ်မေးလိုက်တော့ နောင်တော်ရဟန်းက သူနှစ်ပေါင်းငါးဆယ်လုံးလုံး ကျင့်ခဲ့တဲ့



ဧကာသနိက်ဓုတင်ကို မသိစေချင်တာနဲ့ "ကဲယူခဲ့ပါလေ သုံးဆောင်တာပေါ့"ဆိုပြီး မိမိကျင့်နေတဲ့ဓုတင်ကိုဖျက်ပြီး သုံးဆောင်လိုက်တယ်တဲ့။ အဲဒီရက်မှာတော့ ဓုတင်ကိုဖျက်ပြီး နောက်ရက်တွေမှာတော့ ကျင့်နေကျဓုတင်ကို ဆက်ပြီး ကျင့်သွားတယ်တဲ့။

ဇာတ်လမ်းကတော့ဒါပဲ စာရေးဆရာရဲ့၊ ရှေးရှေး သူတော်ကောင်း မထေရ်မြတ်တွေကတော့ သူတို့ကျင့်နေတဲ့ အကျင့်တွေကို လူအထင်ကြီးမှာစိုးလို့ ညီအရင်းကိုတောင် ထုတ်မပြောကြဘူး။ ဒါသူတော်ကောင်းမထေရ်မြတ်တွေရဲ့ ဓမ္မတာလေးတစ်ခုပဲ။

တချို့ကျတော့ ကိုယ်ကျင့်နေတာလေးတွေကို မမေးဘဲနဲ့ ထုတ်ထုတ်ပြောတတ်ကြတယ်။ ကလောင် လက်ကိုင်ရှိတဲ့သူတွေကလဲ သူတို့ သက်သတ်လွတ်စားတာ ဘယ်တောင်တွေမှာ ဘယ်လိုအဓိဋ္ဌာန်ဝင်တာ စသည်ဖြင့်ပေါ့ စာမျက်နှာပေါ်ကနေရေးပြကြတယ်။ ကိုယ်ကအဲဒီလိုစာမျိုးတွေ ဖတ်ရတိုင်း စောစောကပြောခဲ့တဲ့ ညီနောင်နှစ်ပါးရဲ့ ဝတ္ထုလေးကို ပြေးပြေးသတိရမိပဲ။

ဒါပေမယ့် ဗုဒ္ဓဘာသာရဲ့ အနှစ်ချုပ်ကျင့်စဉ်ဖြစ်တဲ့ သီလ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးပါးကျင့်စဉ်တွေကို ပြောတာ ရေးတာကျတော့ အထင်ကြီးစေဖို့ပဲရေးရေးသဒ္ဒါ

www.burmeseclassic.com

www.burmeseclassic.com



တရားကို အခြေခံလို့ပဲရေးရေး ဘယ်လိုပဲရေးရေး ဖတ်ရတာ အတော်အဆင်ပြေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ့် တရားကို တကယ်သိရတဲ့အချိန်မှာ ကိုယ်ဘယ်လိုပြောရမယ် ကိုယ်ဘယ်လိုရေးရမယ်ဆိုတာ အလိုလိုသိသွားမှာကိုး။

အဲ…ဖတ်ရတာအဆင်မပြေတာကတော့ ထေရဝါဒနဲ့ ဖီလာဖြစ်တဲ့ ဆရာတွေဆီသွားဆည်းကပ် အဲဒီဆရာတွေပြောတဲ့အတိုင်း သက်သတ်လွတ်စားပြီး ဘယ်တောင်မှာ ဘယ်လိုအဓိဋ္ဌာန်ဝင်တာ စသည်ဖြင့်ပေါ့၊ ပြီးတော့ အဲဒါတွေ ရေးပြ အယ်ဒီတာလုပ်သူကလဲ ထေရဝါဒဘာသာရေး ဝမ်းစာမရှိရှာတော့ အဟုတ်ထင်ပြီးဖော်ပြ။

ခေတ်အဆက်ဆက် ထေရဝါဒနဲ့ ဖီလာဖြစ်တဲ့ ကျင့်စဉ်တွေကတော့ ရှိနေမှာပဲ၊ လုံးဝပျောက်ကွယ်သွားအောင် နှိပ်ကွပ်လို့ရမှာတော့မဟုတ်ဘူး။ ရှိတော့ရှိနေကြမှာပဲ။ ဒါပေမယ့် ကိုယ်ယုံကြည်ရင် ကိုယ်တစ်ယောက်တည်းလုပ်ပေါ့။ ဒါဆိုတစ်ယောက်တည်းအတွက်ပဲ အဆိပ်သင့်မယ်။ စာမျက်နှာပေါ်တွေတင်ပြလိုက်တော့ တစ်တိုင်းပြည်လုံးက စာဖတ်သူတွေပါ အဆိပ်သင့်ကုန်တာပေါ့။ အယူအဆမှားကို ညွှန်ပြလို့ သံသရာအပြစ်သင့်ကြရမယ်ဆိုရင် ရေးသူတင်သင့်မှာ မဟုတ်ဘူး၊ ထည့်ပေးတဲ့အယ်ဒီတာကော ထုတ်ဝေသူကော သင့်လိမ့်မယ်ဆင်တယ်။ မြတ်စွာဘုရားသာရှိရင်



မောဃပုရိသော– မင်္ဂဖိုလ်မပြီး အချည်းနှီးသော အလကားယောကျ်ားလို့ ကဲ့ရဲ့မလားမသိဘူး။

ကိုယ်ကတော့ ကိုယ့်သွေးသားဖြစ်တဲ့ မြန်မာအချင်းချင်းမို့လို့လားမသိဘူး၊ ကရုဏာစိတ်နဲ့ စိတ်မကောင်းတောင် ဖြစ်မိသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ လောကကြီးထဲရောက်လာတယ်။ ဗုဒ္ဓဘာသာရဲ့အနှစ်သာရလို့ ပြောလို့ရတဲ့ သတိပဋ္ဌာန်တရားမှ အားထုတ်မသွားရဘဲ ထေရဝါဒနဲ့ဖီလာဖြစ်တဲ့ ကျင့်စဉ်တွေလောက်ကျင့်ပြီး သေသွားမယ်ဆိုရင် ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ လောကကြီးထဲရောက်လာတာ ဘယ်လာ အဓိပ္ပါယ်ရှိတော့မလဲ။ **မင်းကွန်းဆရာတော်ဘုရားကြီးပြောသလိုပေါ့ ရွှေလက်ကောက်ရှိနေပါလျက်နဲ့ ဘာဖြစ်လို့ကြေးလက်ကောက်ကိုသွားဝတ်နေရတာလဲ။**

ကုန်ရှုံးရင်တစ်ခေါက် လင်ရှုံးရင်တစ်သက်လုံး မှောက်တဲ့။ ဆရာဆည်းကပ်မှားလို့ ဆရာရှုံးရင်တော့ တစ်သံသရာလုံး မှောက်တော့တာပဲ။ လောကမှာ ဆရာတင်မှုကလည်း သိပ်အရေးကြီးတယ်။ စာလိုပြောရင်တော့ "နာနာသတ္တာနဉ္စလောကနသော" ဆရာအထူးထူးကို မော်မော်ကြည့်နေရတဲ့ သားဒုက္ခပေါ့ကွာ။ ဒါနဲ့နေပါဦး စာရေးဆရာရဲ့၊ စာရေးဆရာလည်း ဘာရည်ရွယ်ချက်နဲ့ စာတွေရေးနေတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ။ လူအထင်ကြီးဖို့ စာတွေရေးနေတာလား"

သူငယ်ချင်းဖြစ်သူက အမှတ်တမဲ့မေးလိုက်တော့ ဘာပြန်ဖြေရမှန်းတောင် မသိပါဘူး။ ဖြေစရာအဖြေလည်း အသင့်မရှိပါဘူး။ ဒါကြောင့် သူကြိုက်မယ့် အဖြေကို အမြန် စဉ်းစားရပါတယ်။ စဉ်းစားပေမယ့် အဖြေကရေရေရာရာကို ထွက်မလာပါဘူး။

မိမိရဲ့အဖြေမရခင်မှာပဲ သူငယ်ချင်းက စကားထပ် ဆက်ပါတယ်။

"ဘာမှစဉ်းစားမနေနဲ့ စာရေးဆရာ၊ ကိုယ်ကစာရေး ဆရာကို မေးပဲမေးချင်တာ၊ စာရေးဆရာဆီက အဖြေကို လိုချင်တာမဟုတ်ဘူး။ နောင်လဲ စာရေးဆရာကို မေးခွန်း တွေ မေးဖြစ်ဦးမှာ ၊ ဒါပေမယ့် ကိုယ်မေးတဲ့မေးခွန်းတွေကို စာရေးဆရာ ဖြေစရာမလိုဘူး ။ ကိုယ်က စာရေးဆရာကို မေးပဲမေးချင်တာ၊ စာရေးဆရာရဲ့အဖြေကို လိုချင်တာ မဟုတ်ဘူး၊ ကဲ ပြန်ဦးမယ်ကွာ"

သူငယ်ချင်းက ပြောရင်းပြန်ဖို့ပြင်ပါတယ်။ သူငယ်ချင်းကို တံခါးပေါက်ဝအထိ လိုက်ပို့ရင်း ကျန်ခဲ့သူ မိမိမှာတော့ အတွေးတချို့ကို မဖြစ်မနေတွေးရပြန်ပါပြီ။ သူငယ်ချင်းက သူမေးတဲ့မေးခွန်းရဲ့ အဖြေတွေကို ဖြေစရာ မလိုဘူးလို့ ပြောခဲ့ပေမယ့် မိမိကတော့ သူ့မေးခွန်းရဲ့အဖြေ



တွေကို ဖြေနိုင်အောင် ကြိုးစားရပါဦးမယ်။ အခုအချိန်အထိ တော့ ဖြေစရာ အဖြေမရှိသေးတာအမှန်ပါ။

<u>ကျမ်းကိုး</u>

အင်္ဂုတ္တိုရ်အဋ္ဌကထာ၊


ပထမအုပ်၊ စာမျက်နှာ – ၅၉

အလင်းတန်းဂျာနယ်

၂၆–၈–၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com




# ကန်တော့ ဆွမ်း

"ကန်တော့ဆွမ်း"ဆိုတဲ့စကားဟာ ခေတ်စကားနဲ့ပြောရရင် အလွန်မော်ဒန်ဆန်တဲ့စကားလို့ ပြောရမလားမသိပါဘူး၊ ပြီးတော့ မြန်မာတို့အတွက် အသိမ့်မွေ့ဆုံးနဲ့ အယဉ်ကျေးဆုံးစကားပါ။ ပိုပြီးအံ့သြဖို့ကောင်းတာက 'အတိစ္ဆထဘန္တေ'ဆိုတဲ့ပါဠိကို မြန်မာပြန်ထားတဲ့စကားပါ။ "အတိစ္ဆထဘန္တေ"ဆိုတဲ့ပါဠိရဲ့တိုက်ရိုက်အနက်က 'တပည့်တော်ရဲ့အိမ်ကို လွန်၍သွားပါဘုရား'ပါ။ ဒါကိုတိုက်ရိုက်မပြန်ဘဲ "ကန်တော့ဆွမ်း"လို့ ပြန်လိုက်တာဟာ အလင်္ကာသဘောအရ ဂုဏ်မြောက်သွားသလိုပြောဆိုဖို့ အခွင့်ကြုံလာတဲ့သူအတွက်လည်း အသိမ်မွေ့ဆုံးစကား ဖြစ်သွားပါတယ်။ အလွန်လှတဲ့ မြန်မာပြန်လေးပါ။ ဒီစကားလုံးကို ဘယ်ခေတ်ကာလလောက်ကဘယ်ဆရာတော်ဘုရား ပြန်ဆိုသွားတယ်ဆိုတာတော့ တိတိကျကျ မသိရပါဘူး။ တသီးတပန့်

www.burmeseclassic.com

www.burmeseclassic.com



သုတေသနပြုကြည့်ရင်တော့ သိနိုင်ပါလိမ့်မယ်။

ပြောလိုတာက "ကန်တော့ဆွမ်း"နဲ့ဆက်စပ်နေတဲ့ ဝတ္ထုလေးတွေအကြောင်းပါ။ ပါဠိအဋ္ဌကထာတွေမှာ အတိစ္ဆထဘန္တေဆိုတဲ့စကားလုံးက တော်တော်များများတွေ့ရတာဖြစ်လေတော့ ကန်တော့ဆွမ်းနဲ့ဆက်စပ်နေတဲ့ ဝတ္ထုလေးတွေကလည်း တော်တော်များများရှိနေတာပါပဲ။

အဲဒီဝတ္ထုတွေထဲက မြန်မာတွေနဲ့သိပ်မစိမ်းလှတဲ့ မိလိန္ဒမင်းနဲ့အရှင်နာဂသိန်ဝတ္ထုကို အခြေတည်ပြီး ပြောပြချင်ပါတယ်။

မိလိန္ဒမင်းနဲ့အရှင်နာဂသိန်လို့ဆိုလိုက်တာနဲ့ စာဖတ်သူများက မိလိန္ဒမင်းကမေးပြီး အရှင်နာဂသိန်က ဖြေထားတဲ့ မိလိန္ဒပဉ္ဟာကျမ်းကို ပြေးသိလိုက်ကြမှာပါ။ အဲဒီမိလိန္ဒပဉ္ဟာကျမ်းထဲကပဲ ပြောပြပါရစေ။ မိလိန္ဒမင်းနဲ့ အရှင်နာဂသိန်တို့ အတိတ်ဖြစ်စဉ်ကဒီလိုပါ။

ကဿပဘုရားရှင်ရဲ့ သာသနာထွန်းကားနေတဲ့ခေတ်တစ်ခေတ်။ ဂင်္ဂါမြစ်အနီးက ကျောင်းတိုက်ကြီး တစ်တိုက်မှာရဟန်းတော်များ သီတင်းသုံးနေကြပါတယ်။ ရဟန်းတော်တစ်ပါးဟာ နံနက်စောစောထပြီး တံမြက်လှည်းရင်း မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေကို ဆင်ခြင်လေ့ရှိပါတယ်။ တစ်နေ့တော့ တံမြက်လှည်းပြီး ပုံထားတဲ့အမှိုက်တွေကို အနီးမှာရှိနေတဲ့ကိုယ်ရင်တစ်ပါးကိုလှမ်းခေါ်ပြီး "ကိုရင် ဒီအမှိုက်တွေ ကျုံးပြီးပစ်လိုက်"လို့ ခိုင်းပါတယ်။ ဒါပေမယ့် ကိုရင်ကမကြားဟန်ပြုနေပါတယ်။ နောက်နှစ်ကြိမ်သုံးကြိမ် ထပ်ခေါ်ပါတယ်။ ကိုရင်က မကြားဟန်ဘဲပြုနေပါတယ်၊ ဒီတော့ရဟန်းက ကိုရင်အနားသွား၊ မကြားဟန်ပြုနေတဲ့ ကိုရင်ကိုတံမြက်စည်းရိုးနဲ့ ရိုက်ပြီးအမှိုက်ကျုံးခိုင်းလိုက်ပါတယ်။ ကိုရင်လည်းငိုပြီး ကြောက်ကြောက်နဲ့အမှိုက်ပစ်နေစဉ် ဘယ်လိုဆုတောင်းသလဲဆိုတော့ –

'ငါသည် ဒီအမှိုက်ကျုံးပစ်ရတဲ့ကုသိုလ်ကြောင့် နိဗ္ဗာန်ရောက်သည့်တိုင်အောင် မွန်းတည့်နေလို ဘုန်းတန်ခိုးကြီးသူဖြစ်ရပါလို၏"လို့ ပထမအကြိမ် ဆုတောင်းလိုက်ပါတယ်။

နောက် အမှိုက်ပစ်ပြီး ရေချိုးဖို့ ဂင်္ဂါမြစ်ဆိပ်အဆင်းတဝုန်းဝုန်းနဲ့ လှိုင်းတံပိုးတွေထနေတဲ့ မြစ်ရေအလျဉ်ကို မြင်ရပြန်တော့ ဘယ်လိုထပ်ဆုတောင်းပြန်သလဲဆိုတော့–

"ငါသည်ဤမြစ်အလျဉ်ကဲ့သို့ ဉာဏ်ပညာကြီးမားရပါလို၏"တဲ့။

ဒီနေရာမှာ တစ်ခုအတုခိုးဖို့ကောင်းတာက ကိုရင်ဟာ ဆရာရိုက်လို့ အမှိုက်ကျုံးပစ်ရပေမယ့် တကယ် လုပ်ရတဲ့အခါကျတော့စိတ်ပါလက်ပါနဲ့လုပ်ပြီးဆုတောင်းခဲ့တာပါ။

တံမြက်လှည်းတဲ့ ရဟန်းတော်လည်း တံမြက်စည်းကို ထားနေကျနေရာတားပြီး ရေချိုးဖို့ ဂင်္ဂါမြစ်ဆိပ်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



အလာ ကိုရင်ရဲ့ ဆုတောင်းသံကြားလိုက်ရတော့ 'ငါနိုင်းလို့ လုပ်ရတဲ့ ကိုရင်က ဒီလိုဆုတောင်းလို့ပြည့်ရင် ငါကပြောစရာ တောင် မလိုဘူး'ဆိုပြီး–

'ငါသည် တံမြက်လှည်းရတဲ့ကုသိုလ်ကြောင့် နိဗ္ဗာန် ရောက်သည့်ဘဝတိုင် ဂင်္ဂါမြစ်ရဲ့လှိုင်းတံပိုးလို မကုန်ခန်း နိုင်တဲ့ ဉာဏ်ပညာကြီးမားသူ ဖြစ်ရပါလို၏' ပြီးတော့ 'ကိုရင်မေးတိုင်း မေးတိုင်းဖြေကြားနိုင်တဲ့ ဆရာပုဂ္ဂိုလ်ဖြစ်ရ ပါလို၏'လို့ ဆုတောင်းလိုက်ပါတယ်။

အဲဒီကုသိုလ်ဆုတောင်းတွေကြောင့်ပဲ သူတို့ ဆုတောင်းအတိုင်း ကိုရင်က မိလိန္ဒမင်းဖြစ်ပြီး ရဟန်းတော်က အရှင်နာဂသိန်ဖြစ်ခဲ့ပါတယ်။

တစ်ခါတလေ တံမြက်စည်းလှည်းဖြစ်၊ အမှိုက်ကျုံး ဖြစ်တဲ့အခါလေးတွေမှာ မိလိန္ဒမင်းနဲ့အရှင်နာဂသိန်ဝတ္ထုကို ပြေးပြေးသတိရမိပါ၊ သတိရတဲ့အခါတိုင်း သူတို့နည်းတူ ဉာဏ်ပညာပိုင်းဆိုင်ရာ ဆုတစ်ဆုတော့ တောင်းဖြစ်မိပါ။

မိလိန္ဒမင်းရဲ့ ကိုယ်ရေးရာဇဝင်ကိုကြည့်လိုက်တော့ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့မြောက်ဘက်နားမှာမွေးပြီး ထီးနန်းစိုက်တာကတော့ ပါကစ္စတန်နိုင်ငံလို့ သမိုင်းဆရာ တွေကဆိုပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံဟာ သီရိဓမ္မာ သောကမင်းကြီး ကိုးတိုင်းကိုးဌာန သာသနာပြုခဲ့တဲ့တိုင်းတွေ ထဲမှာ "ဂန္ဓာရတိုင်း"အဖြစ် ပါခဲ့တာဖြစ်လေတော့ သိပ်ပြီး



မဆန်းလှပါဘူး။ ပြီးတော့အဲဒီပတ်ဝန်းကျင်ဒေသကတူးဖော် ရရှိတဲ့ ဒင်္ဂါးမျိုးပေါင်း(၂၂)မျိုးမှာ (၈)မျိုးက မိလိန္ဒမင်းရဲ့ အမည်နဲ့ ရုပ်ပုံတွေလို့ဆိုပါတယ်။ အဲဒီ အာဖဂန်နစ္စတန် ဒေသကို သီရိဓမ္မာသောကမင်းကြီးက သာသနာနှစ်–၂၃၅ ခုနှစ်မှာ မဇ္ဈန္တိကမထေရ်နဲ့ နောက်ပါ(၄)ပါးကို သာသနာပြု စေလွှတ်ခဲ့တာဖြစ်ပြီး သာသနာနှစ်–၅၀၀မှာ မိလိန္ဒမင်း ပေါ် ထွန်းခဲ့တာဖြစ်ပါတယ်။ သီရိဓမ္မာသောကမင်းနဲ့ မိလိန္ဒမင်း တို့ရဲ့ ကြားကာလတစ်ခုမှာတော့ အဲဒီဒေသတွေဟာ သာသနာတော်တော်စည်ပင်ခဲ့ပုံရပါတယ်၊ မိလိန္ဒမင်းရဲ့ နောက်ပိုင်းကာလတွေမှာ သာသနာ ဘယ်လောက်အထိ တည်ခဲ့တယ်ဆိုတာတော့ သီးသန့်မလေ့လာရသေးလို့ မသိ ပါဘူး၊ တကယ်တော့သာသနာတည်ဖို့ဆိုတာ ရုပ်ဝတ္ထု အ ဆောက်အဦတွေတည်တာထက် လူတွေရဲ့နှလုံးသားမှာ တည်မှအစဉ်သဖြင့် တည်နိုင်မှာပါ။ ဒါတွေကတော့ သမိုင်း အနိစ္စာရုံမြင်ကွင်းတွေက သက်သေပြခဲ့ပါပြီ၊ အဓိက ပြောလို ရင်းကတော့ အဲဒါတွေမဟုတ်ပါဘူး။ ပြောလိုတာက ကန်တော့ဆွမ်းနဲ့ဆက်စပ်နေတဲ့ ဝတ္ထုလေးပါ။

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ငါးရာအလွန်မှာ သူတို့နှစ်ဦး ပေါ်ထွန်းခဲ့တာပါ။

မိလိန္ဒမင်းက လူ့ဘဝကိုအရင်ရောက်ပြီး ဟော် တယ်လို့ ထင်ရတဲ့ရဟန်းတော်တွေကို ဗုဒ္ဓဝါဒရေးရာတွေကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်မေးနေပါတယ်။ သူကသိလိုတဲ့ဆန္ဒနဲ့ မေးတာပါပဲ။ ဒါပေမယ့် သူမေးတဲ့မေးခွန်းတွေက မဖြေနိုင်တဲ့ မေးခွန်းတွေဖြစ်နေတော့ ရဟန်းတော်တွေအတွက် အခက်ကြုံနေရပါတယ်။ နောက်ဆုံး အခက်ကြုံရုံတင်မကတော့ဘူး နှိပ်စက်သလိုဖြစ်နေလို့ ရဟန်းတော်အများစုဟာ ဟိမဝန္တာဘက်ကို ရှောင်တိမ်းသွားကြတယ်လို့ ဆိုပါတယ်။

ဒီတော့ မိလိန္ဒမင်းက ဘယ်လိုကြွေးကြော်သလဲဆိုတော့ "အမောင်တို့ ဇမ္ဗူဒိပ်ဟာ အချည်းနှီးဖြစ်နေပြီ အဖျင်းတွေဖြစ်နေပြီ ငါနဲ့ယှဉ်ပြိုင်ဝံ့တဲ့သူ၊ ဒါမှမဟုတ် ငါ့ရဲ့ သံသယကို ပယ်ဖျောက်နိုင်တဲ့ ရဟန်းပုဏ္ဏားမရှိတော့ဘူး" လို့ ကြွေးကြော်ပါသတဲ့။

မိလိန္ဒမင်းရဲ့ ကြွေးကြော်သံကို အရှင်အဿဂုတ္တမထေရ်က ဒိဗ္ဗသောတအဘိညာဏ်နဲ့ ကြားတော်မူပါတယ်။ ဒါကြောင့် ရဟန်းအပေါင်းကို ယုဂန္ဓိုရ်တောင်ထိပ်မှာ စုဝေးစေပြီး 'ငါ့ရှင်တို့ မိလိန္ဒမင်းရဲ့ ယုံမှားသံသယကို ပယ်ဖျက်ပေးနိုင်တဲ့သူရှိသလား"လို့ မေးပါတယ်။ နှစ်ကြိမ် သုံးကြိမ်မေးပေမယ့် ဘယ်ရဟန်းတော်ဆီကမှ အသံထွက်မလာပါဘူး။ ဒါကြောင့် အရှင်အဿဂုတ္တမထေရ်က "ငါ့ရှင်တို့ တာဝတိံသာမှာရှိတဲ့ မဟာသေနနတ်သား ကတော့ မိလိန္ဒမင်းရဲ့သံသယကို ပယ်ဖျက်ပေးနိုင်တယ်"လို့ မိန့်ပါတယ်။ ဒါကြောင့် ဈာန်အဘိညာဉ်ရ ရဟန်းတော်များဟာ



တာဝတိံသာကြွပြီး မဟာသေနနတ်သားကို မိလိန္ဒမင်းရဲ့ သံသယကို ပယ်ဖျောက်ပေးဖို့ တောင်းပန်ကြရပါတယ်။ လိုရင်းပြောရရင်တော့ မဟာသေနနတ်သား လူ့ပြည်ဆင်းပြီး ပဋိသန္ဓေယူရပါတယ်။

စောစောကပြောခဲ့တဲ့စည်းဝေးပွဲမှာ အရှင်ရောဟဏဆိုတဲ့ ရဟန်းတစ်ပါးက မပါခဲ့ပါဘူး။ ဒါကြောင့် အရှင်အဿ ဂုတ္တမထေရ်က–

"ငါ့ရှင် သာသနာ့ကိစ္စတွေကြုံလာရင် ကြောင့်ကြမှုမနေရဘူး၊ ဒီတော့ ငါ့ရှင်ကို ဒဏ်ပေးတဲ့သဘောနဲ့ တာဝန်တစ်ခုပေးရမယ်"လို့ မိန့်တော်မူတော့ အရှင်ရောဟဏမထေရ်ကလဲ "ဒဏ်ထမ်းပါ့မယ်ဘုရား၊ ဒဏ်ကို မိန့်တော်မူပါဘုရား"လို့ ပြန်လျှောက်ပါတယ်၊ ဒီတော့ အရှင်အဿဂုတ္တမထေရ်က–

"ငါ့ရှင်ရောဟဏ၊ ဟိမဝန္တာတောင်ခြေရင်းမှာ ဂဇင်္ဂလဆိုတဲ့ပုဏ္ဏားရွာရှိတယ်၊ အဲဒီရွာက သောဏုတ္တရလို့ အမည်ရတဲ့ပုဏ္ဏားမိသားစုမှာနာဂသေနဆိုတဲ့သားယောကျ်ားတစ်ယောက် မွေးဖွားလိမ့်မယ်၊ ငါ့ရှင်က အဲဒီအိမ်ကို ခုနစ်နှစ်နဲ့ဆယ်လပတ်လုံးဆွမ်းခံကြွပြီး မွေးလာမယ့်ကလေးကို စောင့်ရှောက်ပါ။ ပြီးတော့ အဲဒီကလေးကို လူ့ဆောင်ကထုတ်ပြီးသာသနာ့ဘောင်ရောက်အောင်ဆောင်ရွက်ပါ၊ ကလေးရှင်သာမဏေဖြစ်ပြီးမှ သင့်ရဲ့ဒဏ်လွတ်မယ်"လို့

www.burmeseclassic.com

www.burmeseclassic.com



မိန့်တော့ အရှင်ရောဟဏကလဲ "မှန်ပါဘုရား၊ ဘုရားတပည့်တော် တာဝန်ကျေတဲ့အထိ ဒဏ်ထမ်းပါ့မယ် ဘုရား" လို့ ပြန်လျှောက်ပါတယ်။

အရှင်ရောဟဏလဲ ဒဏ်ထမ်းတဲ့အနေနဲ့ ပုဏ္ဏားမိသားစုအိမ်မှာ ခုနစ်နှစ်နဲ့ဆယ်လပတ်လုံး ဆွမ်းခံကြွရှာပါတယ်။ အဲဒီ ခုနစ်နှစ်နဲ့ဆယ်လပတ်လုံး ဆွမ်းခံကြွပေမယ့် ဆွမ်းရဖို့နေနေသာသာ အရိုအသေပေးတာ လက်အုပ်ချီတာတောင် မရခဲ့ပါဘူး၊ မရတဲ့အပြင် တစ်ခါတစ်လေ ဆဲလွှတ်တာတောင် ခံရပါသေးတယ်။ ဘာမျှမရပေမယ့် အရှင်ရောဟဏကတော့ ကြွမြဲကြွရှာတယ်။

ဒီလိုနဲ့ ခုနစ်နှစ်နဲ့ဆယ်လလွန်တဲ့တစ်နေ့မှာ ဆွမ်းခံရပ်တော့ ပုဏ္ဏေးမက "ကန်တော့ဆွမ်းပါဘုရား" လို့ ပြောလိုက်ပါတယ်။

အရှင်ရောဟဏလဲ ထုံးစံအတိုင်း ရှေ့ဆက်ကြွခဲ့ပါတယ်၊ ကြွရင်းလမ်းလယ်မှာ အလုပ်လုပ်ရာက ပြန်လာတဲ့ ပုဏ္ဏေးမရဲ့ခင်ပွန်း သောဏုတ္တရပုဏ္ဏားနဲ့ မျက်နှာချင်းဆိုင်တွေ့ပါတယ်။ ခုနစ်နှစ်ကျော် ဆက်ဆံခဲ့ရတာဖြစ်လေတော့ ရင်းရင်းနှီးနှီးမနေခဲ့ပေမယ့် သိနေတာဖြစ်တဲ့အတွက် ပုဏ္ဏားက အရှင်ရောဟဏကို "ရဟန်း ငါတို့ရဲ့အိမ် ရောက်ခဲ့သေးလား"လို့ မေးပါတယ်။ အရှင်ရောဟဏကလဲ "ရောက်ခဲ့ပါတယ်"ပေါ့၊ ဒီတော့ပုဏ္ဏားက ဆက်မေးပြန်ပါတယ်။



"တစ်စုံတစ်ခုရခဲ့လား"

အမှန်တော့ လှောင်ပြောင်တဲ့သဘောနဲ့ မေးဟန်ထင်ပါတယ်။

အရှင်ရောဟဏကလည်း "ရခဲ့ပါတယ်"လို့ ပြန်ဖြေလိုက်ပါတယ်။

ပုဏ္ဏားလည်း သူမမျှော်လင့်တဲ့အဖြေကို ကြားလိုက်ရတော့ တအံ့တဩနဲ့ နှလုံးမသာမယာဖြစ်သွားတယ်လို့ ဆိုပါတယ်။ ဘာရခဲ့သလဲဆိုတာလဲ ရှေ့ဆက်မမေးတော့ဘဲ ခေါင်းငိုက်စိုက်ငိုက်စိုက်နဲ့ အိမ်ပြန်ခဲ့ပါတယ်။ အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ ပုဏ္ဏေးမကို "ရဟန်းကို တစ်စုံတစ်ခု ပေးလိုက်မိသေးလား"လို့ မေးတော့တာပါပဲ။ ပုဏ္ဏေးမကလဲ "မပေးမိပါဘူး"ပေါ့၊ ဒီတော့ ပုဏ္ဏားက "တွေ့ကြသေးတာပေါ့ ရဟန်းရယ်၊ သင့်ကို မုသာဝါဒနဲ့ နှိပ်စက်ရတာပေါ့"လို့ စိတ်ထဲကနေ တေးထားလိုက်ပါတယ်။

နောက်တစ်နေ့ အရှင်ရောဟဏ အိမ် ပေါက်ဝရောက်တာနဲ့

"ရဟန်း သင်ဟာမနေ့က ငါတို့အိမ်က တစ်စုံတစ်ခုမရဘဲနဲ့ ရခဲ့တယ်လို့လိမ်တယ်။ ရဟန်းဆိုတာ မုသာဝါဒပြောဆိုလို့ရတယ်ပေါ့"

မေးပုံက ခနဲ့တဲ့တဲ့ပါ၊ အရှင်ရောဟဏကတော့ ခပ်အေးအေးပဲ ပြန်ဖြေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပုဏ္ဏား ငါဟာ သင်တို့အိမ်မှာ ခုနစ်နှစ်နဲ့ ဆယ်လကျော် ဆွမ်းခံကြွခဲ့တယ်။ ဒါပေမယ့် "ကန်တော့ ဆွမ်းပါ" ဆိုတဲ့ စကားကိုတောင် တစ်ခါမှမရခဲ့ပါဘူး။ မနေ့ ကတော့ "ကန်တော့ဆွမ်းပါဘုရား"လို့ သင့်ပုဏ္ဏေးမက ပြော တယ်။ အဲဒီကန်တော့ဆွမ်းဆိုတဲ့ ပဋိသန္ထာရစကား တစ်ခွန်း ကို အကြောင်းပြုပြီး ရခဲ့တယ်လို့ဆိုတာပါ။ မှသားပြောတာ မဟုတ်ပါ"

ရဟန်းတော်ရဲ့ အဖြေကိုကြားလိုက်ရတော့ ပုဏ္ဏား လည်း တော်တော်လေး တွေတွေဝေဝေဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့စိတ်ထဲမှာ အတွေးတစ်ခုဝင်လာ လို့ပါ။ သူ့အတွေးက "ရဟန်းတွေဟာ ကန်တော့ဆွမ်းဆိုတဲ့ ပဋိသန္ထာရ စကားလေးတစ်ခုရတာတောင် ပြောသူကို တန်ဘိုးထားတတ်ကြတယ်။ ဒီစကားလေးတစ်ခုကိုပဲ ရခဲ့ တယ်လို့ဆိုပြီး ပတ်ဝန်းကျင်မှာ ချီးမွမ်းစကားဆိုသေးတယ်။ အင်း. . .တစ်ခုခုများရခဲ့ရင် ဘယ်လောက်များ ချီးမွမ်းမလဲ မသိဘူး"လို့ တွေးပါသတဲ့၊ အဲဒီလိုတွေးပြီး သူ့အတွက် ပြင်ထားတဲ့ ထမင်းပွဲထဲက ဆွမ်းနဲ့ဟင်းအနည်းငယ်ကို လောင်းလိုက်ပါတယ်။ ပြီးတော့ နောက်နေ့တွေမှာလည်း အဲဒီလောက်ရစေမယ်လို့ပြောလိုက်ပါတယ်။ နောက်တစ်နေ့ အရှင်ရောဟဏကြွလာတော့ ပုဏ္ဏားက သေချာကြည့်မိပါ တယ်။ အရှင်တုန်းကတော့ သာမန်ပဲကြည့်ဖြစ်ပါတယ်၊



ဒီတခါ စူးစူးစိုက်စိုက်နဲ့ သေချာကြည့်လိုက်တော့ အရှင် ရောဟဏရဲ့ ငြိမ်သက်နေတဲ့ဣန္ဒြေဟာ ပုဏ္ဏားအတွက် စိတ်ချမ်းမြေ့မှုကို ဖြစ်သွားပါတယ်။ ဒါကြောင့် နောက်ရက် တွေမှာ အိမ်မှာဆွမ်းဘုဉ်းပေးဖို့ ဖိတ်လိုက်ပါတယ်။

အဲဒီအချိန်မှာ ပုဏ္ဏားရဲ့သားဖြစ်သူ နာဂသေနက ခုနစ်နှစ်အရွယ်ရောက်လာပါပြီ၊ ဒီတော့ ပုဏ္ဏားတို့ရဲ့ ထုံးစံ အတိုင်း၊ ဗေဒင်သုံးပုံကိုသင်စေပါတယ်။ ဗေဒင်သုံးပုံကို ခဏချင်းနဲ့တတ်သွားပါတယ်။ ဒီတော့ သားဖြစ်သူ နာဂသေနက ဖခင်ပုဏ္ဏားကို တခြားသင်စရာရှိသေးလားလို့ မေးတော့ ဖခင်ကလဲ မရှိတော့ဘူးပေါ့။ ဒီတော့ နာဂသေန သူငယ်က ဘယ်လိုဆုံးဖြတ်ချက်ချသလဲဆိုတော့"အင်း. . ဗေဒင်သုံးပုံဟာ ပညာရပ်တစ်ခုအနေနဲ့ပဲ လေးစားဖို့ကောင်း တယ်၊ လောကမဗ္ဗရှုထောင့်ကကြည့်ရင်တော့ ဘာအနှစ် သာရမှမရှိဘူး"လို့ ဆုံးဖြတ်လိုက်ပါသတဲ့။ ပြီးတော့ တခြား ပညာရပ်တစ်ခုကို ဆက်သင်ဖို့ စိတ်ဝင်စားနေပါသတဲ့။ ဒီ နေရာမှာ အရှင်ရောဟဏအတွက် အခွင့်အရေးဝင်လာတာ ပါပဲ။

နာဂသေနသူငယ်က အရှင်ရောဟဏကို ဟိုဟိုဒီဒီ မေးရင်း "ဘာတတ်သလဲ"လို့မေးပါတယ်။ ဒီတော့ အရှင် ရောဟဏကလဲ "ဗုဒ္ဓမန္တန်တတ်တယ်"လို့ ဖြေလိုက်ပါ တယ်။ သူ့ကို အဲဒီဗုဒ္ဓမန္တန်သင်ပေးပါပြောတော့ အရှင်

www.burmeseclassic.com

www.burmeseclassic.com



ရောဟဏက "သက်န်းဝတ်ရင်သင်ပေးမယ်"လို့ပြောပြီး ရလာတဲ့အခွင့်အရေးကိုတခါတည်းအသုံးချ လိုက်ရပါတယ်။

ဒီလိုနဲ့ နာဂသေနသူငယ် သာသနာ့ဘောင် ရောက်သွားရောပဲ ဆိုပါတော့။


ဆရာတွေဆီက အဆင့်ဆင့်ပညာတွေသင်ယူလိုက်တာ နောက်ဆုံး မိလိန္ဒမင်းရဲ့အမေးနဲ့ သံသယတွေကို ပယ်ဖျောက်ပေးနိုင်တဲ့ အရှင်နာဂသိန်ဆိုတဲ့မထေရ်တစ်ပါး အဖြစ် သာသနာ့သမိုင်းမှာကမ္ဘည်းတွင်ရစ်ခဲ့သလို "မိလိန္ဒပဥှာ"ဆိုတဲ့ ကျမ်းတစ်ကျမ်းလဲ ပေါ်ထွက်ခဲ့ရပါတယ်။

ဩော် . . . "ကန်တော့ဆွမ်း"ဆိုတဲ့ စကားနဲ့ဆက်စပ်နေတဲ့ ဇာတ်ကြောင်းလေးကိုတွေးလိုက်တာ မထင်မှတ်တဲ့ အတိတ်သံဝေဂလေးကိုပါ အဆစ်အဖြစ်တွေးဖြစ်လိုက်ပါရောလား။

*ကျမ်းကိုး*

မိလိန္ဒပဥှာပါဠိတော်နှင့် မြန်မာပြန်

*Faces (မှခ)မဂ္ဂဇင်း*
*နိုဝင်ဘာ၊ ၂၀၀၂*



www.burmeseclassic.com

www.burmeseclassic.com

# ပလိဗောဓ (၁၀)ပါး

ဦးဇင်း ဒီပလိဗောဓ(၁၀)ပါးကို ဝိသုဒ္ဓိမဂ်ကျမ်းက ယူပြီး ဟောပါတယ်။ ဝိသုဒ္ဓိမဂ်ကျမ်းဆိုတာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့သိက္ခာ(၃)ပါးကို အကျယ်ရေးပြထားတဲ့ကျမ်းပါ။ တစ်နည်းအားဖြင့်ပြောရရင် ရဟန်းတစ်ပါးအတွက်ကမ္မဋ္ဌာန်းနဲ့ပတ်သက်လို့ အကျယ်ရေးပြထားတဲ့ကျမ်းပါ။

အဲဒီကျမ်းကို ဦးဇင်း ဟိုစောစောပိုင်းကာလလောက်က စာရေးဖို့အတွက်လည်း ကြည့်ခဲ့ဖူးပါတယ်။ အခုတရားဟောဖို့အတွက်လည်းကြည့်ရပြန်ပါတယ်။အဲဒီလိုကြည့်တိုင်းကြည့်တိုင်း ရေးဆရာတော်တွေရဲ့ ဩဝါဒတစ်ခုကို သတိရပြီး ကျေချမ်းချမ်းသွားပါတယ်။ ရေးဆရာတော်တွေရဲ့ ဩဝါဒကဘယ်လိုလဲဆိုတော့ “ရဟန်းဖြစ်လျက်၊ ဝိသုဒ္ဓိမဂ်မတက်၊ ရှင်ဖျက်အလဇ္ဇီ” တဲ့ ... ရဟန်းဖြစ်ပြီးတော့ ဝိသုဒ္ဓိမဂ်ကျမ်းမှမတက်ရင် အဲဒီရဟန်းဟာ အလဇ္ဇီရဟန်း



အရှက်မရှိတဲ့ရဟန်း အလကားရဟန်းတဲ့။

နောက် “ဝိသုဒ္ဓိမဂ်တက်ပြန်လျက်၊ တောမထွက်၊ ရှင်ဖျက်အလဇ္ဇီ”တဲ့ . . . ဝိသုဒ္ဓိမဂ်တက်ပြီးတော့ တောမထွက်ပြန်ရင်လည်း အဲဒီရဟန်းဟာ အလဇ္ဇီရဟန်း အရှက်မရှိတဲ့ရဟန်း အလကားရဟန်းတဲ့။ ရှေ့မတိုးသာ နောက်မဆုတ်သာနဲ့တော်တော်လေး ဆားကျပ်နံကျပ်နိုင်တဲ့ ဩဝါဒပါ။ နောက်ဆရာတော်တွေက ဘယ်လို ဆက်ဩဝါဒပေးသလဲဆိုတော့ ဝိသုဒ္ဓိမဂ်တက်ပြီးတဲ့ ရဟန်းဟာ ထွက်နှစ်ထွက်ထဲက တစ်ထွက်ထွက်တော့ ထွက်တော့တာပဲတဲ့။

အဲဒီထွက်နှစ်ထွက်က ဘာကိုပြောတာလဲ ? ဦးဇင်းတို့ ယောဂီတွေ ဖြေကြည့်ပါဦး။

“တောထွက်တာနဲ့ လူထွက်တာပါဘုရား”

ဟုတ်တယ်၊ တောထွက်တာနဲ့ လူထွက်တာ။ ဝိသုဒ္ဓိမဂ်ကျမ်းတက်ပြီးတဲ့ရဟန်းဟာ တောထွက်ရင်ထွက်၊ မထွက်ရင် လူထွက်တော့တာပဲတဲ့။

ဘာဖြစ်လို့လဲဆိုတော့ ဝိသုဒ္ဓိမဂ်ကျမ်းမှာက ရဟန်းဘဝရဲ့အကျိုးနဲ့ အပြစ်တွေကို တစ်သီကြီးပြထားလို့ပါပဲ။ တောထွက်တဲ့ရဟန်းကတော့ အပြစ်တွေကိုကြောက်လို့ အကျိုးတွေကိုလိုချင်လို့။ လူထွက်တဲ့ရဟန်းကတော့ အကျိုးမရရင်နေပါစေ၊ အပြစ်တော့ အဖြစ်မခံနိုင်ဘူးဆိုပြီး လူထွက်တော့တာပဲတဲ့။ ဝိသုဒ္ဓိမဂ်ကျမ်းက အဲဒီလောက်အထိ အရှိန်

www.burmeseclassic.com

www.burmeseclassic.com



အဝါ ဩဇာကြီးမားပါတယ်။

ဦးဇင်းကတော့ စာရေးဖို့နဲ့တရားဟောဖို့ ကြည့်တာနော်။ အဲဒီလို အရှိန်အဝါဩဇာကြီးမားတဲ့ ဝိသုဒ္ဓိမဂ် ကျမ်းကယူပြီး ဒီပလိဗောဓ(၁၀)ပါးကို ဟောပါတယ်။

ပလိဗောဓဆိုတာ မြန်မာလိုပြောရင် အနှောင့်အယှက်ပါပဲ။ တနည်းအားဖြင့်ပြောရင်နှောက်ဆံတင်းမှုပါပဲ။

တရားအားထုတ်တဲ့နေရာမှာ အနှောင့်အယှက်ဖြစ်စေတဲ့ တရား(၁၀)ပါး၊ ဒီလိုပဲ နားလည်ထားလိုက်ပါ။ တရားအားထုတ်မယ့်ယောဂီဟာ အဲဒီ အနှောင့်အယှက်(၁၀)ပါးကို ရိပ်သာမဝင်ခင် ဖြတ်ခဲ့ပါတဲ့။ ဒါမှ တရားရနိုင်ပါတယ်တဲ့။

အဲဒီ ပလိဗောဓ(၁၀)ပါး ၊ အနှောင့်အယှက်(၁၀)ပါးကို လင်္ကာလေးစီထားပါတယ်။ အားလုံး ဆိုကြည့်လိုက်ရအောင်...

အိမ်ယာမိတ်ဆွေ၊ လာဘ်ထွေထွေ၊
မသွေ ဂိုဏ်းဖွဲ့စည်း။
ကိစ္စပြုဖွယ်၊ ခရီးသွယ်၊
ငြိတွယ်မိသားစု။
အနာရောဂ၊ ကျမ်းဂန္ထ၊
စွမ်းစတန်ခိုးများ။
ပလိဗောဓ၊ နှောင့်ယှက်ကြ၊
ဖြတ်ရဤဆယ်ပါး။



နံပါတ်(၁)က အာဝါသပလိဗောဓ၊ ရဟန်းတော်တွေအတွက်ဆိုရင်တော့ကျောင်း ယောဂီတို့အတွက်ဆိုရင်တော့ တိုက်ခန်းအိမ်ပေါ့။

အိမ်ရှိနေရုံနဲ့တော့ အနှောင့်အယှက်ဆိုတာ မဖြစ်လှပါဘူး၊ ကိုယ့်အိမ်ကိုယ့်ယာအပေါ် တွယ်တာစိတ်နဲ့ စိတ်မချဖြစ်နေတာ။ ရေပဲလျှံနေမလား၊ လေတိုက်တဲ့အခါ တံခါးမှ ပိတ်ပါ့မလား စသည်ဖြင့်ပေါ့။ အဲဒီလို နှောက်ဆံတင်းနေတဲ့ သူ့အတွက်သာတရားအနှောင့်အယှက်ဖြစ်တာပါ။ နှောက်ဆံမတင်းတတ်တဲ့ သူ့အတွက်တော့ အနှောင့်အယှက် မဖြစ်ပါဘူး။ ဒါကြောင့် တရားရိပ်သာလာတော့မယ်ဆိုရင် အိမ်နဲ့ ပတ်သက်တဲ့ နှောက်ဆံတင်းစရာတွေကို ပြတ်အောင်ဖြတ်ခဲ့ပါတဲ့။

တကယ်တော့ အာဝါသပလိဗောဓ ဖြစ်ရခြင်းရဲ့ အကြောင်းကတော့ ငါမရှိရင်မဖြစ်ဘူးဆိုတဲ့ အတွေးကြောင့်ပါပဲ။ တကယ်စဉ်းစားကြည့်ရင် လောကကြီးထဲကို ငါရောက်မလာခင်ကတည်းက လောကကြီးက သူ့နည်းသူ့ဟန်နဲ့ရှိနေဖြစ်နေပြီးသား၊ ငါရောက်လာတော့လည်း သူ့နည်းသူ့ဟန်နဲ့ရှိနေဖြစ်နေတာပဲ၊လောကကြီးထဲကငါထွက်သွားခဲ့ရင်လည်း သူ့နည်းသူ့ဟန်နဲ့တော့ ရှိနေ ဖြစ်နေကြမှာပဲ၊ ငါမရှိတော့လို့ လောကကြီး ပျက်စီးမသွားတာတော့ သေချာပါတယ်၊ တော်တော်များများက ငါမရှိရင်မဖြစ်ဘူးဆိုတဲ့စကား တော်တော်

www.burmeseclassic.com



ပြောတတ်ကြတယ်။ အိမ်မှာ ငါမရှိရင်မဖြစ်ဘူးလို့ ဦးဇင်းတို့ ဒကာကြီးတွေ ဒကာမကြီးတွေ မပြောပါဘူးလား။ "ပြောပါတယ်ဘုရား" အခုရိပ်သာကို တရားလာအားထုတ်ကြပြီဆိုတော့ အဲဒီ ငါမရှိရင်မဖြစ်ဘူးဆိုတဲ့ အတွေးကိုဖြတ်ခဲ့ပါ။

အဲဒီ ဝိသုဒ္ဓိမဂ်ကျမ်းမှာပဲ အာဝါသပလိဗောဓနဲ့ ပတ်သက်ပြီး နည်းယူစရာဝတ္ထုလေးတစ်ပုဒ် ပြထားပါတယ်။ သီဟိုဠ်ဝတ္ထုလေးပါပဲ၊ တစ်ခါတုန်းက သူငယ်ချင်းနှစ်ယောက် အနုရာဓမြို့ကနေထွက်ပြီး ထူပါရုံကျောင်းမှာ ရဟန်းပြုကြပါတယ်။ အဲဒီနှစ်ပါးထဲကတစ်ပါးက ဝိနည်းနှစ်စောင်ကိုရအောင်ကျက်ပြီး ငါးဝါရတဲ့အခါကျတော့ ပါစိနခဏ္ဍာရာဇိလို့အမည်ရတဲ့ အရပ်ကိုကြွသွားတယ်။ ဒီလိုနဲ့ နေရင်း ဆယ်ဝါရောက်လာတဲ့အခါကျတော့ အဲဒီ ပါစိနခဏ္ဍာရာဇိအရပ်မှာနေတဲ့ရဟန်းက "ငါနေတဲ့အရပ်ဟာ ပစ္စည်းလေးပါးမျှတတယ်။ ဒီအကြောင်းကို ငါ့သူငယ်ချင်းရဟန်းကို သွားပြောဦးမှပဲ"ဆိုပြီး အကြံဖြစ်တယ်တဲ့။ ဒါကြောင့် သူငယ်ချင်းရှိရာ ထူပါရုံကျောင်းကို ထွက်ခဲ့ပါတယ်။ ထူပါရုံကျောင်းရောက်တော့ ကျောင်းနေအာဝါသိကရဟန်းက ဝါတူဖြစ်ပေမယ့် သပိတ်,သင်္ကန်း တွေယူပြီး ခရီးဦးကြိုဆိုပါတယ်။ အာဂန္တုရဟန်းက ကျောင်းရောက်တော့ "ငါ့သူငယ်ချင်းက ထောပတ်ပဲဖြစ်ဖြစ်၊ တင်လဲခဲပဲဖြစ်ဖြစ် ဖျော်ရည်ပဲဖြစ်ဖြစ် ပို့မှာပဲ။ ပို့နိုင်စရာလဲ အကြောင်းရှိတယ်။



သူက ဒီအရပ်မှာ အနေကြာတဲ့သူ အဲဒီလိုတွေးပြီး မျှော်နေတယ်တဲ့။ ဒါပေမယ့် ကျိန်းစက်ချိန်ရောက်လာတဲ့အထိ သူမျှော်တဲ့ ထောပတ်တို့ တင်လဲခဲတို့ ဖျော်ရည်တို့က ရောက်မလာပါဘူးတဲ့။ ဒီတော့ ဘယ်လိုထပ်မျှော်လင့်ပြန်သလဲဆိုတော့ မနက်ရောက်ရင်တော့ ဒကာတစ်ယောက်ယောက်ကို ယာဂုပူပူတော့ ပို့ခိုင်းလိုက်မှာပဲလို့ မျှော်ပြန်တယ်။ မနက်ရောက်လာပေမယ့် သူမျှော်တဲ့ ယာဂုကတော့ ရောက်မလာပါဘူး။ အာဝါသိကရဟန်းကသာရောက်လာပြီး ရွာထဲဆွမ်းခံကြွဖို့ လာခေါ်ပါတယ်။ ဒီတော့ ဆွမ်းခံကြွနေရင်း ဘယ်လိုထပ်မျှော်လင့်ပြန်သလဲဆိုတော့ "အင်း . . . ရွာထဲရောက်ရင်တော့ လောင်းနေကျ သူ့ဒကာ ဒကာမတွေက ယာဂုပူပူတော့ လောင်းမှာပဲ"လို့ မျှော်လင့်ပြန်တယ်။ ဒါပေမယ့် တစ်နေရာကဖြတ်လောင်းတဲ့ တစ်မှုတ်စာလောက် ယာဂုကိုပဲရတယ်။ ရွာထိပ်မှာရှိတဲ့ ဆွမ်းစားဇရပ်မှာပဲ နှစ်ပါးထိုင်ဘုဉ်းပေးလိုက်ကြပါတယ်။

နောက်ဘယ်လိုထပ်တွေးပြန်သလဲဆိုတော့ "အမြဲတမ်း ယာဂုဝတ်လောင်းတဲ့သူ ရှိဟန်မထင်ဘူး။ အင်း . . နေ့ဆွမ်းကျရင်တော့ ဆွမ်းဟင်းကောင်းကောင်းတွေတော့ လောင်းမယ်ထင်ပါရဲ့"ဆိုပြီး ကြံပြန်တယ်။ နေ့ဆွမ်းချိန်ရောက်တော့လည်းဆွမ်းခံပြီးသင့်တင့်တဲ့ဆွမ်းဟင်းကိုပဲ ဘုဉ်းပေးကြရတယ်တဲ့။ ဒီတော့ အာဂန္တုရဟန်းက မနေနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး ထုတ်မေးပါတော့တယ်။

"အရှင်ဘုရား အမြဲတမ်း ဒီလိုပဲ မျှတနေရတာလား ဘုရား"

"ဟုတ်ပါတယ်"လို့ အာဝါသိကရဟန်းက ပြန်ဖြေ တယ်။

"အရှင်ဘုရားရယ် တပည့်တော်နေတဲ့ ပါစီနခဏ္ဍာ ရာဇ်အရပ်ဟာ ပစ္စည်းလေးပါး ချမ်းသာပါတယ်ဘုရား။ တပည့်တော်နေတဲ့အရပ်ကို လိုက်ခဲ့ပါဘုရား"။

"ဒါဖြင့်လဲကောင်းပြီ၊ သွားကြတာပေါ့"ဆိုပြီး အာဝါသိကရဟန်းက ကျောင်းပြန်တဲ့လမ်းကို မကြွတော့ဘဲ တစ်ခါတည်း ပါစီနခဏ္ဍာရာဇ်အရပ်ကို ခြေဦးလှည့်ကြွတော့ တာပဲတဲ့၊ ဒီတော့ အာဂန္တုရဟန်းက "အရှင်ဘုရား ကျောင်း ပြန်တဲ့ လမ်းမဟုတ်ပါဘူး။ ဘယ်ကိုကြွနေတာလဲ"ပေါ့။ အာဝါသိကရဟန်းက . . "အရှင်ဘုရားပဲ ပါစီနခဏ္ဍာရာဇ် အရပ်က ချမ်းသာတယ်ဆို၊ အဲဒီအရပ်ကို ကြွနေတာလေ"

"အရှင်ဘုရားရယ် ဆယ်နှစ်ပတ်လုံး ဒီအရပ်မှာနေ လာတာ ကျောင်းမှာယူစရာ အပိုပရိက္ခရာလေးတောင် မရှိ ဘူးလားဘုရား"

"မရှိဘူး၊ ညောင်စောင်းနဲ့အင်းပျဉ်က သံဃိက ပစ္စည်းတွေ ဒါတွေကိုလည်း ဆွမ်းခံကြွခါနီးက သိမ်းခဲ့ပြီးပြီ၊ တခြားယူစရာအပိုပစ္စည်းလည်းမရှိဘူး၊ ဒါအကုန်ပဲ"လို့ ပြန်



ပြောတယ်။

အာဂန္တုရဟန်းက "အရှင်ဘုရားကမရှိပေမယ့် အရှင်ဘုရားကျောင်းမှာ တပည့်တော်ယူခဲ့တဲ့ တောင်ဝှေး၊ ဆီကျည်တောက်၊ ဖိနပ်အိတ်တွေ ကျန်ခဲ့ပါသေးတယ်ဘုရား" လို့ လျှောက်ပါတယ်။

ဒီတော့ အာဝါသိကရဟန်းက "အို သူငယ်ချင်း ရယ် တစ်နေ့တာလေး လာနေတာတောင် တွယ်တာစရာ ပစ္စည်းတွေများလှချည့်လား"လို့မေးတော့ အာဂန္တုရဟန်းက လဲ "မှန်ပါဘုရား"လို့ပြန်ဝန်ခံပါတယ်။ ပြီးတော့ ကျောင်းနေ အာဝါသိက သူငယ်ချင်းရဟန်းကိုလဲ တော်တော်လေး ကြည်ညိုသွားပါတယ်။ ဒါကြောင့် အာဝါသိကရဟန်းကို ရှိခိုးပြီး....

"အရှင်ဘုရား အရှင်ဘုရားလိုပုဂ္ဂိုလ်မျိုးဟာ ဘယ် အရပ်မှာပဲနေနေ တောမှာနေသလိုပါပဲဘုရား။ ထူပါရုံ စေတီဟာ ဘုရားလေးဆူတို့ရဲ့ ပရိဘောဂဓာတ်တော်များနဲ့ သရီရဓာတ်တော်များကို ဌာပနာထားရာအရပ်ဖြစ်ပါတယ် ဘုရား။ ကြေးပြသာဒ်မှာ သင့်လျော်တဲ့တရားတော်များကို နာကြားရခြင်း၊ မဟာစေတီကိုဖူးမြော်ရခြင်း ၊ မထေရ်များကို နေ့စဉ်ဖူးတွေ့ရခြင်း၊ ဒါတွေဟာ မြတ်စွာဘုရားပွင့်နေတဲ့ ကာလလိုပါပဲဘုရား။ ဒီအရပ်မှာပဲ အရှင်ဘုရား သီတင်းသုံး နေခဲ့ပါတော့ဘုရား"လို့လျှောက်ပြီး နောက်ရက်မှာ မိမိ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးတည်းပဲ ပြန်ကြွသွားပါတယ်။

အဲဒီဝတ္ထုကိုကြည့်ပါ။ အာဝါသိကမထေရ်ဟာ ကျောင်းနဲ့ပတ်သက်လို့ ပလိဗောဓဖြစ်ရဲ့လား။ "မဖြစ်ပါဘုရား" ကြွမယ်ဆိုတော့ တခါတည်း တန်းမကြွနိုင်ဘူးလား။ "ကြွနိုင်ပါတယ်ဘုရား" အဲဒီ အာဝါသိကမထေရ်လို ကျင့်ရမယ်တဲ့။ လင်္ကာလေးဆိုလိုက်ကြရအောင်ပါ။

တရားအားထုတ်ရာ၊ အိမ်ဂေဟာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက်နံပါတ်(၂)က ကုလပလိဗောဓတဲ့။ ရဟန်းတော်တွေအတွက်ဆိုရင်တော့ ဒကာဒကာမပေါ့။ ယောဂီတို့အတွက်ကျတော့ တွေ့နေကျမိတ်ဆွေသူငယ်ချင်း ဈေးဝယ်နေကျဖောက်သည်တွေပေါ့။

အဲဒီလို တရားအားထုတ်တော့မယ်ဆိုရင် တွေ့နေကျ မိတ်ဆွေသူငယ်ချင်း၊ ဈေးဝယ်နေကျဖောက်သည်တွေကို မေ့ထားရမယ်တဲ့။ မေ့မထားဘဲ သတိရနေမယ်ဆိုရင်တော့ တရားအားထုတ်တဲ့နေရာမှာ အနှောင့်အယှက် ဖြစ်နေပါလိမ့်မယ်တဲ့။

အဲဒီတော့ဦးဇင်းတို့ယောဂီတွေလဲ တရားအားထုတ်နေတဲ့အချိန်မှာ ကိုယ့်ရဲ့မိတ်ဆွေသူငယ်ချင်းဖောက်သည်



တွေကို မေ့ထားလိုက်ပါ။ ဦးဇင်းတို့ယောဂီတွေ မေ့ထားခဲ့ရဲ့လား "မေ့ထားခဲ့ပါတယ်ဘုရား" အားလုံးအားလုံးကို(၁၀) ရက် လောက်မေ့ထားနော် ။ မေ့ထားနိုင်ပါ့မလား? "မေ့ထားနိုင်ပါတယ်ဘုရား"။

အဲဒီမှာလည်းဝိသုဒ္ဓိမဂ်က ကုလပလိဗောဓနဲ့ပတ်သက်ပြီး နည်းယူစရာ သီဟိုဠ်ဝတ္ထုလေးတစ်ပုဒ် ပြထားပါတယ်။ ရွာကျောင်းတစ်ကျောင်းမှာ ဦးလေးမထေရ်တစ်ပါးနဲ့ တူဦး ပဥ္စင်းငယ်တစ်ပါး သီတင်းသုံးနေပါတယ်။ ဒီလိုနဲ့ တစ်နေ့တော့တူဖြစ်တဲ့ဦးဇင်းငယ်က စာသင်ဖို့ ရောဟနဇနပုဒ်ကို ကြွသွားပါတယ်။ ဒီလိုနဲ့ နှစ်တွေကြာသွားရောဆိုပါတော့ နှစ်တွေကြာလာတော့ အမေဖြစ်တဲ့ဒကာမကြီးက သားဦးပဥ္စင်းကို တွေ့ချင်လာတယ်။ ဒါကြောင့် မောင်ဘုန်းကြီးကို သားဦးပဥ္စင်းကိုခေါ်ပေးဖို့ လျှောက်တယ်။ မောင်ဘုန်းကြီးကလည်း ခေါ်ပေးမယ်ပြောပြီး တူဦးပဥ္စင်းရှိရာကို ထွက်ခဲ့တယ်။

အဲဒီအချိန်မှာတိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ သားဦးဇင်းကလဲ "မယ်တော်ကြီးနဲ့ ဆရာဘုန်းကြီးကို မတွေ့တာကြာပြီ သွားတွေ့ဦးမှပဲ"ဆိုပြီး ကျောင်းကထွက်အလာ လမ်းခုလတ်မှာပဲ တူဦးရီးနှစ်ပါး ဆုံကြတယ်တဲ့။ တစ်ပါးနဲ့တစ်ပါး အကျိုးအကြောင်းပြောပြပြီး ဆရာဘုန်းကြီးက "သင်ရွာပြန်ပြီး မယ်တော်ကြီးကို တွေ့လိုက်ပါဦး၊ ငါကတော့ ဒီအရပ်မှာပဲ ဝါကပ်တော့မယ်"ပြောပြီး တူဦးဇင်းကို ပြန်လွှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

ဦးပဥ္စင်းငယ်လည်း ဝါကပ်မယ့်နေ့မှာပဲ ရွာကျောင်းကို ရောက်လာပါတယ်။ ထပ်တိုက်ဆိုင်တာက သူ့မိဘတွေ လှူထားတဲ့ကျောင်းဆောင်မှာ နေခွင့်ရပါတယ်။ နောက်နေ့ ရောက်တော့ ဘခင်ဖြစ်သူက သူတို့ဆောက်ထားတဲ့ ကျောင်းမှာ ဘယ်ကိုယ်တော်များ သီတင်းသုံးခွင့်ရမလဲဆိုပြီး လာစုံစမ်းတယ်။ ကျောင်းနေရဟန်းတွေက ဒကာကြီးဆောက်ထားတဲ့ ကျောင်းမှာ မနေ့ကရောက်လာတဲ့အာဂန္တုတစ်ပါး သီတင်းသုံးခွင့်ရတယ်လို့ ပြန်ပြောလိုက်ပါတယ်။ ဒါကြောင့် သူ့ကျောင်းရှိရာကိုသွားပြီး ဦးဇင်းကို ဦးချပြီးတော့ "အရှင်ဘုရား တပည့်တော်ကျောင်းမှာ ဝါဆိုတဲ့ရဟန်းဟာ တပည့်တော်အိမ်မှာပဲ ဝါတွင်းသုံးလပတ်လုံး ဆွမ်းခံရတဲ့ဝတ်ရှိပါတယ်ဘုရား ဒါကြောင့် တပည့်တော်အိမ်ကို နေ့စဉ် ဆွမ်းခံကြွပါဘုရား၊ ပြီးတော့ ဝါကျွတ်လို့ ပြန်ကြွရင်လဲ တပည့်တော်တို့ကို အသိပေးပြီး ပြန်ကြွရပါတယ်ဘုရား"လို့ လျှောက်ပါတယ်။ ပဥ္စင်းငယ်ကလဲ "ကောင်းပါပြီ"လို့ ဝန်ခံလိုက်ပါတယ်။

လိုရင်းပြောရရင်တော့ ပဥ္စင်းငယ်တစ်ဝါတွင်းလုံး ဆွမ်းခံကြွခဲ့ပေမယ့် မိဘနှစ်ပါးက ကိုယ်သားကိုယ် မမှတ်မိကြပါဘူးတဲ့။ သားဦးဇင်းကလည်း ဦးဇင်းဟာ ဒကာမကြီးရဲ့ သားပါလို့ တစ်ခွန်းမှမဟဘူးတဲ့။ ကိုယ့်တရားပဲ ကိုယ်



အားထုတ်နေပါတယ်တဲ့။ ဒီလိုနဲ့ ဝါကျွတ်လို့ပြန်ကြွမယ် စီစဉ်တော့ မိဘတွေက သူတို့သီဟိုဠ်ခေတ်ရဲ့ ထုံးစံအတိုင်း ဆီကျည်ထောက်ကို ဆီအပြည့်ထည့်ပြီး၊ တင်လဲခဲရယ်၊ ကိုးတောင်ရှိတဲ့အဝတ်စရယ်ကို လှူလိုက်ပါတယ်။

ဟိုဘက်က ဦးလေးဘုန်းကြီးကလဲ ဝါကျွတ်ပြီဆိုတော့ ရွာကိုပြန်အလာ အလာတုန်းကတွေ့ခဲ့တဲ့ နေရာမှာပဲ ဆုံကြပြန်ပါတယ်။ ဦးလေးဘုန်းကြီးက "သင့်မယ်တော်ကို တွေ့ခဲ့လား"လို့မေးတော့ ရွှင်တဲ့မျက်နှာနဲ့ပဲ "တွေ့ခဲ့ပါတယ် ဘုရား၊ ဒီပစ္စည်းတွေဟာ မယ်တော်က လှူလိုက်တာပါဘုရား"လို့လျှောက်ပြီး ပါလာတဲ့ဆီနဲ့ ဦးလေးဘုန်းကြီးရဲ့ ခြေထောက်ကို လိမ်းပေးတယ်။ တင်လဲခဲကို ဖျော်ရည်လုပ်ပြီးကပ်တယ်။ အဝတ်စကိုလဲ ဦးလေးဘုန်းကြီးကိုပဲ လှူလိုက်ပါတယ်။ ပြီးတော့ "အရှင်ဘုရား တပည့်တော်အတွက် ရောဟနဇနပုဒ်မှာနေရတာပဲ သင့်လျော်လျောက်ပတ်ပါတယ် ဘုရား"လို့လျှောက်ပြီး သီတင်းသုံးနေကျကျောင်းကိုပဲ ပြန်ကြွသွားတယ်။

ဦးလေးဘုန်းကြီးကလဲ ကိုယ့်ကျောင်းကိုယ်ပြန်ကြွခဲ့တယ်တဲ့။ မယ်တော်ကြီးက တစ်ပါးတည်းပြန်လာတဲ့ မောင်ဘုန်းကြီးကိုမြင်ပြီး ငါ့သားဦးဇင်းတော့ သေပါပြီဆိုပြီး ငိုကြွေးတော့တာပါပဲ။ မထေရ်က အကြောင်းစုံကို ပြောပြီး အဝတ်စကိုထုတ်ပြလိုက်မှ အငိုတိတ်သွားတယ်တဲ့။

www.burmeseclassic.com



ဒီတော့မှ မယ်တော်ကြီးက သားဦးဇင်းကို ကြည်ညိုသွားပြီး သားဦးဇင်းရှိရာအရပ်ကိုမှန်းပြီး ဦးချပြီးတော့မှ "ငါ့သားဦးဇင်းဟာ ပစ္စည်းလေးပါးကို ရောင့်ရဲပြီး ဝိပဿနာဘာဝနာတရားမှာပျော်မွေ့နေတဲ့ရဟန်း၊တစ်ဝါတွင်းလုံး မွေးတဲ့မိခင်အိမ်မှာ ဆွမ်းခံကြွနေတာတောင် ဦးဇင်းက ဒကာမကြီးရဲ့သားပါလို့ တစ်ခွန်းမဟခဲ့ဘူး။ မြတ်စွာဘုရားသာ သက်တော်ထင်ရှားရှိမယ်ဆိုရင် ချီးမွမ်းခံရမယ့်ရဟန်း၊ အာဂယောကျ်ားပါတကား"ဆိုပြီး ဥဒါန်းကျူးပါတယ်။

အဲဒီဝတ္ထုကိုကြည့်လိုက်ပါ။ သားဦးဇင်းဟာ တစ်ဝါတွင်းလုံး ဝိပဿနာတရားအားထုတ်နေတဲ့အခါမှာ မိဘနဲ့ ပတ်သက်လို့ပလိဗောဓဖြစ်ရဲ့လား"မဖြစ်ပါဘုရား"ဦးဇင်းတို့ ယောဂီတွေလည်း ဒီရဟန်းလို တရားအားထုတ်နေတဲ့အချိန်မှာ ကိုယ့်ရဲ့မိတ်ဆွေသင်္ဂဟတွေနဲ့ ပတ်သက်ပြီး ပလိဗောဓ မဖြစ်အောင်နေရမယ်တဲ့။ လင်္ကာလေးဆိုလိုက်ပါ။

တရားအားထုတ်ရာ၊ မိတ်ဆွေမှာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက်နံပါတ်(၃)က လာဘပလိဗောဓတဲ့။ လာဘ်လာဘပစ္စည်းလေးပါး ပေါများနေတဲ့ရဟန်းဟာ အဲဒီလာဘ်လာဘတွေကို ငဲ့ကွက်နေရလို့ တရားအားထုတ်မှုအတွက်



အနှောင့်အယှက် ဖြစ်နေတတ်ပါတယ်တဲ့။ ဘယ်အမတ်ကြီးရဲ့သမီးက တွေ့ချင်လို့ပါဘုရား ကြွသွားရပြန်ပြီ။ ဘယ်သူဌေးကြီးက ဆွမ်းစားပင့်လို့ပါဘုရား ကြွသွားရပြန်ပြီ၊ အဲဒီလို လာဘ်လာဘကိုငဲ့နေရင် တရားမရနိုင်ပါဘူးတဲ့။

ဦးဇင်းတို့ယောဂီတွေအတွက်ဆိုရင်တော့ ရနေကျငွေကြေးအမြတ်အစွန်းတွေပါပဲ။ အရောင်းအဝယ်လုပ်လို့ရတဲ့ပစ္စည်းတွေ ၊ ပွဲရုံလုပ်ငန်းလုပ်လို့ရတဲ့ငွေတွေ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းလုပ်လို့ရတဲ့ငွေတွေ၊ ဆရာဝန်တွေဆိုရင်လည်း ဆေးကုလို့ရတဲ့ငွေတွေ၊ ကျူရှင်ဆရာဆိုရင်လဲ စာသင်လို့ ရတဲ့ငွေတွေ စသည်ဖြင့်ပေါ့။ အဲဒီလို မိမိရနေကျအမြတ် အစွန်းလာဘ်လာဘတွေကို ငဲ့ကွက်နေမယ်ဆိုရင် တရားအားထုတ်တဲ့နေရာမှာ အဆင်ပြေမှာ မဟုတ်ပါဘူးတဲ့။

အခုတရားအားထုတ်နေကြတဲ့ ယောဂီတွေထဲမှာ ဈေးရောင်းတဲ့ ဒကာမကြီးတွေလဲ ပါမှာပါပဲ။ ပါရဲ့လား "ပါပါတယ်ဘုရား" သင်္ကြန်တွင်းဆိုတာ ဈေးဝယ်များတယ်၊ အင်း . . ဈေးနှစ်ဆ တင်ရောင်းလိုက်ရလို့ကတော့အမြတ်ပဲ။ အဲဒီလို လာဘ်လာဘကို ငဲ့နေမယ် တွေးနေမယ် သတိရနေမယ်ဆိုရင် တရားအတွက် အနှောင့်အယှက်ဖြစ်နေပါလိမ့်မယ်။ ရိပ်သာမဝင်ခင် ကြိုပြီးတော့ ဖြတ်ခဲ့ပါတဲ့။ မဖြတ်ခဲ့ရင် ဘာဖြစ်မလဲ။ လာဘပလိဗောဓ ဖြစ်နေလိမ့်မယ်။

လာဘ်လာဘဆိုတာ လိုချင်စရာ ရစရာပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တွေတဲ့။ လိုချင်စရာရစရာပစ္စည်းတွေကို မျှော်လင့်နေသ၍ ဘယ်တော့မှ ဆုံးမှာမဟုတ်ပါဘူး။ ပုထုဇဉ်တွေဆိုတော့ လာဘ်လာဘကို မျှော်လင့်နေကြမှာပဲ။ ငါဒီဆယ်ရက်လေး တရားစခန်းရောက်လာခြင်းကြောင့် ဘာနစ်နာသွားမလဲ။ တကယ်လို့ ဒီဆယ်ရက်ရာလို့ရတဲ့ပစ္စည်းဟာ ငါ့အတွက် ဘယ်လောက်တိုးတက်လာမလဲ။ ဘယ်လောက်ခံမလဲ။ သံသရာခရီးဆက်ဖို့ ငါ့အတွက် တကယ့်အတွင်းပစ္စည်း အစစ်က ဘာလဲ။ အဲဒီရရှိတဲ့ လာဘ်လာဘတွေလား? အခု ငါကျင့်သုံးနေတဲ့ ဒါန,သီလ,ဘာဝနာတရားတွေလားဆိုတာ ကိုယ့်ကိုယ်ကို တန်ဖိုးသိပြီး တန်ဖိုးဖြတ်တတ်ရမယ်။ လူ့ တန်ဖိုးထက် လျော့နည်းတဲ့ပစ္စည်းတွေကို တန်ဖိုးထားနေမယ် ဆိုရင်ကိုယ့်ကိုယ်ကို တန်ဖိုးမထားရာကျပါတယ်။ ဒါကြောင့် တန်ဖိုးရှိတဲ့အလုပ်ကို လုပ်နေတဲ့အချိန်မှာ သံသရာခရီးနဲ့ ယှဉ်ရင် တန်ဖိုးလျော့နည်းတဲ့ ပစ္စည်းတွေကို(၁၀)ရက် လောက် မေ့ထားလိုက်ပါ။ သတိရချင်ရင်လဲ ရိပ်သာက ပြန်ထွက်မှ သတိရပေါ့နော်။

တရားအားထုတ်ရာ၊ လာဘ် ဥစ္စာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက်နံပါတ်(၄)က ဂဏပလိဗောဓ ဂိုဏ်းအဖွဲ့



အစည်းတဲ့။ အဲဒီလို ကိုယ်ကဂိုဏ်းအဖွဲ့အစည်းတွေမှာ ပါနေမယ်ဆိုရင်လဲ ကိုယ့်အဖွဲ့အစည်းမှာ လုပ်ပေးစရာရှိတာ တွေကို လုပ်ပေးခဲ့ပြီး ပြီးပြတ်အောင်ဖြတ်ခဲ့ပါတဲ့။ လက်မှတ် ထိုးစရာ ထိုးပေးခဲ့ရမယ်။ စာရင်းရှင်းစရာ ရှင်းပေးခဲ့ရမယ်။ နေရာတိုင်းမှာက အဖွဲ့အစည်းတွေ ရှိမနေပါဘူးလား?

"ရှိနေပါတယ်ဘုရား"

စီးပွားရေးနဲ့ပတ်သက်တဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေ၊ ပရဟိတလူမှုရေးအဖွဲ့အစည်းတွေ၊ ဘာသာရေးအဖွဲ့အစည်း တွေစသည်ဖြင့် ဂိုဏ်းအဖွဲ့အစည်းမျိုးစုံပေါ့။ ကိုယ်ကအဲဒီ ဂိုဏ်း အဖွဲ့အစည်းတွေမှာပါနေရင် ကိုယ့်တာဝန်ကို ပြီးပြတ် အောင် လုပ်ပေးပြီး ဖြတ်ခဲ့ပါတဲ့၊ တရားအားထုတ်နေတုန်း လက်မှတ်လာထိုးခိုင်းရင် အဆင်ပြေပါ့မလား၊ "မပြေပါ ဘုရား" မပြေဘူး၊ ဒါကြောင့် ကိုယ့်ဌာန ကိုယ့်အဖွဲ့အစည်းမှာ လုပ်ပေးစရာရှိတာတွေကို ပြီးပြတ်အောင် လုပ်ပေးခဲ့ပါတဲ့။

တရားအားထုတ်ရာ၊ ဖွဲ့စည်းမှာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက်နံပါတ် (၅)က ကိစ္စပလိဗောဓတဲ့။ ကိစ္စဆို တာ ကိုယ်နေ့စဉ်လုပ်နေကျ ကိစ္စလေးတွေပါပဲ။ မနက်ခင်းမှာ လမ်းမှန်မှန်လျှောက်ရမှု၊ လဘက်ရည်ဆိုင်ကို မှန်မှန်ထိုင်ရမှု၊

www.burmeseclassic.com

www.burmeseclassic.com



ညည်းတီဗွီကလာတဲ့တရုတ်ကား မှန်မှန်ကြည့်ရမှ၊ နှစ်ပတ်တစ်ခါထိုးနေကျ နှစ်လုံးသုံးလုံးကို မှန်မှန်ထိုးရမှ စသည်ဖြင့်ပေါ့။ အကျိုးရှိတာကော မရှိတာကော ကိစ္စအားလုံးကို မြတ်စွာဘုရားက ကြိုဖြတ်ခဲ့ပါတဲ့။ တရားအားထုတ်ရင်း နှစ်လုံးသုံးလုံးတွေကို သတိရနေရင် တရားအားထုတ်တာ အဆင်ပြေပါ့မလား? "မပြေပါဘုရား" မထိုးရရင် မနေနိုင်တာကလွဲလို့ဆိုရင်လဲ အိမ်မှာကျန်ခဲ့တဲ့သူကို ဂဏန်းပေးပြီး ထိုးခိုင်းခဲ့။ ကိစ္စကိုပြတ်အောင်ဖြတ်ခဲ့ပါ။

အောက်ထစ်ဆုံးအားဖြင့် လက်သည်း ခြေသည်း ရှည်နေရင်လဲ ဖြတ်ခဲ့ရမယ်။ ဆံပင်ညှပ်စရာရှိရင်လဲ ညှပ်ခဲ့ရပါမယ်။ ရိပ်သာမှာယူလာမယ့် ခေါင်းအုံး ခြင်ထောင် အိပ်ရာခင်း အင်္ကျီ လုံချည် စသည်တွေကိုလဲ လျှော်ဖွပ်ပြီး ယူခဲ့ရမယ်။ ကိစ္စအားလုံးကို ပြတ်အောင်ဖြတ်ခဲ့ရပါမယ်။

တရားအားထုတ်ရာ၊ ကိစ္စမှာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက်နံပါတ်(၆)က ခရီးပလိဗောဓတဲ့။ လောကမှာ ဘယ်သူမှ ခရီးနဲ့မကင်းကြပါဘူး။ ခရီးနဲနဲသွားတဲ့သူနဲ့ များများသွားတဲ့သူပဲ ကွာပါလိမ့်မယ်။ ကိုယ့်မိသားစု စားဝတ်နေရေးအတွက်ခရီး၊ တိုင်းပြည်တာဝန်အတွက်ခရီး၊



သာသနာပြုခရီး၊ အပျော်ခရီး စသည်ဖြင့်ပေါ့။ အဲဒီသွားစရာခရီးကိုလဲ ပြီးပြတ်အောင် သွားလိုက်ပါဦးတဲ့၊ ဥပမာ..... မန္တလေးမှာ ရစရာပစ္စည်းတစ်ခုရှိနေတယ်၊ ခရီးက မဖြစ်မနေသွားရမယ့် ခရီးဖြစ်နေတယ်။ တရားစခန်းကိုလည်း အကြောင်းကြောင်းကြောင့် ဝင်လာရပြီ။ တရားအားထုတ်နေစဉ်အတွင်းမှာ အဲဒီသွားရမယ့်ခရီးကိုပဲ သတိရနေပါလိမ့်မယ်တဲ့။ ဒါဆို တရားအတွက် အနှောင့်အယှက်ဖြစ်နေပါပြီ။ ဒါကြောင့် သွားစရာခရီးကို အရင်သွားလိုက်ပါဦး။ ခရီးက ပြန်လာမှ တရားအားထုတ်ပါတဲ့။

တရားအားထုတ်ရာ၊ ခရီးမှာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက်နံပါတ်(၇)က ဉာတိပလိဗောဓ။ ဉာတိဆိုတာ တစ်အိမ်တည်းအတူနေကြတဲ့ အမိအဘ မောင်နှမ ခင်ပွန်းဇနီး စသည်တွေပေါ့။ ရဟန်းတော်တွေအတွက်ဆိုရင်တော့ ဆရာတပည့်ပေါ့။ ဥပမာ . . ကိုယ့်ရဲ့အမေက မကျန်းမမာဖြစ်နေမယ်။ ဒါဆို ဆေးကုစရာ ကုပေးလိုက်ပါဦး။ ဝေယျာဝစ္စလုပ်စရာ လုပ်ပေးလိုက်ပါဦး။ အမေ ကျန်းကျန်းမာမာဖြစ်ပြီ စိတ်ချရပြီဆိုမှ တရားအားထုတ်ပါတဲ့။ အဲဒီလိုမှ မဟုတ်ဘဲ မကျန်းမမာဖြစ်နေတဲ့ အမေကိုထားခဲ့ပြီး တရား

www.burmeseclassic.com



လာအားထုတ်နေမယ်ဆိုရင် အမေ့ဆီကိုစိတ်ရောက်နေတာနဲ့ တရားအတွက် အနှောင့်အယှက် ဖြစ်နေပါလိမ့်မယ်တဲ့။ ဒီလိုပါပဲ ကိုယ်ကမိဘဆိုရင်လဲ သားသမီးကို ကျူရှင်အပ်စရာရှိရင် အပ်ပေးခဲ့ရမယ်။ ဝယ်ပေးစရာပစ္စည်းရှိရင် ဝယ်ပေးခဲ့ရမယ်။ မိသားစုနဲ့ဆိုင်တဲ့အရာတွေကို ပြီးပြတ်အောင်ဖြတ်ခဲ့ပြီးမှ တရားအားထုတ်ပါတဲ့။

ဥပမာပဲထားပါတော့ .... ရိပ်သာမှာ တရားလာအားထုတ်နေတဲ့ ဒကာမကြီးက အိမ်မှာကျန်ခဲ့တဲ့ ဒကာကြီးကို သတိရပြီး ဆေးမှမှန်မှန်သောက်ပါ့မလား။ သားသမီးတွေက အချိန်မှန်မှန်မှ ထမင်းခူးကျွေးပါ့မလား။ သွေးတိုးတဲ့အစာတွေများ စားနေမလား စသည်ဖြင့်ပေါ့။ အဲဒီလို သတိရနေမယ် ကြောင့်ကြနေမယ် နောက်ဆံတင်းနေမယ်ဆိုရင် တရားမရနိုင်ပါဘူးတဲ့။

လောကီသဘောအရ ဒကာကြီးကဒကာမကြီးအတွက် အရေးပါဆုံးဘဝအဖော် ဖြစ်ချင်ဖြစ်မယ်။ ဒီလိုပဲ ဒကာမကြီးကဒကာကြီးအတွက် အရေးအပါဆုံးဘဝအဖော် ဖြစ်ချင်ဖြစ်မယ်။ ဝိပဿနာသဘောအရတော့ အဲဒီဘဝအဖေါ်တွေဟာ ပလိဗောဓတွေပါပဲ။ အနှောင့်အယှက်တွေပါပဲ။ ဒါကြောင့် ရိပ်သာဝင်စဉ်(၁၀)ရက်အတွင်း ဒကာမကြီးက ဒကာကြီးကိုမေ့ထားလိုက်ပါ။ဒကာကြီးကလည်း ဒကာမကြီးကို မေ့ထားလိုက်ပါ။ အိမ်မှာကျန်ခဲ့တဲ့ သားသမီး အစ်ကို



အစ်မစသည်ကို ဆိုလိုတာက သတိရစရာလူအားလုံးကို (၁၀)ရက်လောက် မေ့ထားလိုက်ကြပါ။ မေ့ခဲ့ရဲ့လား။ တကယ်လို့တရားအားထုတ်နေတုန်း ဒကာမကြီးက ဒကာကြီးကို သတိရလာပြီဆိုရင်တော့ ပလိဗောဓကြီးလို့ပဲ နှလုံးသွင်းလိုက်ပါ။

ဘယ်လိုနှလုံးသွင်းရမလဲ ?။

"ပလိဗောဓကြီးလို့ပါဘုရား"

အနှောင့်အယှက်ကြီးပေါ့နော်၊ ဒါကလူကြီးတွေအတွက်ပြောတာပါ။ လူငယ်တွေအတွက်ဆိုရင်ကော ဘယ်သူ့ကိုမေ့ထားရမလဲ ?။

ဟင် ပြောပါဦး .......... "ချစ်သူ" ... ဟုတ်လား

သက်ဆိုင်သူတွေပေါ့နော် ။ လူငယ်တွေဆိုတော့ သဘောပေါက်ပါတယ်နော် ။ ဆိုလိုက်ပါ။

တရားအားထုတ်ရာ၊ မိသားစုမှာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက်နံပါတ်(၈)က အနာရောဂါပလိဗောဓ။ ရောဂါတစ်ခုခုဖြစ်နေမယ်ဆိုရင် တရားပဲအားထုတ်ထုတ် စာပဲသင်သင် အဆင်မပြေ ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် ကိုယ့်မှာ အနာရောဂါတစ်ခုခုရှိနေမယ်ဆိုရင် ရောဂါကို

www.burmeseclassic.com

www.burmeseclassic.com



အရင်ကုလိုက်ပါဦးတဲ့။ ရောဂါပျောက်မှ ရိပ်သာဝင်ပါတဲ့။ ရိပ်သာလာတော့မယ်ဆိုရင်လဲ စားစရာဆေးကို စားခဲ့ပါ။ ဆောင်စရာဆေးကို ဆောင်ခဲ့ပါ။ တရားရခြင်းအင်္ဂါ(၅)ပါးထဲမှာ ကျန်းမာခြင်းကလည်း တစ်ခုပါတယ် မဟုတ်လား။ "ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင်တရားရကြောင်းတည်း" တဲ့။

တကယ်လို့ကိုယ့်ရောဂါကဆေးကုလို့လဲ မပျောက်တော့ဘူး။ သေဖို့လဲ ကျိန်းသေနေပြီ။ ကိုယ့်ကိုယ်ကိုလဲ သိနေပြီဆိုရင်တော့ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ဘယ်လိုလမ်းညွှန်ထားသလဲဆိုတော့ . . .

နာဟံဒါသော ဘတောတုယှံ၊
နာဟံ ပေါသေမိဒါနိတံ။
တွမေဝပေါသေန္တောဒုက္ခံ၊
ဝဋ္ဋေပတ္တော အနပ္ပကံ။

"ခန္ဓာကိုယ်ကြီး . . ငါဟာသင့်ရဲ့ ကျွန်လည်း မဟုတ်ဘူး။ အခစားအလုပ်သမားလည်း မဟုတ်ဘူး။ သင့်ကို လုပ်ကျွေးခဲ့ရလို့ သံသရာဝဋ်၌ ဆင်းရဲခြင်းသို့ ရောက်ခဲ့ရလေပြီ" လို့ ခန္ဓာကိုယ်ကြီးကိုကဲ့ရဲ့ပြီး ဝိပဿနာတရားကိုပဲ ကြိုးစားအားထုတ်ပါတော့တဲ့။

တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးကို



အားလုံးသိကြမှာပါ။ ဆရာတော်ဘုရားကြီးက သူ့ရဲ့ရောဂါအခြေအနေဆေးကုလို့ မပျောက်နိုင်တော့ဘူးဆိုတာသိတာနဲ့ ဆေးကုသမှုအားလုံးကို ရပ်ဆိုင်းလိုက်ပါတယ်တဲ့။ စောစောက ပြောခဲ့တဲ့ ဂါထာလေးကိုရွတ်ပြီး တရားကိုပဲရှုမှတ်ရင်း ပျံလွန်တော်မူသွားပါတယ်တဲ့။ ဒါ ဝိသုဒ္ဓိမဂ်ကျမ်းက ညွှန်ကြားတဲ့ အတိုင်းပြုသွားတာပဲ။ ဒါနည်းယူ အတုခိုးစရာပါ။ ဘာဖြစ်လို့လဲဆိုတော့ တရားဟောသူရော တရားနာယူသူတွေရော သေခြင်းတရားနဲ့တစ်နေ့ကျရင် ဧကန်ရင်ဆိုင်ကြရမှာမို့ပါ။

တရားအားထုတ်ရာ၊ ရောဂါမှာ
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက် နံပါတ်(၉)က ဂန္ထပလိဗောဓ။ ဂန္ထဆိုတာကျမ်းစာတဲ့၊ စာပေပရိယတ္တိကိုပဲ အမြဲသရဇ္ဈာယ်နေတဲ့ ရဟန်းတစ်ပါးဟာ ကိုယ်သရဇ္ဈာယ်နေကျစာကိုပဲ အာရုံရောက်နေရင် တရားအားထုတ်တဲ့နေရာမှာ အခက်အခဲရှိနိုင်ပါတယ်တဲ့။ ဒီနေရာမှာ အထူးသတိထားရမှာက ပရိယတ္တိကို ပစ်ပယ်ရမှာမဟုတ်ဘူးနော်။ ဒါကိုတော့ အထူးသတိထားပါ။ သဘောပေါက်မလွဲပါနဲ့။

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ မဇ္ဈိမနိကာယ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တဲ့ ရဟန်းတစ်ပါးက ကမ္မဋ္ဌာန်းဆရာတစ်ပါးဆီ သွားပြီး ကမ္မဋ္ဌာန်းတောင်းပါတယ်။ ဒီတော့ ကမ္မဋ္ဌာန်းဆရာက "ငါ့ရှင် ပရိယတ္တိနဲ့ပတ်သက်လို့ ဘာတွေများ ဆောင်ရွက်နေသလဲ"လို့ မေးတော့ "တပည့်တော် မဇ္ဈိမနိကာယ်ကို အာဂုံဆောင်နေပါတယ်ဘုရား"လို့ ပြန်လျှောက်တယ်။ ဒီတော့ ကမ္မဋ္ဌာန်းဆရာက "ငါ့ရှင် သင့်မှာ အာဂုံဆောင်မှုကိုသာ စိတ်ရောက်နေတဲ့အတွက် ကမ္မဋ္ဌာန်းကို ဘယ်လိုလုပ်နှလုံးသွင်းနိုင်မလဲ"လို့ ပြန်မေးပါတယ်။ မဇ္ဈိမနိကာယ်ဆောင်တဲ့ရဟန်းက ချက်ချင်းဆိုသလိုပဲ "တပည့်တော် အရှင်ဘုရားဆီက ကမ္မဋ္ဌာန်း အားထုတ်နည်းရပြီးတာနဲ့ ပရိယတ္တိကို နောက်တစ်ဖန် ပြန်မကြည့်တော့ပါဘုရား"လို့ ပြန်လျှောက်လိုက်ပါတယ်။ ဒီလိုနဲ့ ကမ္မဋ္ဌာန်းနည်းကိုယူပြီး (၁၉)နှစ်လုံးလုံး ရွတ်ဖတ်သရဇ္ဈာယ်မှုကိုမပြုတော့ဘဲ တရားအားထုတ်လိုက်တာ အနှစ် (၂၀) မြောက်မှာ ရဟန္တာဖြစ်သွားတယ်တဲ့။

ဆိုလိုတာက တရားအားထုတ်တော့မယ်ဆိုရင် တရားကလွဲလို့ ကျန်တာအားလုံးကို ဖြတ်ထားရမယ်တဲ့။ ယောဂီတို့ အနေနဲ့ဆိုရင်လဲ ကိုယ်လေ့လာဆည်းပူးနေတဲ့ လောကီစာပေ၊ လောကုတ္တရာစာပေ၊ ဘာသာစကားတွေ ၊ ရွတ်ဖတ်နေကျ ပဋ္ဌာန်း ဓမ္မစကြာ ပရိတ်ကြီးစသည်တွေကို ခေတ္တမေ့ထားလိုက်ပါ။ တစ်နည်းအားဖြင့်ပြောရင် ခေတ္တ



ဖြတ်ထားလိုက်ပါ။

တရားအားထုတ်ရာ၊ ကျမ်းစာမှာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

နောက်နံပါတ်(၁၀)က တန်ခိုးပလိဗောဓ၊ ရဟန်းတစ်ပါးအနေနဲ့ ကိုယ်ရထားတဲ့ဈာန်အစရှိတဲ့ တန်ခိုးတွေကို အာရုံပြုနေမယ်ဆိုရင် ဝိပဿနာအတွက် အနှောင့်အယှက်ဖြစ်နေတတ်ပါတယ်တဲ့။

လူပုဂ္ဂိုလ်တွေမှာလည်း တန်ခိုးအသီးသီး ရှိကြပါတယ်။ စာသင်ကျွမ်းကျင်တာ၊ အဆောက်အဦဆောက်တာကျွမ်းကျင်တာ၊ ဘာသာစကားကျွမ်းကျင်တာ၊ အရောင်းအဝယ် ကျွမ်းကျင်တာ၊ ကိုယ်ရထားတဲ့ရာထူးအာဏာကို အခြေခံပြီး လူပုဂ္ဂိုလ်အပေါင်းအပေါ် ဩဇာသြောင်းတာ။ ဒါတွေဟာလူတွေရဲ့ တန်ခိုးသတ္တိတွေပါပဲ။ ငါ့ကငါ့ကုမ္ပဏီမှာ ဥက္ကဋ္ဌ၊ ငါကအတွင်းရေးမှူး၊ ငါ့ဌာနမှာငါက ဘယ်လိုအစွမ်းအစရှိတာ၊ ဘယ်လိုဩဇာသြောင်းတာ စသည်ဖြင့်ပေါ့။ ကိုယ်ရထားတဲ့ ရာထူးအာဏာကို အာရုံညွတ်နေတာ။

တရားအားထုတ်တော့မယ်ဆိုရင် အဲဒီတန်ခိုးသတ္တိ၊ ရာထူးအာဏာဩဇာတွေကို ခေတ္တဖြတ်တောက်ခဲ့ပါ။ မဖြတ်တောက်ဘဲ ကိုယ့်ရဲ့တန်ခိုးသတ္တိလေးတွေကိုပဲ အာရုံ

www.burmeseclassic.com

www.burmeseclassic.com



ညွှတ်နေမယ်ဆိုရင် တရားအားထုတ်မှုမှာ အနှောင့်အယှက် ဖြစ်နေပါလိမ့်မယ်။

တရားအားထုတ်ရာ၊ တန်ခိုးမှာ၊
မှန်စွာပလိဗောဓ။
ရိပ်သာမဝင်ခင်၊ သတိယှဉ်၊
ကြိုတင်ဖြတ်ခဲ့ပါ။

ဒါလောက်ဆို ပလိဗောဓ (၁၀) ပါးနဲ့ ပတ်သက်လို့ အသင့်အတင့် ပြည့်စုံလောက်ပါပြီ။ လင်္ကာလေးဆိုပြီး တရားသိမ်းကြရအောင်ပါ။

အိမ်ယာမိတ်ဆွေ၊ လာဘ်ထွေထွေ၊
မသွေဂိုဏ်းဖွဲ့စည်း
ကိစ္စပြုဖွယ်၊ ခရီးသွယ်၊
ငြိတွယ်မိသားစု။
အနာရောဂ၊ ကျမ်းဂန္ထ၊
စွမ်းစတန်ခိုးများ။
ပလိဗောဓ၊ နှောင့်ယှက်ကြ၊
ဖြတ်ရဤဆယ်ပါး။

(၁၃၆၃–ခုနှစ်၊ တန်ခူးလဆန်း(၃)ရက်၊ ၂၀၀၂ခုနှစ် ဧပြီ (၁၅)ရက်(တနင်္လာနေ့)၊ ညောင်လေးပင်မြို့ ဝိဝေက



တောရ သဒ္ဓမ္မရံသီရိပ်သာ(၁၀)ရက်တရားစခန်း၌ ဟောကြားခဲ့သောတရားတော်ကို ပြန်လည်မှတ်မံရေးသားပါသည်)

"စာဖတ်ပရိသတ်အားလုံးငြိမ်းချမ်းတဲ့ဘဝတစ်ခုကို
ကိုယ်စီတည်ဆောက်နိုင်ကြပါစေ"

ရဝေနွယ် (အင်းမ)
ဖုန်း ၀၁–၆၆၁၅၉၇

www.burmeseclassic.com

www.burmeseclassic.com



မန္တရဝေ မန္တစာပေပြန့်ပွားရေးထာဝရပဒေသာပင်

## မန္တဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁,၄၀၀,၀၀၀ |
| ၂။ | ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး<br>(တက်လမ်းဆောက်လုပ်ရေး) | ၁,၀၆၀,၀၀၀ |
| ၃။ | ကိုစိုးနိုင် + မစိမ့်ဟန်နီ<br>(ဓီဝဓိုးပွဲရုံနှင့် စိမ့်ရတနာဆိုင်) | ၆၄၀,၀၀၀ |
| ၄။ | ဦးခင်မောင်အေး + ဒေါ်ခင်စောမူ<br>(ပရင့်ဆက်ဟိုတယ်) | ၅၀၀,၀၀၀ |
| ၅။ | ဦးစိုးကြီး(ကွမ်းယာ)+ဒေါ်ညွန့်ရီ(မြိတ်မြို့) | ၅၀၀,၀၀၀ |
| ၆။ | ဦးအောင်ဇော် + ဒေါ်နန်းကျော့<br>(ဩစတြေးလျ) | ၄၅၀,၀၀၀ |
| ၇။ | ဦးအောင်မြင့် + ဒေါ်သုခ<br>(အောင်သုခမြန်မာထမင်းဆိုင်) | ၄၀၀,၀၀၀ |
| ၈။ | Dr. အောင်နိုင် + Dr. ဖြူဖြူဝင်း | ၄၀၀,၀၀၀ |
| ၉။ | ဦးမောင်မောင်စိုး + ဒေါ်မဋ္ဌူ<br>သား ခန့်ကြွယ်စိုး၊ သမီး စုလဲ့ဖြူ | ၄၀၀,၀၀၀ |
| ၁၀။ | ကိုအေးထွန်း+မချောစု၊သမီးထွန်းအိန္ဒြာစုံ<br>(ခ)ဂုံဂုံ၊ သားဟိန်းမြတ်ထွန်း(ခ)ကောင်းချစ်၊(ဖျာပုံ) | ၃၅၀,၀၀၀ |
| ၁၁။ | ဘိုကလေးမြို့တရားနာအလှူရှင်များ | ၃၅၀,၀၀၀ |
| ၁၂။ | ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း<br>(စိန်မျှားဆေးပေါ့လိပ်) | ၃၅၀,၀၀၀ |
| ၁၃။ | Dr. ထူးမောင်အုန်း+ဒေါ်ခင်မေအုံကြီး<br>(U . S . A) | ၃၀၀,၀၀၀ |



| | | |
|---|---|---|
| ၁၄။ | ကိုအောင်ထွန်းသိန်း + မလွင်မာအောင်<br>သား မင်းသန့်ကျော်<br>(အောင်သပြေဆေးဆိုင်၊ ဈေးချို၊ မန္တလေး) | ၃၀၀,၀၀၀ |
| ၁၅။ | ဖခင် ဦးမောင်မောင်အား အမှူးထား၍<br>ဦးသန့်ဇင်ဦး + ဒေါ်လဲ့လဲ့ | ၂၅၀,၀၀၀ |
| ၁၆။ | ဦးဝင်းမြင့် + ဒေါ်ခင်သန်းလှ | ၂၅၀,၀၀၀ |
| ၁၇။ | ဗိုလ်မှူးကြီးမင်းလှအောင် + ဒေါ်ကြူကြူမာ | ၂၅၀,၀၀၀ |
| ၁၈။ | ဦးညွန့်ဝင်း + ဒေါ်ခင်နီလာမြင့်<br>သားမောင်ရဲခေါင်ဦး၊သမီးမတာရာမြတ်မိုရ်<br>(စာပေလောက-၆) | ၂၁၀,၀၀၀ |
| ၁၉။ | ကိုချိုတူး + မပုံ့ပုံ့(မန္တလေး) | ၂၀၀,၀၀၀ |
| ၂၀။ | ကိုမျိုးထက်ညွန့် + မကြည်ကြည်စန်း၊<br>သားမျိုးဆက်ပိုင်၊ ဇော်မျိုးဆက် (ဖျာပုံ) | ၂၀၀,၀၀၀ |
| ၂၁။ | ဦးအောင်ကိုကို + ဒေါ်ခင်ခင်ဦး<br>သမီးမမျိုးမြတ်လင်း (ဘိုကလေး) | ၂၀၀,၀၀၀ |
| ၂၂။ | ဦးကျော်စိုး+ဒေါ်မီမီခိုင် (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၃။ | ဗိုလ်ကြီးကျော်ရဲထွန်း+ဒေါ်ခိုင်ခိုင်ဝါ<br>မင်္ဂလာဦးအလှူ (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၄။ | ဦးရဲမြင့်ဆွေ + ဒေါ်တင်တင်ဝင်းမိသားစု | ၁၇၅,၀၀၀ |
| ၂၅။ | လွှန်းထားထား (ဆေးတက္ကသိုလ်) | ၁၅၁,၀၀၀ |
| ၂၆။ | ဒေါ်တင်ရီ(ပေါင်းတည်) | ၁၅၀,၀၀၀ |
| ၂၇။ | (ဦးဟုတ်ယုံ)+ဒေါ်ကျင်လှ<br>သား(Capt:)ကိုမွှေးမြင့် | ၁၅၀,၀၀၀ |
| ၂၈။ | မယဉ်မျိုးမျိုးအေး (Costume Designer) | ၁၅၀,၀၀၀ |
| ၂၉။ | စာအုပ်ချုပ် ဦးမြင့် + ဒေါ်လှလှအေး | ၁၅၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၃၀။ | ဦးလေးမောင်အားရည်စူး၍ဇနီးဒေါ်ယဉ်မြင့် | ၁၄၀,၀၀၀ |
| ၃၁။ | ဒေါ်ကြွေကြွေ+ဒေါ်အေးအေးမြင့်+ ဒေါ်စိမ်းစိမ်းရည် (မန္တလေး) | ၁၃၀,၀၀၀ |
| ၃၂။ | ကွယ်လွန်သူ ဒေါ်သန်းသန်း (စကၤာပူ) | ၁၃၀,၀၀၀ |
| ၃၃။ | ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးသူရ (B.I.A + B.P.F) နှင့် မိခင်ကြီးဒေါ်ခင်ရီ၊ သားကြီး မောင်သူရိန်တို့အား ရည်စူး၍ ဦးကိုကိုကြီး + ဒေါ်မေသန်းမြင့် | ၁၂၀,၀၀၀ |
| ၃၄။ | ဒေါက်တာစောဝင်းအေး၊ မမိုးစပါယ်အေး (ခေတ္တ U.S.A) (၃.၁.၀၄) | ၁၁၀,၀၀၀ |
| ၃၅။ | ဦးဝင်းသန်းသောင်း + ဒေါ်တင်တင်ရွှေ သားရန်မျိုးအောင်၊ သမီးထက်သဇ္ဇာအောင် | ၁၁၀,၀၀၀ |
| ၃၆။ | ဦးသိန်းအေး + ဒေါ်လှဲ့လှဲ့၊ သမီးယမင်းထက် | ၁၀၀,၀၀၀ |
| ၃၇။ | မဝင်းပပချယ်ရီထွေး(ခေတ္တ–Japan) | ၁၀၀,၀၀၀ |
| ၃၈။ | ဦးအောင်သန်းဝင်း(ခေါ်)မိုးကြီး+ဒေါ်နီနီမာ | ၁၀၀,၀၀၀ |
| ၃၉။ | ဦးကျော်ခ + ဒေါ်စုး (တောင်ငူ) | ၁၀၀,၀၀၀ |
| ၄၀။ | ဦးဇော်မောင်အုံးနှင့် (တူ)ထွန်းဝင်းလှ | ၁၀၀,၀၀၀ |
| ၄၁။ | ဒုဗိုလ်မှူးကြီးဇင်ဝေသိမ်း+ဒေါ်ခင်ခင်ဝင်း | ၁၀၀,၀၀၀ |
| ၄၂။ | ဗိုလ်မှူးဟန်တင် + ဒေါ်စန်းစန်းလေး သမီးဒေါက်တာနွယ်နီဟန်တင် | ၁၀၀,၀၀၀ |
| ၄၃။ | ဦးထွန်းအောင် + ဒေါ်ခင်ရီ | ၁၀၀,၀၀၀ |
| ၄၄။ | ဦးစိန်ဝင်း+ဒေါ်ဖြူဖြူအေး၊ သားကုဋေအောင် ကုဋေအောင်ဟိုတယ် ( ပုဂံ ) | ၁၀၀,၀၀၀ |
| ၄၅။ | ပိုင်ဇေရဲထွန်း + သဲသဲ | ၁၀၀,၀၀၀ |
| ၄၆။ | ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းမိသားစု | ၁၀၀,၀၀၀ |



| | | |
|---|---|---|
| ၄၇။ | ဦးတင်ဝင်းသျှင်+အကယ်ဒမီဒေါ်ခင်လေးသိမ့် သမီးကြည်ဖြူသျှင် – နုရွှေရည် | ၁၀၀,၀၀၀ |
| ၄၈။ | ဦးဝင်းခင်+ဒေါ်မြင့်မြင့်ကြည်၊ သား သရုပ်ဆောင်ကျော်ရှိန်း၊ ဗိုလ်ကြီးမျိုးဇော်ဝင်း၊ သမီးသဇ္ဇာဝင်းခင်၊ သရုပ်ဆောင်ပပဝင်းခင် | ၁၀၀,၀၀၀ |
| ၄၉။ | ဦးသက်လွင် + ဒေါ်ကြည်ကြည်ဝင်း၊ မြသီရိ မိသားစု | ၁၀၀,၀၀၀ |
| ၅၀။ | ဦးစိုးစိုး+ဒေါ်သီဂီဝင်း၊ သားမောင်ဇော်ထွန်း သမီး မစန္ဒီထွန်း | ၁၀၀,၀၀၀ |
| ၅၁။ | ဦးဝိုင်စိန် + ဒေါ်ထွေးသိန်း မိသားစု (ကျောက်တံခါးမြို့) | ၁၀၀,၀၀၀ |
| ၅၂။ | ဗိုလ်မှူးကြီးမောင်အုံး(ငြိမ်း)+ဒေါ်ခင်စိုး | ၁၀၀,၀၀၀ |
| ၅၃။ | ဦးကျော်ခင် + ဒေါ်မွှေးမွှေးမိသားစု ( Decoland Co.Ltd ) | ၁၀၀,၀၀၀ |
| ၅၄။ | ဦးစိုးနိုင် + ဒေါ်သီသီအောင် သားမောင်ဘုန်းနိုင်မိသားစု | ၁၀၀,၀၀၀ |
| ၅၅။ | Diary Queen မိသားစု | ၁၀၀,၀၀၀ |
| ၅၆။ | မောင်ကျော်ကျော်စိုး + မညိုညိုလွင် | ၁၀၀,၀၀၀ |
| ၅၇။ | ဒေါ်မွှေးမွှေးကြည်၊ သားမောင်ကောင်းကျော် (U.S.A) | ၁၀၀,၀၀၀ |
| ၅၈။ | ဦးဟုန် + ဒေါ်သန်းလှ သမီးဒေါ်ခင်ခင်ဦး၊ သားမျိုးဇော်ဦး | ၁၀၀,၀၀၀ |
| ၅၉။ | ဒေါက်တာနွယ်နွယ်ဦး ( U.K ) | ၁၀၀,၀၀၀ |
| ၆၀။ | ဒေါက်တာကျော်ကျော်မိုး + မခင်မိုးဆမ်း | ၁၀၀,၀၀၀ |
| ၆၁။ | ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း)+ | ၁၀၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ဒေါ်ခင်ခင်ခ | |
| ၆၂။ | ဦးမြင့်စိုး+ဒေါ်မူမူစိုး၊ သမီးနေခြည်မြင့်စိုး၊ သော်တာမြင့်စိုး | ၁၀၀,၀၀၀ |
| ၆၃။ | ဦးဟန်တင်+ဒေါ်ကြည်စိန်၊ သမီးခင်ခင်စိုး၊ ဈေးအနောက်-ပွဲစားတန်း၊ (မိတ္ထီလာ) | ၁၀၀,၀၀၀ |
| ၆၄။ | ဦးစိုး+ဒေါ်ခင်မေမိသားစု (အောင်စိုးမိုးဆန်စက်) ဝေါမြို့ | ၁၀၀,၀၀၀ |
| ၆၅။ | မိခင်ကြီးDr.ဒေါ်လှကြည်အားရည်စူး၍ ဦးထွန်းထွန်း၊ ဒေါ်ချိုချိုစန်း၊ သက်လင်းထွန်း၊ ဇင်နွယ်ထွန်း | ၁၀၀,၀၀၀ |
| ၆၆။ | ကိုစိုးလွင် + မမိုးမိုးစိုး၊ သားစည်သူဝင်းထွန်း (ဝေါ) | ၁၀၀,၀၀၀ |
| ၆၇။ | ဒေါ်အေးအေးဝင်း | ၁၀၀,၀၀၀ |
| ၆၈။ | မကေသီ (Yangon Air Way) | ၁၀၀,၀၀၀ |
| ၆၉။ | ကိုအောင်ကျော်ဆင့်+မနှင်းဝေရည် (မြကြာငုံစာပေ) | ၁၀၀,၀၀၀ |
| ၇၀။ | ဦးသောင်းလှ+ဒေါ်တင်ရွှေ၊ သမီးမမို့မို့(ဖျာပုံ) | ၉၀,၀၀၀ |
| ၇၁။ | ဒေါ်ခင်စောတင့် | ၈၀,၀၀၀ |
| ၇၂။ | ကိုသန့်ဇော် + မနုနုအောင်(ဖျာပုံ) | ၇၀,၀၀၀ |
| ၇၃။ | ကိုခင်ဇော် + မမိုးသူ၊ သား ဟန်သုတ(လက်ပန်ကျေးရွာ) | ၇၀,၀၀၀ |
| ၇၄။ | ကိုတိုးလွင်+ မကေသီခိုင် သားလွင်ကိုဦး | ၇၀,၀၀၀ |
| ၇၅။ | ဦးစံမင်း + ဒေါ်မာလာဝင်း (NEW DAY – ကာလာခွဲ) | ၇၀,၀၀၀ |
| ၇၆။ | ဒုရဲအုပ်အောင်သိန်း နှင့် ဦးတင်ထွန်းအောင် အောင်သက် | ၇၀,၀၀၀ |
| ၇၇။ | ဒေါက်တာနေမျိုးအောင်+မခင်စိုးစိုးသင်း | ၆၃,၀၀၀ |
| ၇၈။ | ကိုကျော်သူ + မရွှေစီးကွက် | ၆၀,၀၀၀ |
| ၇၉။ | ဦးမောင်မောင်လွင်+ဒေါ်မြမြသိန်း(ခ) မမော်မော်၊ သားမောင်ကျော်ဇင်ဟိန်း | ၅၅,၀၀၀ |
| ၈၀။ | ဖခင်ဦးလေးမောင်အားရည်စူး၍ မအေးစံပယ်၊ မယုဇန (ရန်ကင်း) | ၅၅,၀၀၀ |
| ၈၁။ | ဒေါက်တာကျော်သိန်း+ဒေါ်နန်းဥမ္မာရီ၊ သမီး နန်းရတနာသိန်း | ၅၀,၀၀၀ |
| ၈၂။ | မဌေးဌေးမွန်၊မခိုင်ခိုင်စိုး(ညောင်လေးပင်) | ၅၀,၀၀၀ |
| ၈၃။ | ပဲနွယ်ကုန်းဆရာတော် | ၅၀,၀၀၀ |
| ၈၄။ | ဦးသိန်းထိုက်ဦး + ဒေါ်မျိုးမျိုးမင်း သမီး ဖေဇင်ဦး(မဃလုလင်သက်န်းတိုက်) | ၅၀,၀၀၀ |
| ၈၅။ | (ဦးအောင်သန်း) + ဒေါ်တင်ရီ (ဖျာပုံ) | ၅၀,၀၀၀ |
| ၈၆။ | ဦးအောင်ကြည် + ဒေါ်ခင်ပြုံး (ဖျာပုံ) | ၅၀,၀၀၀ |
| ၈၇။ | ဒေါ်ခင်ဇင်သိန်း | ၅၀,၀၀၀ |
| ၈၈။ | ဦးရဲထွန်း + ဒေါ်သဂီဇင် | ၅၀,၀၀၀ |
| ၈၉။ | ဦးဝင်းနိုင် + ဒေါ်ချိုချို သမီး သီရိရွှေစင် | ၅၀,၀၀၀ |
| ၉၀။ | ဦးကျင်တိတ် + ဒေါ်ကျင်မွမ် (မန္တလေး) | ၅၀,၀၀၀ |
| ၉၁။ | ဦးခင်အောင် + ဒေါ်ကြည်ကြည်သက် | ၅၀,၀၀၀ |
| ၉၂။ | ဒေါ်ခင်မေဦး၊ ဒေါ်မြင့်သန်း | ၅၀,၀၀၀ |
| ၉၃။ | ကိုထွန်းထွန်းလင်း | ၅၀,၀၀၀ |
| ၉၄။ | မမြမြအေး (ဈေးချို၊ မန္တလေး) | ၅၀,၀၀၀ |
| ၉၅။ | ဦးလွင်သိန်း + ဒေါ်တင်အေး၊ | ၅၀,၀၀၀ |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | သမီး အိအိအေး၊ သား မောင်ပိုင်စိုး၊ | |
| | နေလစာပေ | |
| ၉၆။ | မရတနာဖြိုး Golden Princess Fashion | ၅၀,၀၀၀ |
| | Yuzana Plaza | |
| ၉၇။ | ဦးသန်းစိန် + ဒေါ်ခင်ဝင်းမြင့် မိသားစု | ၅၀,၀၀၀ |
| ၉၈။ | ကိုထွန်း + ငြိမ်းငြိမ်း၊ သား – သားထူး | ၅၀,၀၀၀ |
| | ပရင့်ဆက်ဟိုတယ် | |
| ၉၉။ | ဦးထွန်းသိန်းအား ရည်စူး၍ ဒေါ်သဲရွှေ | ၅၀,၀၀၀ |
| ၁၀၀။ | ကိုနိုင်အေး+မငွေဇာဖူး၊ သားမောင်သုတဇော် | ၅၀,၀၀၀ |
| | မောင်စွမ်းပြည့်နိုင်မိသားစု | |
| ၁၀၁။ | ကိုအောင်အောင်+မသန္တာလွင်၊ | ၅၀,၀၀၀ |
| | သားကျော်ဒေးယျ (မန္တလေး) | |
| ၁၀၂။ | ဗိုလ်မှူးဝဏ္ဏ+မနွယ်နွယ်ဝင်း၊ | ၅၀,၀၀၀ |
| | သမီးသင်းဝဏ္ဏနွယ်၊ နှင်းဝဏ္ဏနွယ်မိသားစု | |
| ၁၀၃။ | ဦးမျိုးချစ်+ဒေါက်တာညိုညိုဝင်း၊ | ၅၀,၀၀၀ |
| | သားပြည်သိမ်းနိုင်မိသားစု | |
| ၁၀၄။ | ဒေါ်သောဘီ+ဒေါ်ရွှေနီ(အရိုးအထူးကုဆေးရုံကြီး) | ၅၀,၀၀၀ |
| ၁၀၅။ | ဓမ္မဗျူဟာ–ဒေါ်ခင်လှတင် | ၅၀,၀၀၀ |
| | ဒေါ်ညိုညိုလွင် (ဓမ္မဗျူဟာမိသားစု) | |
| ၁၀၆။ | ဦးစံညိမ်း+ဒေါ်ခင်သက်တင်၊ သားသမီးမြေး | ၅၀,၀၀၀ |
| | မောင်စစ်သွေးအောင်မိသားစုကောင်းမှု | |
| ၁၀၇။ | ဒေါက်တာစိုးမိုးသက်+မကြည်ကြည်သင်း | ၅၀,၀၀၀ |
| ၁၀၈။ | ဒေါက်တာအောင်ချို + ဒေါ်သီတာဦး၊ | ၅၀,၀၀၀ |
| | သမီး မနိုင်စံရီ မိသားစု | |
| ၁၀၉။ | ဖခင်ဦးလေးမောင်အားရည်စူး၍ | ၅၀,၀၀၀ |



| | | |
|---|---|---|
| | ကိုကျော်ကျော်မိုး + မမူမူမြင့် (မန္တလေး) | |
| | သမီး စိမ်းလဲ့မိုး၊ အေးချစ်စု | |
| ၁၁၀။ | ဦးညဏ်စိုး+ဒေါ်တင်မမ၊ | ၅၀,၀၀၀ |
| | သား မောင်တင်ကျော်စိုး | |
| ၁၁၁။ | ဦးကျော့ရှင်း + ဒေါ်ခင်ခင်စော | ၅၀,၀၀၀ |
| ၁၁၂။ | ဦးကျော်အေး + ဒေါ်ခေးခေး(ဖျာပုံ) | ၄၅,၀၀၀ |
| ၁၁၃။ | မြန်မာ့တံခွန် ဆန်စပါးရောင်းဝယ်ရေး(ဖျာပုံ) | ၄၀,၀၀၀ |
| ၁၁၄။ | ဒေါ်နှင်းကြည်၊ မြေးသက်မွန်အေး | ၄၀,၀၀၀ |
| ၁၁၅။ | ဒေါက်တာစိုးလွင်+ဒေါ်လှလှချော | ၄၀,၀၀၀ |
| ၁၁၆။ | ဦးရောင်ဟိုး+ဒေါ်ကြူ(သမီး)မမိုးမိုး၊မရွှေဝါ | ၄၀,၀၀၀ |
| ၁၁၇။ | ကိုခိုင်ဝင်း + မခင်အေးမွန် | ၄၀,၀၀၀ |
| ၁၁၈။ | ဗိုလ်ကြီးထွန်းလင်း(ငြိမ်း) + ဒေါ်စန္ဒာထင်ကျော် | ၃၆,၀၀၀ |
| ၁၁၉။ | မစိုးစိုးအေး (စိုးစိုး – အပ်ချုပ်ဆိုင်) | ၃၆,၀၀၀ |
| ၁၂၀။ | ဦးသန်းမြင့် + ဒေါ်ခင်ကြွေ၊ | ၃၆,၀၀၀ |
| | (သမီး) မနုနုလှိုင်၊ မဝါဝါလှိုင်(အင်းမ) | |
| ၁၂၁။ | အဖွားခင်နှင့် မြေး မွန်မွန် | ၃၅,၀၀၀ |
| ၁၂၂။ | ဗိုလ်မှူးခင်ဇော်မိုး + မယဉ်မင်းသိမ့် | ၃၃,၀၀၀ |
| ၁၂၃။ | ဒု–ဗိုလ်မှူးကြီးကျော်မြင့်+ဒေါ်ချိုချိုအေး | ၃၂,၀၀၀ |
| ၁၂၄။ | မိုမို (ဆေးတက္ကသိုလ်) | ၃၀,၀၀၀ |
| ၁၂၅။ | ဒေါ်ဝင်းမြင့်၊ သား မောင်ဟန်ဝင်း | ၃၀,၀၀၀ |
| ၁၂၆။ | ဦးကျော်ဇောလှ + ဒေါ်ချယ်ရီကြွယ် | ၃၀,၀၀၀ |
| ၁၂၇။ | Dr. ဦးမြအောင်+Dr. ဒေါ်ခင်အေးသီ | ၃၀,၀၀၀ |
| ၁၂၈။ | ဦးယောသက(သုခပဋိပဒါ သဒ္ဓမ္မရံသီ) | ၃၀,၀၀၀ |
| ၁၂၉။ | ဦးအေး+ဒေါ်တင်ကြည်(သမီး)၊ ဒေါ်မြမြအေး | ၃၀,၀၀၀ |
| ၁၃၀။ | မခင်ဖြူဖြူစိုး (ဝေါ) | ၃၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၃၁။ | မယင်းမာမြင့်သိန်း | ၃၀,၀၀၀ |
| ၁၃၂။ | ကိုမျိုးမြင့်အောင် + မဂန္ဓမာ သမီးရူပါမျိုးမြင့် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၃။ | ဦးသိန်းအောင် + ဒေါ်ဝင်းစိန် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၄။ | ကိုဝင်းတင့်နိုင်နှင့် ကိုသူရိန်ဝင်းကျော် +မရွှေစင်ဝင်း | ၃၀,၀၀၀ |
| ၁၃၅။ | မရတနာဖြိုး + မအိအိဝင်း Golden Princess Fashion | ၃၀,၀၀၀ |
| ၁၃၆။ | ဦးသန်းလှိုင် + ဒေါ်မေရီရှိန် | ၃၀,၀၀၀ |
| ၁၃၇။ | ဗိုလ်မှူးကြီးတင်ဦး + ဒေါ်ခင်မေသန်း | ၃၀,၀၀၀ |
| ၁၃၈။ | ဒေါ်မြင့်မြင့် (ဘားအံ) | ၃၀,၀၀၀ |
| ၁၃၉။ | (ဦးကျင့်ဟော်)+ဒေါ်ကျင်မြင့် [ရွှေဟသ်ာ၊ လွှက်ခြောက်မိသားစု] (သထုံမြို့) | ၃၀,၀၀၀ |
| ၁၄၀။ | ဦးအောင်ထွန်း+ဒေါ်မြင့်မြင့်အေး (တောင်ကြီးမြို့) | ၃၀,၀၀၀ |
| ၁၄၁။ | ဦးလှမြင့်+(ဒေါ်ခင်ယုံ)မိသားစု | ၃၀,၀၀၀ |
| ၁၄၂။ | မွန်အရှင်ကရုဏာရတန (ဘီလူးကျွန်း) | ၃၀,၀၀၀ |
| ၁၄၃။ | ဦးမောင်မြ + ဒေါ်မြမြဟန် | ၃၀,၀၀၀ |
| ၁၄၄။ | ဦးသိန်းထွန်း+ဒေါ်ရီရီ၊ မလင်းလင်းခိုင်၊ | ၃၀,၀၀၀ |
| ၁၄၅။ | စိုင်းဆိုင်ဝမ်း+မထားထားဖြူ (တောင်ကြီး) | ၃၀,၀၀၀ |
| ၁၄၆။ | ဒေါက်တာမိမိကြွယ်(ကြွယ်ကြွယ်အထည်ဆိုင်) (တောင်ကြီး) | ၃၀,၀၀၀ |
| ၁၄၇။ | ကိုကျော်ဝင်း+မနန်းဝင်း၊ သမီးခန့်ခန့်ဂျူး၊ အိင့်ခင် (မိတ္ထီလာ) | ၃၀,၀၀၀ |
| ၁၄၈။ | ဒေါ်စန်းရီ (သဒ္ဓမ္မရံသီရိပ်သာ) | ၃၀,၀၀၀ |

www.burmeseclassic.com